# အခန်း(၇၄၇) - လူသတ်သမား ပေါ်လာပြီ

အဆောက်အဦးထဲသို့ လူတိုင်း ဝင်သွားသည်ကို ကြည့်ပြီးနောက် ဖိန်ယွမ်က ဆေးပြင်းလိပ်ကြီး ခဲပြီး အဆောက်အဦးရှေ့မှ ခါတ်လှေကားထံ ဖြည်းဖြည်းချင်း လမ်းလျှောက်သွားကာ အင်္ကျီကို ပြန့်အောင်လုပ်ပြီး ထိုင်ချလိုက်သည်။ ထို့နောက် ဆေးပြင်းလိပ်ကို အကြိမ်ပေါင်းများစွာ ဖွာပြီးနောက် သူ့ဘေးမှ ကုတ်အင်္ကျီ ဝတ်ထားသော လျှန်လောင်ကို လှမ်းကြည့်လိုက်သည်။

"ဒီအမှုပြီးသွားရင် မင်းကို အဖွဲ့ခွဲ (၂)ဆီ ပြောင်းရွှေ့ပေးဖို့ လျှောက်ထားလို့ရတယ်။ ဒီကိစ္စနဲ့

ပတ်သက်ပြီး ခေါင်းဆောင်ကို အကြောင်း ကြားလိုက်မယ်။ ထောက်ခံချက်ကတော့ ပြဿနာ မရှိနိုင်ဘူးလို့ ငါ ထင်တယ်”

“အစ်ကို၊ ငါတို့တွေ ဒီအမှုကို ကိုင်တွယ်ပြီးရင် အတူတူ တာဝန် ထမ်းဆောင်ကြမယ်။ ငါ အဖွဲ့ခွဲ (၂)ကို မသွားချင်ဘူး။ မင်း ဘယ်သွားသွား မင်းနောက် ငါ လိုက်မယ်”

လျှန်လောင်က ငြင်းလိုက်သည်။

“ငါက လက်ထပ်ပြီး ကလေးယူမှာ။ မင်းငါ့ကို လက်ထပ်မှာ မို့လို့လား။ ကလေးမွေးပေး နိုင်လို့လား”

ဖိန်ယွမ်က နောက်ပြောင်လိုက်သည်။

ဖိန်ယွမ်သည် ထိုအကြောင်းနှင့် ပက်သက်ပြီး ဆက်မပြောတော့ဘဲ ဆေးပြင်းလိပ်ကိုသာ ဖွာနေလိုက်တော့သည်။ အချိန် အတော်ကြာပြီးနောက် စကားပြန် ပြောသည်။

“သားကောင်က လီကျန်းပေါင်။ ငါပဲ အားလုံးကို တာဝန်ခံလိုက်မယ်။ တခြားလူတွေ ပတ်သက်နေစရာမလိုဘူး။ ငါက နှစ်နည်းနည်းလောက် ကြာရင် အငြိမ်းစားယူတော့မှာ မင်းက ငယ်ပါသေးတယ်။ ငါ့အပေါ် သစ္စာ ရှိတယ်ဆိုရင် ငါ့စကားနားထောင်။ ဒီကိစ္စထဲ ဝင်မပါနဲ့။ မင်းရဲ့ အောင်မြင်မှုတွေကို အဖွဲ့ခွဲ

(၂)မှာ လမ်းကြောင်း ဖွင့်လိုက်စမ်းပါ။ ဒါမှ အနာဂတ်မှာ ငါအေးအေးဆေးဆေး နေနိုင်တဲ့ နေရာတစ်ခု ရှိမှာ”

“အစ်ကို…”

“တော်ပြီ…။ ဆင်ခြေပေးနေတာတွေ ရပ်လိုက်တော့။ ဒီအတိုင်းပဲ သဘောတူလိုက်မယ်။ မင်း အလုပ်ထွက်ရင် ငါ မင်းကို မခေါ်တော့ဘူး။ နောက်မှ လျစ်လျူရှုတယ်ဆိုပြီး ငါ့ကို အပြစ်လာမတင်နဲ့”

ဖိန်ယွမ်က သူနှင့် နှစ် (၂၀) ကျော် အတူတူ တာဝန်ထမ်းဆောင်ခဲ့သော လူကိုကြည့်ပြီး လေးနက်သော အမူအရာဖြင့် ပြောလိုက်သည်။

လျှန်လောင်တွင် ပြောစရာရှိနေသေးပုံ ရသည်။

သို့သော်လည်း ထိုစဉ် သူတို့နှစ်ယောက်၏ အင်ပါယာနှလုံးသား လက်စွပ်နှစ်ခုလုံးက တပြိုင်နက် တုန်ခါလာသည်။ နှစ်ယောက်လုံး ဆက်သွယ်ရေး မျက်နှာပြင်ကို ဖွင့်လိုက်ရာ တူညီသော လူတစ်ယောက် ပေါ်လာသည်။

"ခေါင်းဆောင်..."

လျှန်လောင်က ချက်ချင်း မတ်တပ်ထရပ်ပြီး အလေးပြုသည်။

စောင့်ကြည့်ရေး မျက်နှာပြင်ထဲတွင် ပေါ်လာသောလူမှာ အင်္ကျီလက်တို ဝတ်ထားသည့်

လူလတ်ပိုင်း အမျိုးသားတစ်ယောက် ဖြစ်ကာ သူတို့၏ ခေါင်းဆောင်ပင်...။

ဖိန်ယွမ်ကမူ ဆေးပြင်းလိပ်ကို အေးအေးဆေးဆေး ဖွာရင်း ဖြည်းညှင်းစွာ မတ်တပ်ထရပ် လိုက်သည်။ စောင့်ကြည့်ရေး မျက်နှာပြင်ပေါ်မှလူက စကား မပြောခင် သူက

"ငါက ဒီကိစ္စကို အပြည့်အဝ တာဝန်ယူတယ်။ လျှန်လောင်..."

အကျီလက်တို ဝတ်ဆင်ထားသောလူက ဖိန်ယွမ်ကို တစ်ချက်စွေကြည့်ပြီး စကားဖြတ် ပြောလိုက်သည်။

"နစ်နာသူက လီကျန်းပေါင် မဟုတ်ဘူး... လီကျန်းပေါင် အစားဝင်နေတဲ့ လူတစ်ယောက်ပဲ..."

ထိုစကားကို ကြားလျှင် သူတို့နှစ်ယောက်လုံး ကြောင်သွားသည်။ ခဏအကြာ အတွေးများ ပြန်လည်ကောင်းမွန်လာပြီး စိတ်သက်သာရာ ရသွားသည်။

"ဒါပေမယ့် ဒါ အဆုံးသတ် မဟုတ်သေးဘူး။ လူစားလဲလဲ၊ မလဲလဲ လီကျန်းပေါင်က ဒေါသပေါက်ကွဲနေတယ်။ လူသတ်သမားက သူ့နောက်လိုက်နေတယ်လို့ ခံစားနေရတယ်။ ပြီးခဲ့တဲ့ မိနစ်ပိုင်းလောက်ကပဲ အဖွဲ့ခွဲ (၃) ပြည်ထောင်စု အစိုးရရဲ့ ထိပ်ပိုင်း အကြီးအကဲတွေဆီကို

ဆက်သွယ်ခဲ့တယ်။ အခု စီမံခန့်ခွဲရေးက အုပ်ချုပ်ရေး အဖွဲ့တွေကလည်း ငါ့ကို ဖိအားပေးနေကြပြီ...။ လူသတ်သမား ဘယ်သူလဲဆိုတာ သိအောင်ရှာဖို့ သုံးရက် အချိန်ပေးမယ်။ ဒီလိုမှမဟုတ်ရင် မင်းတို့ကောင်တွေ အကျိုးခံစားခွင့် လက်မှတ်နဲ့ အလုပ်ထွက်စာ တင်ဖို့ ပြင်ထား.....”

ထိုလူက တင်းမာသော မျက်နှာနှင့် သူတို့ နှစ်ယောက်ကို စိုက်ကြည့်နေပြီး ညှာတာသနားမည့်ပုံ မရှိချေ။ သူတို့ နှစ်ယောက်ကို တိတ်တဆိတ် စိုက်ကြည့်ပြီးနောက် ဖုန်း တန်း ချသွားသည်။ ပရိဂျက်တာ ပျောက်ကွယ်သွားသည်ကို မြင်လျှင်

ဖိန်ယွမ်က ဆေးပြင်းလိပ် နောက်တစ်လိပ် ထုတ်ယူလိုက်သည်။

"သတင်းကောင်းရှိမယ်လို့ မမျှော်လင့်ထားဘူး... ။ လီကျန်းပေါင် အသက်ရှင်နေသေးတာပဲ"

"ငါတော့ ဘာဖြစ်လို့ သတင်းကောင်းလို့ မထင်မိတာပါလိမ့်။ နောက်ဆုံး စကားကို နားကြားလွဲသွားတာလား။ ခေါင်းဆောင်က သုံးရက်အတွင်း ဒီကိစ္စကို မဖြေရှင်းနိုင်ရင် အလုပ် ထုတ်မယ်လို့ ပြောသွားတယ်လေ"

လျန်လောင်က စိုးရိမ်နေသည်။

"အစားထိုးထားတဲ့ လူတစ်ယောက်အတွက်နဲ့ ငါတို့နှစ်ယောက်ကို အလုပ်ထုတ်မယ်လို့ ထင်လား"

ဖိန်ယွမ်က ပြုံးလိုက်ပြီး...

"ထင်တော့ မထင်ပါဘူး..."

လျှန်လောင်၏ အဖြေက မသေချာ မရေရာပေ။

"အခုပဲ အိမ်ပြန် အိပ်တော့မယ်။ မနက်ကျမှ တွေ့မယ်...."

ဖိန်ယွမ်က မတ်တပ် ထရပ်လိုက်ပြီး နောက်ပြန်မကြည့်ဘဲ လက်ခါပြလိုက်သည်။

ခဏအကြာ အင်္ကျီအိတ်ကပ်ထဲ လက်နှစ်ဖက်ထည့်ပြီး နေရာကူးပြောင်းခြင်း ခေတ်ကြွင်းထဲ လမ်းလျှောက်ဝင်ကာ ပျောက်ကွယ်သွားသည်။

"ငါကတော့ သဲလွန်စ ထပ်ကောက်မှ ဖြစ်မယ် ထင်တယ်"

လျန်လောင်က စကား မပြောနိုင်ဘဲ ခေါင်းသာ ခါလိုက်ပြီး ချမ်ရှင်း အဆောက်အဦးကို လှမ်းကြည့် လိုက်သည်။

. . .

ချမ်ရှင်း အဆောက်အဦး။ (၁၈၆) ထပ်မြောက်၊ ခမ်းနားထည်ဝါသော အခန်းနံပါတ် (၁) ထဲမှ

ညှော်ခန်းသည် စတုရန်းမီတာ (၃၀၀) ကျယ်ဝန်းသည်။ ထိုအထဲတွင် လူငါးယောက်ခန့် စုဝေးနေသောကြောင့် နည်းနည်း ပြည့်ကျပ်နေသည်။ သို့သော်လည်း လူအများစုက ညှော်ခန်းထဲတွင် ခေတ္တမျှသာ နေထိုင်ခဲ့ကြပြီး မကြာခင် အိပ်ခန်းထဲ ခပ်သွက်သွက် ဝင်သွားကြသည်။

ညှော်ခန်းထဲတွင် အလောင်းနှစ်လောင်း ရှိနေသည်။ သေဆုံးသူ နှစ်ယောက်မှာ ဗလတောင့်တင်းပြီး အနက်ရောင်ကုတ်အင်္ကျီများ ဝတ်ဆင် ထားသည်။ သူတို့ထဲမှ တစ်ယောက်မှာ ဆိုဖာထိုင်ခုံပေါ်တွင် ထိုင်လျက် သေဆုံးနေပြီး ကျန်တစ်ဦးမှာ ဝိုင်ပုလင်း

ဘေးတွင် သေဆုံးနေသည်။ သူတို့နှစ်ယောက်လုံးက လုံခြုံရေးအစောင့်များ ဖြစ်သည်မှာ ထင်ရှားသည်။

လင်းဟွမ်သည် လူစုခွဲသွားပြီးနောက် မည်းနက်နေသော အလောင်းနှစ်လောင်းကို စိုက်ကြည့်နေသည်။ အလောင်းနှစ်လောင်းတွင် အဆိပ်တစ်မျိုးမျိုး ရှိနေသည်မှာ အထအင်ရှားပင်။ မည်သည့် အဆိပ် အမျိုးအစား ဖြစ်ကြောင်း မသိသဖြင့် အလောင်းအား ဆက်လက် မစစ်ဆေးရဲပေ။

အကြောင်းအရင်း နောက်တစ်ခုမှာ အခင်းဖြစ်ပွားရာ နေရာကို စနစ်တကျ ထိန်းသိမ်း ရသောကြောင့်ပင် ။ ထို့အပြင် ခန္ဓာကိုယ်ထိရုံနှင့် အဆိပ်သင့်နိုင်သော

အဆိပ်အမျိုးအစား ဖြစ်ပါက ပိုဆိုးသွားနိုင်သည် မဟုတ်ပါလား။

“အဆိပ်အမျိုးအစား ခွဲခြားနိုင်လား…”

လင်းဟွမ်က သွေးရဲရဲလေးကို မေးလိုက်သည်။

“အင်ပါယာအဆင့် (၉) တစ်ယောက်ကို အချိန်တိုလေးအတွင်းမှာ အဆိပ် သင့်နိုင်တဲ့ အတွက်ကြောင့် အင်ပါယာအဆင့် (၉) တစ်ခုခုထဲက ထုတ်ယူထားတဲ့ အဆိပ်အမျိုးအစား ဖြစ်ဖို့များတယ်။ ပိုတိကျတဲ့ အဖြေကို ပေးနိုင်ဖို့ဆိုရင် စမ်းသပ်ဖို့ လိုတယ်။”

လင်းဟွမ်ထက်စာလျှင် သွေးရဲရဲလေးက ဤအကြောင်းနှင့် ပက်သက်၍ ပိုသိသည်။ သိုင်းပညာ မုဆိုးကောလိပ်တွင် လင်းဟွမ် ဆရာလုပ်ခဲ့သည့်အချိန်က စာကြည့်တိုက်ထဲတွင် သွေးရဲရဲလေးကို ဆင့်ခေါ်ခဲ့ဖူးသည်။ သွေးရဲရဲလေး၏ စာဖတ်နှုန်းက လင်းဟွမ်ထက် ပို၍ မြန်ဆန်သဖြင့် အဆိပ်အမျိုးအစား အမျိုးမျိုး၏ အသုံးပြုခြင်းဆိုင်ရာနှင့် လေ့လာခြင်းဆိုင်ရာ စာအုပ်များ အပါအဝင် စာကြည့်တိုက်ထဲမှ စာအုပ်အားလုံးကို ဖတ်ရှုခဲ့သည်။

“ဒါပေမယ့် ငါတို့ ဘေးကင်းအောင် ရင်ခွဲတဲ့ အစီရင်ခံစာကိုတော့ စောင့်သင့်တယ်”

"သေဆုံးသွားတဲ့ အလောင်းနှစ်လောင်းရဲ့ အနေအထားကို ကြည့်ရတာတော့ အဆိပ်ပျံ့တာ အရမ်းမြန်ပြီး သေတဲ့အချိန်မှာတောင် မလှုပ်ရှားနိုင်ခဲ့ကြဘူး။ ဆိုဖာ၊ လက်ဖက်ရည် စားပွဲနဲ့ အရက်သေတ္တာတွေက ခြေရာလက်ရာတောင် မယွင်းဘူး။ အဆိပ်က တော်တော်လေး ကြောက်ဖို့ကောင်းလိမ့်မယ်"

လင်းဟွမ်သည် အလောင်းများထံမှ အခြားသဲလွန်စများ ထပ်မရတော့သည့်အတွက် ပတ်ဝန်းကျင်ကို အာရုံပြောင်းသွားသည်။ မကြာခင် ပတ်ဝန်းကျင်မှ ရရှိသော အချက်အလက်များကို နိဂုံးချုပ် ကောက်ချက် ချလိုက်ကြသည်။

"ငါသိထားသလောက် ဆိုရင် အင်ပါယာအဆင့် မွန်းစတား (၁၁) ကောင်ဆီက ထုတ်ယူတဲ့ အဆိပ်တိုင်းက ဒီလိုမျိုး သေနိုင်တဲ့ အဆိပ်တွေချည်းပဲ။ အမျိုးအစား အမျိုးမျိုး ရောနှောထားတဲ့ အဆိပ်ကို ထည့်မတွက်ဘဲ အကြမ်းထည် အဆိပ်တွေကတောင် တော်တော်လေး ပြင်းတယ်"

သွေးရဲရဲလေးသည် အလောင်းများထံမှ အသုံးဝင်သည့် အချက်အလက်များကို ထပ်မရနိုင်သောကြောင့် အလောင်းနှစ်လောင်းကို စိတ်မဝင်စားတော့ချေ။

“အဆိပ်က ကူးစက်နိုင်လား၊ မကူးစက်နိုင်ဘူးလား ဆိုတာ မသိရသေးလို့ အိပ်ခန်းထဲက သားကောင်ကိုပဲ သွားကြည့်ရအောင်”

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။ ထိုနေရာတွင် ဆက်မနေတော့ဘဲ အိပ်ခန်းထဲမှ လူအုပ်ထံ လျှောက်သွားလိုက်သည်။

သူတို့အထဲမှ လူအနည်းစုသည် အခန်းထဲကို လှည့်ပတ်ကြည့်ပြီးနောက် ပြန်ထွက်သွားသည်။ သို့သော်လည်း အိပ်ခန်းထဲတွင် အလွန်ပြည့်ကျပ်နေသေးသည်။

နောက်ဆုံး၌ လင်းဟွမ်သည် လူအုပ်ကြားထဲမှ တိုးထွက်ပြီး အလောင်း အနား ရောက်ရှိသွားသည်။ အလောင်းကို မြင်လိုက်ရသောအခါ

"တော်တော် ဆိုးတာပဲ"

ဒါသည် အလောင်းကို မြင်သည်နှင့် လင်းဟွမ် ပထမဦးဆုံး တွေးမိသော အတွေးပင် ။ လွန်ခဲ့သော နှစ်ရက်အတွင်း အလောင်းများကို မြင့်တွေ့ခဲ့ရသော်လည်း ယခုကဲ့သို့ မှတ်ချက် ပေးခဲသည်။

အလောင်းကို ချွန်ထက်သော လက်နက်နှင့် ခန္ဓာကိုယ်အနှံ့ ထိုးဖောက်ထားပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။ တစ်ကိုယ်လုံးတွင် ဒဏ်ရာ တစ်ရာထက်

မနည်း ရှိနေပြီး ထိုဒဏ်ရာ အားလုံးက အရွယ်ရောက်ပြီးသော လူတစ်ယောက်၏ မျက်လုံး အရွယ်အစားခန့် ရှိသည်။ ချွန်ထက်သော လက်နက်နှင့် တစ်ကိုယ်လုံးကို ထိုးဖောက်ထားပြီး ငါးဆားနယ် ထားသည်နှင့် တူနေ၏။

အချိန် အတော်ကြာအောင် စောင့်ကြည့်ပြီးနောက် လင်းပွှမ်သည် အင်္ကျီလက်စထဲတွင် ပုန်းနေသော သွေးရဲရဲလေးက ပြောလိုက်သည်။

“မျက်လုံး နှစ်လုံးကို ထိုးဖောက်တဲ့ဒဏ်ရာကြောင့် သေတာပဲ။ လက်နက်က သူ့မျက်လုံးထဲ ဖောက်ဝင်သွားပြီး

ခေါင်းအနောက်ဘက်ထိ ထုတ်ချင်း ပေါက်သွားတယ်။ သားကောင်ရဲ့ ဦးနှောက်ကိုလည်း ထိုးဖောက်သွားတာပဲ”

“တစ်ကယ်လို့ လူသတ်သမားက တစ်ယောက်တည်းသာဆိုရင် သူ့မှာ လူသတ်နည်းတွေ အများကြီး ရှိနေတာပဲ။ ရာဇဝတ်မှု တစ်ခါက် ကျူးလွန်တိုင်း တစ်မျိုး သတ်နေတယ်။ အစွမ်းပြဖို့ ကြိုးစားနေတာလား”

လင်းဟွမ်က တိုးတိုးလေး ပြောလိုက်သည်။

သူတို့ထဲမှ လူတော်တော် များများသည် သေဆုံးနေသော လီကျန်းပေါင် ရုပ်အလောင်းအနားတွင် မတ်တပ်ရပ်ပြီး သူတို့၏ ထောက်လှမ်းရေး

စွမ်းရည်များကို အသက်သွင်းနေကြသည်။ ထိုစဉ် လင်းဟွမ် စိတ်ထဲတွင် အတွေးတစ်ခု ဖြတ်ခနဲ ပေါ်လာသည်။

"ဒီလူ သေတာ နာရီဝက် မပြည့်သေးဘူး။ အခင်းဖြစ်ပွားရာ နေရာကို အချိန်အတိုင်းအတာ တစ်ခုအထိ ပြန်ကြည့်လို့ရတဲ့ ကွင်းဆက် မှော်အက္ခရာ တစ်ခုကို မှတ်မိပြီ"

"နောက်ကြောင်းပြန် ကြေးမုံ အကြောင်း ပြောနေတာလား။ အဲ့ဒါနဲ့ဆိုရင် မင်းက အချိန်ကို တကယ်ပဲ နောက်ပြန်ဆုတ်လို့ ရတာပေါ့"

သွေးရဲရဲလေးကလည်း စုန်အတတ် မှော်အကွ္ခရာကို ပြန်စဉ်းစား လိုက်သည်။ ထိုမှော်အကွ္ခရာသည် အခင်းဖြစ်ပွားသည့် နေရာတွင် စတင် အသုံးပြုနိုင်ပြီး အခင်းဖြစ်ပွားပြီးနောက် (၂၄) နာရီအတွင်း အသုံးပြုရသည်။ ထို့အပြင် အချိန်ကို နောက်ပြန်ဆုတ်နိုင်သော အတိုင်းအတာသည် လူတစ်ဦး တစ်ယောက်ချင်းစီ၏ ခွန်အား အပေါ်တွင်လည်း မူတည်နေသည်။

"ငါ တစ်ခေါက် သုံးဖူးတယ်။ နာရီဝက်လောက် အချိန်နောက်ပြန်ဆုတ်ဖို့က ပြဿနာ မရှိဘူး။ တကယ်လို့

အစွမ်းကုန် ဖြစ်ညှစ်ပြီး လုပ်မယ်ဆိုရင် တစ်နာရီလောက်တောင် ရလောက်တယ်”

“ငါ အလုပ် စလုပ်တော့မယ်။ သုံးနာရီလောက် ရအောင် ကြိုးစား ကြည့်မယ်”

သွေးရဲရဲလေးက မလုပ်စေချင်ပေ။

“စုန်အတတ် မှော်အကွခရာမှာ မင်း ထူးချွန်တာကို လူနည်းနည်းလေးပဲ သိတာ ပိုကောင်းတယ်နော်။ စုန်းအတတ်က လွင့်မျောကုန်းမြေနဲ့ တစ်နည်းတစ်ဖုံ ပက်သက်နေလို့ ပြည်ထောင်စုအစိုးရနဲ့ ကျန်တဲ့ အဖွဲ့အစည်းတွေရဲ့ အာရုံကို အလွယ်တကူ စွဲဆောင် သွားလိမ့်မယ်။ ကျန်တဲ့လူတွေ ထွက်သွားပြီးမှပဲ

နောက်ကြောင်းပြန် ကြေးမုံကို အသက်သွင်းမယ် ဆိုရင်ရော”

အလောင်းကို စစ်ဆေးပြီးနောက် စုံစမ်းစစ်ဆေးရေးမှူးတော်တော်များများ ထွက်သွားကြသည်။

မနက် တစ်နာရီခန့်တွင် ကုတ်အင်္ကျီဝတ်ဆင်ထားသော လျှန်လောင်နှင့် အကာအကွယ်ဝတ်စုံဝတ်ထားသော ဝန်ထမ်းအချို့ ဝင်လာသည်။ အခန်းထဲတွင် စုံစမ်း စစ်ဆေးသူ ခုနှစ်ယောက်ခန့် ရှိနေသေးသည်။

“ငါတို့တွေ အခုပဲ အလောင်း သိမ်းတော့မယ်”

လျှန်လောင်က လင်းပွှမ်နှင့် ကျန်သည့်လူများကို စိုက်ကြည့်ပြီး ပြောလိုက်သော်လည်း ထွက်ခွာရန် မပြောခဲ့ပေ။ ထိုအစား ဝန်ထမ်းကိုသာ ခေါင်းညိတ်ပြလိုက်သည်။

ဝန်ထမ်းများက အလောင်းအိတ်များကို စတင်ထုတ်ယူပြီး အလောင်းများကို သိမ်းဆည်းကြသည်။

"ငါ ပြန်အိပ်တော့မယ်။ မင်း မပြန်သေးဘူးလား"

ရှားဟုန်က သိမ်းဝေရင်း ပြောလိုက်သည်။

"မင်း အရင်ပြန်နှင့်....။ ငါ ဒီမှာ ခဏနေခဲ့အုံးမယ်"

လင်းဟွမ်က မထွက်သွားဘဲ အိပ်ခန်းထဲမှ မွေ့ရာကို စိုက်ကြည့်နေသည်။

လျှန်လောင်က လင်းဟွမ်ကို စိုက်ကြည့်ပြီး ထူးဆန်းသည်ဟု ခံစားလိုက်ရသည်။ သို့သော်လည်း ထပ်မတွေးတော့ဘဲ

‘ အခင်း ဖြစ်ပွားရာ နေရာက သက်သေ အထောက်အထားတွေကို မပျက်စီးစေနဲ့’

ဟု သတိပေးလိုက်ပြီး ခဏအကြာ ဝန်ထမ်းများနှင့် အတူတူ ပြန်ထွက်သွားသည်။

"ကြည့်ရတာ ဒီကောင်က ခဏနေရင် ပြန်ရောက်လာမယ် ထင်တယ်။ ငါတို့တွေ မြန်မြန်လေး လုပ်ရအောင်"

သွေးရဲရဲလေးသည် အခန်းထဲမှ လူတိုင်း ထွက်သွားသည်ကို မျှော့မျိုးစေ့မှ တစ်ဆင့် သေချာအောင် စောင့်ကြည့်ခဲ့ပြီး လင်းဟွမ်တို့သည် အိပ်ခန်းထဲမှ ပြန်ထွက်လာကြသည်။

သွေးရဲရဲလေး၏ မှော်တာအို စာအုပ်သည် ခရမ်းရောင် ဖြစ်သောကြောင့် လင်းဟွမ်စာအုပ်နှင့် ကွဲပြားသည်။ သွေးရဲရဲလေးက စာအုပ်ကို လှန်ဖွင့်ပြီး ကံကြမ္မာစွမ်းအားကို ထည့်သွင်းလိုက်လျှင်

နောက်ကြောင်းပြန် ကြေးမုံဟုခေါ်သော ကွင်းဆက်မှော်အကွဲ့ရာများ အသက်ဝင်လာသည်။

လေထဲ၌ မှော်အကွဲ့ရာများ တစ်ခုပြီးတစ်ခု ပေါ်လာပြီးနောက်ဆုံးတွင် အရာအားလုံး တစ်စစီ ပြိုကျသွားပြီးနောက်ကြောင်း ပြန်ရစ်ပြသော မြင်ကွင်းတစ်ခုအဖြစ်အသွင်ပြောင်းသွားသည်။ လွန်ခဲ့သော တစ်နာရီကဖြစ်ပျက်ခဲ့သော မြင်ကွင်းကို ပြန်လည် ဖမ်းယူနိုင်ခဲ့သည်။

အရည်ပုံစံရှိပြီး ကြည်လင်ကာ ထွင်းဖောက်မြင်ရနေသော မွန်းစတားတစ်ကောင်က ပြတင်းပေါက်မှလျှောထိုးဝင်လာပြီး ဆိုဖာထိုင်ခုံထံ သွားနေသည်ကိုမြင်လိုက်ရသည်။ လုံခြုံရေးအစောင့်၏ လည်ပင်း

အနောက်မှ အဖြူရောင် အခိုးအငွေ့များ မှုတ်ထုတ်လိုက်သည်။ အဖြူရောင် အခိုးအငွေ့များသည် အလွန် ပါးလွှာပြီး မမြင်ရသလောက်ပင်။

လုံခြုံရေးအစောင့်က သတိမထားမိဘဲ အဖြူရောင် အခိုးအငွေ့များကို ခန္ဓာကိုယ်ထဲ ရှူသွင်းလိုက်မိသည်။ အဖြူရောင် အခိုးအငွေ့ကို ရှူသွင်းလိုက်သည်နှင့် မှိန်းမောသော အခြေအနေသို့ ရောက်သွားခဲ့သည်။ သုံးစက္ကန့်ခန့် ကြာပြီးသောအခါ သူ၏ အသားအရည်သည် ခေါင်းအစ ခြေအဆုံး မည်းနက်လာ၏။ မကြာခင် အသံတစ်စက်မှ မထွက်နိုင်ဘဲ

သေဆုံးသွားသည်။ အဆိုပါ ဖြစ်စဉ် တစ်ခုလုံးသည် (၁၀) စက္ကန့်ပင် မကြာခဲ့ချေ။

ထို့နောက် ထွင်းဖောက် မြင်နေရသော မွန်းစတားသည် ဒုတိယမြောက် လုံခြုံရေးအစောင့်၏ ဘေးတွင် တိတ်တဆိတ် ပေါ်လာပြန်သည်။ သူ့လည်ပင်း အနောက်ဘက်မှ အဖြူရောင် အခိုးအငွေ့များကို မှုတ်ထုတ် လိုက်ပြန်သည်။ ဒုတိယမြောက် လုံခြုံရေးအစောင့်လည်း လဲကျသွားသည်။

ထို့နောက် ထွင်းဖောက်မြင်ရသော မွန်းစတားသည် အိပ်ခန်းထဲ ဦးတည်၍ ထွက်သွားသည်။ ကွေးကွေးလေး အိပ်ပျော်နေသော လီကျန်းပေါင်၏ ခေါင်းအထက်တွင်

ပေါ်လာသည်။ စက္ကန့်အနည်းငယ် ကြာသောအခါ လူသားတစ်ယောက် ပုံစံ ပြောင်းသွားပြီး ထိုပုံစံမှာ လီကျန်းပေါင်နှင့် ချွတ်စွပ်တူနေသည်။

မွန်းစတားသည် အသွင်ပြောင်းပြီးနောက် ပါးစပ်ကို ဖြည်းဖြည်းချင်းဖွင့်ဟကာ လူသား လက်မောင်း အရွယ်အစားခန့် ရှိသော ၎င်း၏လျှာကို ဆန့်ထုတ်လိုက်သည်။ နူးညံ့သောလျှာသည် တစ်မီတာအထိ ရှည်ထွက်လာ၏။ ဒါသည် ခန္ဓာကိုယ် အပေါ်ပိုင်းကိုသာ ပြသထားသော အဆိပ်ပြင်း မြွေတစ်ကောင်နှင့် တူနေသည်။ လီကျန်းပေါင်၏ ထွားကျိုင်းသော

မျက်နှာနှင့်(၁၀) စင်တီမီတာ အကွာတွင် ရပ်တန့်နေသည်။

ရုတ်တရက် လျှာက နှစ်ခြမ်းကွဲသွားပြီး ပစ်လိုက်သော မြားတစ်စင်းအလား လီကျန်းပေါင်၏ မျက်လုံးထဲ ထိုးဖောက် ဝင်ရောက်သွားသည်။ လီကျန်းပေါင် အသတ် ခံရပြီးနောက် ထူးဆန်းသော အသံတစ်ခု ထွက်ပေါ်လာသည်။

မကြာခင် သူ့ခန္ဓာကိုယ်က ပြောင်းလဲသွားပြန်သည်။ အချွန်များကဲ့သို့ ဖြစ်နေသော အဆူးများက ၎င်း ခန္ဓာကိုယ်ထဲမှ အဆက်မပြတ် ကြီးထွားလာပြီး

လီကျန်းပေါင်၏ အလောင်းထဲ ထိုးဖောက်ဝင်ရောက်သွားသည်။

ဖြစ်စဉ် တစ်ခုလုံးကို မြင်လိုက်သောအခါ လင်းဟွမ်သည် မျက်မှောင်ကြုတ်သွားပြီး သူ့အခေါင်းထဲမှ ဖတ်ဖူးသမျှ အချက်အလက်များကို ပြန်စဉ်စားလိုက်သည်။ သို့သော်လည်း ဒါသည် အလကားပင်....။

"သွေးရဲရဲလေး... ဘာ မွန်းစတားလဲဆိုတာ မင်းသိလား"

"မသိဘူး....။ ကြည့်ရတာတော့ မွန်းစတားစွယ်စုံကျမ်းထဲမှာ တစ်ခါမှ မပါသေးဘူး...."

သွေးရဲရဲလေး၏ အဖြေက သေချာရေရာ၏။

"ဒါပေမယ့် ဒီမွန်းစတားက ဉာဏ်ရည်မြင့်ပြီးတော့ အတုခိုးနိုင်တဲ့ စွမ်းရည် မြင့်မားတယ်လို့ပဲ ပြောနိုင်သေးတယ်..."

"နောက်ကြောင်းပြန် ကြေးမုံကို အသက်မသွင်းခင် လူသတ်သမားက လူသားတစ်ယောက် လို့ပဲထင်နေတာ။ ဒီလိုမျိုး မွန်းစတားတစ်ကောင် ဖြစ်နေမယ်လို့ တစ်ခါမှ မတွေးခဲ့မိဘူး"

လင်းဟွမ်က ခေါင်းခါပြီး ပြုံးလိုက်သည်။

"သူ့မှာ မြင့်မားတဲ့ ဉာဏ်ရည်နဲ့ တိုက်ခိုက်ရေး စွမ်းရည်အမျိုးမျိုး ရှိတဲ့အပြင် အလွန်အားကောင်းတဲ့

အတုခိုးနိုင်စွမ်းလည်း ရှိတော့ ... သတ်ဖို့ ခဲယဉ်းလိမ့်တယ်"

"ဟုတ်တယ်။ အခုတော့ ငါတို့တွေ ပထမဦးဆုံး အခက်အခဲနဲ့ ရင်ဆိုင်နေရပြီ။ ဘယ်လို ရှာကြမလဲ..."

# အခန်း(၇၄၈) - အစီအစဉ် ပြန်လည် ချမှတ်ခြင်း....

နောက်ကြောင်းပြန် ကြေးမုံမှ ရရှိသောအဖြေသည် ကျေနပ်စရာ နည်းပါးသော်လည်း မရှိသည်ထက်၊ ရှိသည်က ပိုကောင်းနေသေးသည်။ လူဦးရေ သန်း (၆၀) နေထိုင်ပြီး စတုရန်း မီတာ (၂) သန်းကျော် ကျယ်ဝန်းသောနေရာတွင် ဉာဏ်ရည်မြင့်ပြီး အတု ခိုးနိုင်စွမ်းရှိနေသော မွန်းစတား တစ်ကောင်အတွက် ပုန်းအောင်း နေထိုင်ရန် အင်မတန် လွယ်ကူ၏။

ထိုအရာကို ရှာရသည်မှာ ကောက်ရိုးပုံထဲ အပ်ရှာရသည်နှင့် တူနေသည်။

ထို့အပြင် ဒါသည် မွန်းစတား စွယ်စုံကျမ်းထဲတွင် မှတ်တမ်း မတင်ထားသော မွန်းစတားအသစ် ဖြစ်နေပြီး မည်သည့်နေရာတွင် မည်ကဲ့သို့ ပုန်းအောင်းနေမလဲ ဆိုသည်ကို မည်သူမျှ မသိနိုင်ပေ။

လင်းဟွမ်သည် ဟိုတယ်သို့ ပြန်ရောက်ပြီးနောက် အိပ်မပျော်ခဲ့ပေ။ ထိုအစား သွေးရဲရဲလေးနှင့် အမှုအကြောင်း ဆက်လက် ဆွေးနွေးနေခဲ့သည်။

"ပြည်ထောင်စု အစိုးရထဲမှာ သူလျှိုတစ်ကောင် ရှိနေလို့ လူသတ်သမားက သားကောင် ရှာတွေ့ခဲ့တယ်လို့

ငါ ထင်နေခဲ့တာ။ အခုလက်ရှိ သိထားတဲ့ အချက်အလက်အရတော့ ပထမသားကောင်ကို သတ်ပြီး အင်မော်တယ်အဆင့်(၁)ရဲ့ နာမည်စာရင်းကို ရခဲ့တာပဲ ဖြစ်လိမ့်မယ်။ သူ့ရဲ့ ပထမဦးဆုံး သားကောင်က ပြည်ထောင်စုအစိုးရ အမှုဆောင် အရာရှိတစ်ဦး ဖြစ်ပြီးတော့ အင်မော်တယ် အဆင့် (၃) ရှိလို့ ကံကောင်းသွားတာပဲ”

“ကံကောင်းတာလား၊ ဒါမှမဟုတ် ပစ်မှတ်ကို ရည်ရွယ်ချက်ရှိရှိ ရွေးချယ်ခဲ့တာလား ဆိုတာတော့ သံသယ ဖြစ်စရာပဲ။ သူ့ရည်ရွယ်ချက်က နာမည်စာရင်းကို အရင်ဆုံး ရယူဖို့လည်း ဖြစ်နိုင်တယ်”

သွေးရဲရဲလေး၏ စကားကိုကြားလျှင် လင်းဟွမ် နှလုံးခုန်သံ မြန်သွားသည်။ မွန်းစတားတစ်ကောင်က ဤမျှ အကြံကြီးလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

"ဒါဆိုရင်တော့ တကယ် ကြောက်စရာကောင်းတဲ့ မွန်းစတားပဲ.."

"သိပ်မစိုးရိမ်ပါနဲ့။ ငါတို့တွေ တစ်နေ့ အမိဖမ်းမှာပဲ.."

သွေးရဲရဲလေးက ထူးထူးခြားခြား တည်ငြိမ်နေသည်။

"မျှော့မျိုးစေ့တွေနဲ့ဆိုရင် ငါတို့ တစ်မြို့လုံးကို စောင့်ကြည့်နိုင်တယ်။ ဒါပေမယ့် ဘယ်သူ့ပုံစံကိုမှ အသွင်းမယူထားရင် စောင့်ကြည့်ရေး ကင်မရာတွေက အလုပ် မလုပ်ဘူး။ နောက်ပြီးတော့ ဒါက လူသား

ဝပ်ကျင်း၊ မင်း မျှော့မျိုးစေ့ရဲ့ တည်ရှိမှုကို ထောက်လှမ်းနိုင်တဲ့ နည်းလမ်းတွေ သူတို့ဆီမှာ အများကြီး ရှိနိုင်တယ်။ အဲ့ဒါကြောင့် ရှာမတွေ့အောင် အထူး သတိထားရမယ်။ နောက်ပြီးတော့ ဝပ်ကျင်းထဲမှာလည်း အဆောက်အဦးတွေ အများကြီး ရှိတယ်။ မင်း ကြုံတွေ့ရမယ့် အတားအဆီးက တောရိုင်းဇုန်၊ အန္တရာယ်ဇုန်တွေမှာ ထက်တောင် ပိုများလိမ့်မယ်။ စောင့်ကြည့်ရေး ကိရိယာတွေရဲ့ အကျိုး သက်ရောက်မှုကိုလည်း သတိထားရမယ်။ ဒါကြောင့် ဒီအချက်အလက် အားလုံးကို ထည့်စဉ်းစားဖို့ လိုလိမ့်မယ်”

လင်းဟွမ်က ဖြစ်ပေါ်နိုင်လာသည့် အခြေအနေ အားလုံးနှင့် ပြဿနာ အားလုံးကို ပြောပြလိုက်သည်။

သို့သော်လည်း သွေးရဲရဲလေးက လင်းဟွမ်စကားကို နားထောင်ပြီးနောက် ခေါင်းခါလိုက်သည်။

"ဒါ ပြဿနာ မဟုတ်ဘူး။ ငါတို့တွေက တစ်မြို့လုံး စောင့်ကြည့် နေစရာ မလိုဘူး..။ သားကောင် ဖြစ်နိုင်ချေရှိတဲ့ လူတွေကိုပဲ စောင့်ကြည့်နေဖို့ လိုတယ်။ ဒါဆိုရင် အများကြီး အားစိုက်ထုတ်နေစရာ မလိုဘူးပေါ့။ ဘာဖြစ်လို့ ထောင်ချောက်ထဲ ကျမယ့်အချိန်ကို မစောင့် နိုင်ရမှာလဲ..."

ထိုစကားကို ကြားလျှင် လင်းဟွမ်၏မျက်လုံးများ အရောင် တောက်ပလာသည်။

“ငါ မေ့တော့မလို့.....။ အင်မော်တယ် အဆင့်က နည်းနည်းလေးပဲ ရှိတာပဲ။ အင်မော်တယ် အဆင့် (၁) ကနေ အဆင့် (၃) ကြားဆို ပိုတောင် နည်းသေးတယ်။ ဒီဝပ်ကျင်း ထဲမှာ (၁၀၀) ဝန်းကျင်လောက်ပဲ ရှိနိုင်တယ်။ ဒါက ငါတို့ရဲ့လုပ်အားကို အများကြီး ချွေတာနိုင်တယ်။ သူတို့ထဲက အယောက် (၁၀၀) လောက်ပဲ စောင့်ကြည့်နေဖို့ လိုတာ။ နောက်ပြီးတော့ သူတို့ရဲ့ တိုက်ခိုက်ရေး အဆင့်နဲ့ဆို မင်းရဲ့ မျှော့မျိုးစေ့ကို ရှာတွေ့နိုင်ဖို့ ဖြစ်နိုင်ချေ နည်းတယ်”

"ဒီညမှာ ဖြစ်နိုင်ချေများတဲ့ သားကောင်အားလုံးကို စောင့်ကြည့်ဖို့ စီစဉ်ထားတယ်။ သူတို့ကို စောင့်ကြည့်ဖို့ သူတို့ရဲ့ ခန္ဓာကိုယ်ထဲကို မျှော့မျိုးစေ့တွေ ထည့်သွင်းလိုက်မယ်။ အဲ့ဒီလိုပဲ သူတို့ နေတဲ့ နေရာအနီးက မျက်ကွယ် နေရာတွေမှာလည်း စောင့်ကြည့်ဖို့အတွက် မျှော့မျိုးစေ့တွေ ချထားလိုက်မယ်။ ထွက်ပြေးနိုင်မယ်လို့ မထင်ပါဘူးကွာ.."

သွေးရဲရဲလေးသည် ဉာဏ်ရည် မြင့်မားသော ပြိုင်ဘက်နှင့် ရင်ဆိုင်နေရသဖြင့် ရည်မှန်းချက် ကြီးမားနေသည်။

"တည်နေရာတွေ သိပြီးရင် သူတို့ရဲ့ ကိုဩဒိနိတ် တည်နေရာတွေကို ငါ့ဆီ ပို့ပေးလိုက်။ ငါတို့ဘက်က လက်ဦးမှုရအောင် အရင်ဆုံးသွားဖို့အတွက် နေရာ ကူးပြောင်းခြင်း ခါတ်ကွင်းထဲမှာ မှတ်ထားလိုက်မယ်"

လင်းဟွမ်သည် မည်သည့် အသေးစိတ် အချက်အလက်ကိုမှ လက်လွတ်မခံခဲ့ပေ။

လင်းဟွမ်သည် မနက်ဖြန် တိုက်ပွဲအတွက် ပြင်ဆင်သည့် အနေနှင့် လျင်မြန်စွာ အိပ်ပျော် သွားခဲ့သည်။

သွေးရဲရဲလေးကမူ မနက် (၈) နာရီခန့်အထိ အလုပ်များနေခဲ့ပြီး အင်မော်တယ် အဆင့် (၁) မှ

အင်မော်တယ် အဆင့် (၃) ကြားအထိ ဖြစ်နိုင်ချေရှိသော သားကောင် (၁၁၈) ဦးကို ရှာတွေ့ခဲ့သည်။ ဝပ်ကျင်းတစ်ခုလုံးကို ဖြန့်ကျက်၍ သုံးကြိမ်တိုင်တိုင် ရှာဖွေခဲ့သည်။ ဖြစ်နိုင်ချေရှိသော သားကောင် (၁၁၈) ကောင်၏ ခန္ဓာကိုယ်ထဲကို မျှော့မျိုးစေ့များ လျှို့ဝှက်စွာ ထည့်သွင်းပြီးနောက် သွေးရဲရဲလေးသည် အသက် မသွင်းခဲ့ပေ။ ထိုအစား မျှော့မျိုးစေ့များကို မြှုပ်ထားခဲ့သည်။

သွေးရဲရဲလေးသည် သူတို့ကို ထိန်းချုပ်ရန် မရည်ရွယ်ပေ။ ထိုအစား သူတို့၏ တည်နေရာကို စောင့်ကြည့်ရန်သာ ....

အကယ်၍ လိုအပ်ပါက မျှော့မျိုးစေ့များကို အသက်သွင်းပြီး သူတို့၏ ခန္ဓာကိုယ်ကို ထိန်းချုပ်ကာ ထွက်ပြေးရန်၊ အသတ်ခံရခြင်းမှ ရှောင်ရှားရန် ထိန်းချုပ်နိုင်လိမ့်မည်။ မျှော့မျိုးစေ့များကို သူ့တို့၏ ခန္ဓာကိုယ်ထဲ ထည့်သွင်းခဲ့သည့်အပြင် ထိုလူများ၏ အိမ်နှင့်အိမ်သားများ မမြင်နိုင်သော မျက်ကွယ် နေရာများတွင် မျှော့မျိုးစေ့များကို စောင့်ကြည့်ရေး စနစ်အဖြစ် ထားရှိခဲ့သည်။

ထို့အပြင် သူတို့၏အိမ် (၁၀) ကီလိုမီတာ ပတ်လည်အတွင်းကိုလည်း သွေးရဲရဲလေးက စောင့်ကြည့်နေခဲ့သည်။ စောင့်ကြည့်ရေးစနစ်ကို (၂၄)

နာရီကြာအောင် အသက် သွင်းခဲ့သည်။ ဤအရာအားလုံးသည် မွန်းစတားများ မလွတ်မြောက်စေရန် လုပ်ဆောင်ခဲ့ခြင်းပင်။ ဖြစ်နိုင်ချေ အင်မတန် နည်းသော်လည်း မည်သည့် အခြေအနေမဆို ဖြစ်လာနိုင်သည့် အချက်ကို ထည့်သွင်း စဉ်းစားရန် လိုအပ်ပေလိမ့်သည်။

အားလုံး ပြင်ဆင်ပြီးသောအခါ လင်းဟွမ်က မနက်စာ စားပြီးသွားသည်။ ထို့နောက် သွေးရဲရဲလေးထံမှ ကိုသြဒိနိတ် တည်နေရာ (၁၁၈) ခုကို ရရှိခဲ့ပြီး မိုးကြိုးကို ဆင့်ခေါ်လိုက်သည်။ ထို့နောက် အလုပ်ကို နောက်တစ်ကြိမ် စတင်လိုက်သည်။

မကြာခင် မိုးကြိုးက မြေပုံပေါ်တွင် မှတ်ထားသော ကိုဩဒိနိတ် တည်နေရာများကို တစ်နေရာပြီး တစ်နေရာ လိုက်ပို့ပေးခဲ့သည်။

လင်းဟွမ်သည် မိုးကြိုး၏အရှိန်က ကိုင်လီနှင့် မယှဉ်နိုင်သောကြောင့် ကိုင်လီထံမှ အကူအညီတောင်းခံရန် စဉ်းစားခဲ့သေးသည်။ သို့သော်လည်း ယခုအခါ၌ သိုင်းပညာမြို့မှ လူတိုင်းက ကြောက်လန့်နေကြသဖြင့် ကိုင်လီ့ကို မြင်သောအခါ တရားခံဟု ထင်သွားနိုင်သည်။ ထို့ကြောင့် မိုးကြိုးကိုသာ အကူအညီတောင်းရန် ဆုံးဖြတ်လိုက်ခြင်းပင်။

သိုင်းပညာမြို့တွင် အင်မော်တယ်အဆင့် သန္ဓေသုံးကြိမ်ပြောင်း အိမ်မွေး မွန်းစတားက ရှားပါးသည်။ ထို့ကြောင့် မိုးကြိုးကို ဆင့်ခေါ်လိုက်သည်နှင့် လူအများ၏ အာရုံကို ဖမ်းစားနိုင်ခဲ့သည်။ လူများ ဝိုင်းအုံမလာခင် မိုးကြိုးသည် ကြောက်စရာကောင်းသော အရှိန်အဟုန်နှင့် ပျံသန်း ထွက်ခွာသွားသည်။

မိုးကြိုးသည် ကိုဩဒိနိတ် တည်နေရာ တစ်ခုမှ နောက်တစ်ခုသို့ သွားရန် (၃) မိနစ်၊ (၄) မိနစ်ခန့်သာ အချိန်ယူခဲ့ရသည်။ ကိုဩဒိနိတ်များ တည်နေရာကို မှတ်သားရန် လင်းဟွမ်အတွက် အချိန်အနည်းငယ်သာ လိုအပ်ခဲ့သည်။ သို့သော်လည်း အရေအတွက်မှာ

(၁၁၈) ခု ဖြစ်နေသောကြောင့် (၇) နာရီကျော်ကြာအောင် လှုပ်ရှားခဲ့ရသည်။

ညနေ (၄) နာရီကျော်မှသာ ဟိုတယ်သို့ ပြန်ရောက်လာခဲ့သည်။

လင်းဟွမ်သည် ရှားဟုန်က သူ့ထံ အကြိမ်အနည်းငယ် ဖုန်းခေါ် ထားကြောင်း သတိထားလိုက်မိသည်။ ကိုညြဒိနိတ်များ တည်နေရာများ မှတ်သားနေခြင်းကို ပိုမိုထိရောက်၍ မြန်ဆန်စေရန် အလုပ်လုပ်ဆောင်နေသည့် အချိန်အတွင်း၌ အင်ပါယာနှလုံးသားလက်စွပ်၏ ဆက်သွယ်မှု လုပ်ဆောင်ချက်ကို ပိတ်ဆို့ထားခဲ့သည်။

မကြာခင် ဖုန်းပြန်ခေါ်ဆိုသောအခါ ရှားဟုန်က ဗီဒီယိုဖုန်း လက်ခံ ဖြေကြားခဲ့သည်။

"မင်း ဘာလုပ်နေလို့ တစ်နေ့လုံး ငါ့ကို မဆက်သွယ်တာလဲ။ မင်းဆီ မက်ဆေ့ချ် ပို့တော့လည်း စာ မပြန်ဘူး"

"ဩော်.. ငါ့မှာ ကိုယ်ရေးကိုယ်တာ အလုပ်တစ်ခု ရှိနေလို့ ဆက်သွယ်ရေးလိုင်းကို ခဏပိတ်ထားတာ"

လင်းဟွမ်က ရှင်းပြလိုက်သည်။

"အလောင်း အစီရင်ခံစာ ထွက်လာပြီ။ မင်း မြင်ပြီးပြီလား"

ရှားဟုန်က မေးလိုက်သည်။

“မမြင်ရသေးဘူး။ ခုမှ ဟိုတယ် ပြန်ရောက်ရုံပဲ ရှိသေးတာ”

“ဒါဆိုရင် အကျည်းချုံးပြီး ပြောပြမယ်။ အင်မော်တယ်အဆင့် (၉) နှစ်ယောက်ကို အဆိပ်ပုံစံ အသစ်နဲ့ သတ်လိုက်တယ်လို့ ဖော်ပြနေတယ်။ အဆိပ်က မပြန့်ပွားပေမယ့် သေစေနိုင်တယ်။ ခန္ဓာကိုယ်ထဲ ရောက်သွားတာနဲ့ အသက်ရှူ ကျပ်မယ်၊ ချွေးပေါက် ပိတ်မယ် အင်မော်တယ်အဆင့်တွေ သေဖို့အတွက် (၁၀၀)ရာခိုင်နှုန်း သေချာတယ်။ လူတစ်ယောက်က (၁၀)

စက္ကန့်အောက်ပဲ အသက်ရှင်လိမ့်မယ်။ ဒါကြောင့် ဒီလို အဆိပ်ကို ခုခံကာကွယ်ဖို့ လုံးဝ မဖြစ်နိုင်ဘူး.....”

ရှားဟုန်က ဆက်ပြောသည်။

“ငါ စဉ်းစားနေတာ ကြာနေပြီ။ ဒီအမှုက တော်တော်လေး အန္တရာယ် များတယ်။ ငါ ဆက်ပြီး မစုံစမ်းတော့ဘူး။ အလောင်း အစီရင်ခံစာ ရပြီးတဲ့နောက်မှာ စုံစမ်းစစ်ဆေးသူ တစ်ဝက်လောက်လည်း သိုင်းပညာမြို့က ထွက်သွားကြပြီ။ ငါလည်း မင်းကို ထွက်သွားဖို့ အကြံပေးချင်တယ်။ ဒီလို အရင်းအမြစ် နည်းနည်းလေးနဲ့ သေဖို့ မထိုက်တန်ပါဘူးကွာ။ ဒီလို အမှုတွေကို

အင်မော်တယ်အဆင့်တွေတောင် မကိုင်တွယ်နိုင်လောက်ဘူး။ အင်ပါယာ အဆင့်မှပဲ ဖြစ်လိမ့်မယ်”

“ငါ့ကို သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် အလောင်း အစီရင်ခံစာ ကိုယ်တိုင်ဖတ်ပြီးမှပဲ ဆုံးဖြတ်လိုက်မယ်..”

ထို့နောက် လင်းဟွမ်သည် ဖုန်းချပြီးနောက် အလောင်းအစီရင်ခံစာကို အမြန် ဖတ်ကြည့်လိုက်သည်။ တော်တော်များများ နှုတ်ထွက်သွားလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ အလောင်းအစီရင်ခံစာကို သေသေချာချာ ဖတ်ကြည့်ပြီးနောက် လူတိုင်း၏ စိုးရိမ်ပူပန်မှုကို နားလည် နိုင်ခဲ့သည်။

လူသတ်သမားက အင်မော်တယ် အဆင့် (၁) မှ အဆင့်(၃) အထိသာ သတ်ခဲ့သောကြောင့် လူသတ်သမား၏ စွမ်းရည်က အကန့်အသတ် ရှိလိမ့်မည်ဟု ယူဆခဲ့ကြသည်။ သို့သော်လည်း မွန်းစတား၏ စွမ်းရည်မှာ စိတ်ကူးနိုင်သည်ထက် ကျော်လွန်သွားခဲ့ပြီး အင်မော်တယ် အဆင့် (၉) ကိုပင် သတ်ဖြတ်နိုင်ကြောင်း သိခဲ့ရသည်။

ထို့အပြင် ယခင်က မည်သူမှ မမြင်ဖူးသော အဆိပ်တစ်မျိုး ဖြစ်နေသဖြင့် ထွက်ခွာရန် ဆုံးဖြတ်ချက် ချကြခြင်းကို နားလည်ပေးနိုင်သည်။

လင်းဟွမ်သည် ယခုည စစ်ဆင်ရေးထဲတွင် ရှားဟုန်အား ပါဝင်ရန် မတောင်းဆိုခဲ့ပေ။ သူ့ဆီတွင် လျှို့ဝှက်ချက်များစွာ ရှိနေသောကြောင့် ရှားဟုန်နှင့် အတူတူ လှုပ်ရှားလိုက်ပါက ပေါက်ကြားသွားလိမ့်မည်။

"နတ်ထွက်တာပဲ ဖြစ်ဖြစ်၊ မနတ်ထွက်တာပဲ ဖြစ်ဖြစ်၊ သူတို့ ရှိရှိ၊ မရှိရှိ ဘာမှ မထူးခြားဘူး....."

သွေးရဲရဲလေးက ရယ်မောပြီး ပြောလိုက်သည်။

"ဒီည ပြီးရင် ဒီမွန်းစတား နောက်တစ်ကြိမ် မပေါ်လာတော့ဘူး"

ဆက်သွယ်ရေး မျက်နှာပြင်ကို ပိတ်ပြီးနောက် လင်းဟွမ်က သွေးရဲရဲလေး လုပ်ချင်သည်ကို အလွန်တည်ငြိမ်စွာ ပြောလိုက်သည်။

## အခန်း(၇၄၉) - လူသတ်သမား ပေါ်လာခြင်း။

သန်းခေါင်ယံ မတိုင်ခင် သိုင်းပညာမြို့ကြီးသည် အိပ်မောကျနေသကဲ့သို့ လုံးဝ တိတ်ဆိတ်နေသည်။

ယခုဆိုလျှင် ည (၁၂) နာရီ ထိုးခါနီး ဖြစ်နေပြီ။ မိုးများရွာနေသောကြောင့် လမ်းပေါ်တွင် လူ အနည်းငယ်သာ ရှိသည်။ လမ်း၏ ဘေးနှစ်ဘက်လုံးတွင် လမ်းမီးတိုင်များကို အကွာအဝေးတူညီစွာ စိုက်ထူထား၏။ မိုးရွာသောနေ့ မဆိုထားနှင့် သာမာန်နေ့များတွင်ပင် ည (၁၀) နာရီခွဲ နောက်ပိုင်းတွင် လမ်းပေါ်၌ လူများကို မမြင်ရတော့ချေ။

"မိုးရွာနေတာ ဘယ်လောက် ကြာပြီလဲ..."

လင်းထိန်နေသော ဟိုတယ်အခန်းထဲမှ ဆိုဖာထိုင်ခုံပေါ်တွင် ထိုင်နေသော လင်းဟွမ်က မျက်လုံးများကို ဖြည်းညှင်းစွာဖွင့်ပြီး ပြောလိုက်သည်။ မော်တာအို အကြောင်း လေ့လာရန် သူ့အသိစိတ်နှင့် တနေ့ကုန် ချိတ်ဆက်နေခဲ့ပြီး ယခုမှ သူ့အသိစိတ်ထဲက ပြန်လည်ထွက်လာခြင်းပင် ။ အသိ ပြန်ဝင်လာသောအခါ ပြတင်းပေါက်မှ မိုးရွာနေသောအသံကို ကြားလိုက်ရသည်။

“မနက် (၈) နာရီခွဲ ကတည်းက မိုးစရွာနေတာ မစဲတော့ဘူး”

လင်းဟွမ်ရှေ့က စားပွဲပေါ်တွင် သွေးရဲရဲလေးက လွင့်မျောနေသည်။ ၎င်းသည် လေထဲ ပျံ့ဝဲနေပြသော ဆယ်ဆ ချဲ့ထွင်ထားသည့် ခရမ်းရောင် ချည်သကြားလုံး လေးနှင့် တူနေသည်။

"ရာသီဥတုက မျှော့မျိုးစိတ်တွေရဲ့ စုံစမ်းစစ်ဆေးမှုကို ထိခိုက်စေနိုင်လား"

လင်းဟွမ်က အနည်းငယ် မျက်မှောင်ကြုတ်သွားပြီး ပြတင်းပေါက်မှတဆင့် အပြင်သို့ လှမ်းကြည့်လိုက်သည်။

"ရိုးရိုးသားသား ပြောရရင်တော့ မိုးရွာတဲ့နေ့မှာဆို မိုးရေက သူတို့ရဲ့ မြင်နိုင်စွမ်းကို နည်းနည်းတော့ ထိခိုက်စေတယ်။ ဒီလို ရာသီဥတုကြောင့်

မျှော့မျိုးစေ့တွေရဲ့ ထောက်လှမ်းနိုင်စွမ်းက (၁၅) ရာခိုင်နှုန်းလောက် လျော့ကျသွားတယ်။"

သွေးရဲရဲလေးက အသေးစိတ် ရှင်းပြသည်။

"နောက်ထပ် ပြဿနာတစ်ခုက အဲဒီ မွန်းစတားက ထွင်းဖောက်မြင်ရတဲ့ ပုံစံဖြစ်နေလို့ ဒီလိုရာသီဥတုရဲ့ အခြေအနေကို သေချာပေါက် အသုံးချမှာပဲ"

"ဒါဆိုရင် သူ့အပေါ်မှာ သိသိသာသာ သက်ရောက်မှု ရှိနေတာလား။"

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

"သိသာထင်ရှားတဲ့ အရာတော့ မဟုတ်ဘူး။ ထွင်းဖောက်မြင်ရတဲ့ အနေအထားကို ပြောင်းလဲနိုင်ပေမယ့်။ လုံးဝ ကွယ်ပျောက်သွားတာတော့ မဟုတ်ဘူး။ မိုးရေတွေက သူ့ခန္ဓာကိုယ်ကို ဖြတ်သန်းသွားမှာ မဟုတ်ဘူး။ အဲဒီအစား မိုးရေစက်တွေက သူ့ကိုယ်ပေါ်ကို ကျဆင်းသွားလို့ ခန္ဓာကိုယ် ပုံသဏ္ဍာန်ကို အကြမ်းဖျဉ်း ဖော်ထုတ်ရာမှာ အထောက်အကူ ဖြစ်လိမ့်မယ်။ ဂရုတစိုက် စောင့်ကြည့်နေရင် သိဖို့ မခက်ဘူး"

သွေးရဲရဲလေးက ထပ်ရှင်းပြလိုက်သည်။

ထိုစကားကိုကြားမှ လင်းဟွမ်သည် စိတ်သက်သာရာ ရသွားပြီး ခေါင်းညိတ်လိုက်သည်။ ဆိုဖာထိုင်ခုံပေါ်မှ ထကာ ပြတင်းပေါက်ရှေ့ လျှောက်သွားပြီး လှမ်းကြည့်လိုက်သည်။

ဟိုတယ် အခန်းထဲတွင် နံရံသုံးခုသာ ရှိသည်။ နံရံများထဲမှ တစ်ခုကို ထွင်းဖောက်မြင်ရသော ဘိုင်အိုမှန်များနှင့် ပြုလုပ်ထားသည်။ အခန်းထဲရှိ ပြတင်းပေါက်နှစ်ခုကို မှန်ဖြင့် ကာရံထားပြီး အခန်းထဲမှ လှမ်းကြည့်နိုင်သည်။

မိုးရွာလိုက်သည်နှင့် မိုးရေစက်များက မှန်မျက်နှာပြင်ပေါ်တွင် လာကပ်နေသည်။

လင်းဟွမ်သည် မိုးရေစက်များကို မကြည့်ပေ။ ထိုအစား သူ၏အမြင်အာရုံက ဖောက်ထွင်းမြင်ရသော ဖန်သားပြင်ကို ဖြတ်ကျော်၍ မှောင်မိုက်သော ညအား မြင်နိုင်သည့်အလား ကြည့်နေ၏။

မီတာနှစ်ရာခန့် ကွာဝေးသော ဇိမ်ခံနေရာတွင် အင်မော်တယ် အဆင့် (၃) သားကောင် ဖြစ်နိုင်ချေရှိသော လူတစ်ယောက် ရှိနေသည်။ သွေးရဲရဲလေးက သားကောင် ဖြစ်နိုင်ချေရှိသော လူအားလုံးကို ရှာဖွေ ဖော်ထုတ်ပြီးနောက် ဟိုတယ်နှင့်နီးသော သားကောင်ကို ပစ်မှတ်ထားလိုက်သည်။

ထိုဖိမ်ခံ နေရာထဲတွင် အိမ်ရာများ ရှိသည်။ လင်းဟွမ်၏ ဟိုတယ်အခန်းသည် (၁၂၈) ထပ်မြောက်တွင် ရှိသဖြင့် အပေါ်မှအောက်သို့ ငုံ့ကြည့်လိုက်ပါက အနီးနား ပတ်ဝန်းကျင် တစ်ခုလုံးကို ရှင်းရှင်းလင်း လင်းမြင်နိုင်သည်။ အဝင်ဝတွင် ရှိနေသော အစောင့် ကင်းတဲအပြင်၊ သားကောင်၏ အိမ်အပါအဝင် မီးမဖွင့်ထားသော အိမ်သုံးလုံးသာ ရှိသည်။

အချင်းဝက် မီတာ (၃,၀၀၀) ပတ်လည်သာရှိသော နေရာလေးသည် လင်းဟွမ်၏ နယ်မြေပိုင်နက် အသိစိတ် လွှမ်းခြုံနိုင်သော အကွာအဝေးအတွင်းသာ ရှိသည်။

လင်းပတ်ပ်က မျက်စိမှိတ်ထားလျှင်ပင် ထိုနေရာအတွင်းရှိ လူတိုင်း၏ လှုပ်ရှားမှုများကို စောင့်ကြည့်နိုင်သည်။

ကင်းတဲတွင် တာဝန်ကျနေသော လုံခြုံရေးအစောင့်က ညစာ စားနေသည်။ လင်းထိန်နေသော အိမ်ကြီး တစ်ခုထဲရှိ ကုတင်ပေါ်တွင် ချွေးဒီးဒီးကျအောင် အားကြိုးမာန်တက် လေ့ကျင့်ခန်း လုပ်နေသော စုံတွဲတစ်တွဲ ရှိသည်။ အခြားအိမ်တစ်ခုတွင် ဗလတောင့်တင်းသော အမျိုးသားတစ်ယောက်က ရေချိုးနေသည်။ နောက်ဆုံး၌ သားကောင် ဖြစ်နိုင်ချေရှိသောလူမှာ စာကျက်ခန်းထဲတွင် ထိုင်နေပြီး

အင်ပါယာ နှလုံးသားလက်စွပ်ထဲမှ မေးလ်များကို စစ်ဆေးနေပုံ ရသည်။

လင်းဟွမ်သည် တစ်ချက်တည်းနှင့် နေရာ တစ်ခုလုံးကို လှည့်ပတ် ကြည့်လိုက်သည်။ ထူးခြားမှု တစ်စုံတစ်ရာမျှ မတွေ့သဖြင့် အင်ပါယာ နှလုံးသားလက်စွပ်ကို ခေါင်းငုံ့ကြည့်လိုက်၏။

လင်းဟွမ် ခန့်မှန်းထားသည့်အတိုင်းပင်... အချိန်က ည(၁၁) နာရီ (၄၆) မိနစ် ရှိနေပြီ။

"ဘာမှ မဖြစ်ဖူးလား"

လင်းဟွမ်သည် သွေးရဲရဲလေး ရှိရာဘက်ကို လှမ်းကြည့်ပြီး မေးလိုက်သည်။ သွေးရဲရဲလေး၏

စောင့်ကြည့်နိုင်စွမ်း လက်အောက်မှ မည်သည့်အရာမျှ မလွတ်မြောက်နိုင်ကြောင်း သူ ယုံကြည်နေသည်။

သွေးရဲရဲလေးထံမှ သတင်း မထွက်ပေါ်လာသေးသောကြောင့် လူသတ်မှု ကျူးလွန်သူက ကျူးလွန်ခြင်း မရှိသေးကြောင်း ဖော်ပြနေသည်။

သို့သော်လည်း ည (၁၂) နာရီထိုးခါနီးအချိန်၌ လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။

စိတ်ထဲတွင် သံသယများ ပေါ်လာပြီး ပြတင်းပေါက်ကို နောက်တစ်ကြိမ် ပြန်ကြည့်လိုက်သည်။ ထွင်းဖောက်မြင်ရသော မှန်ကို ဖြတ်ကျော်၍ လမ်းပေါ်သို့ စိုက်ကြည့်လိုက်သည်။

လမ်းက ယခင်က မြင်ဖူးသလို ရှင်းလင်းနေဆဲပင်။ လမ်းဘေးမီးတိုင်များက လင်းထိန် နေချိန်၌ အလွန်ပါးလွှာသော အရိပ်တစ်ခုက ရိပ်ခနဲ ဖြတ်သန်းသွား၏။

မိုးရေစက်များနှင့် ရေငွေ့များကြောင့် ထိုအရိပ်ကို မည်သူမှ သတိမထားမိချေ။ လင်းဟွမ်သည် သူ့နယ်မြေပိုင်နက်ထဲ တစ်စုံတစ်ခု ကျူးကျော် လာကြောင်း ခံစားလိုက်မိ၍သာ….။

ထိုကဲ့သို့ မဟုတ်ပါက ထိုအရိပ်ကို သတိထားမိမည် မဟုတ်ချေ။

"လူသတ်သမား ရောက်နေပြီ၊ ငါတို့အောက်မှာ ရှိနေတယ်"

"တိုက်ဆိုင်လိုက်တာ...."

လင်းဟွမ်က ပြုံးပြီး ခေါင်းညိတ်လိုက်သည်။ သားကောင် ဖြစ်နိုင်ချေရှိသော လူ (၁၁၈) ယောက်ထဲတွင် လူသတ်သမားက သူ့အောက်တွင် ရှိနေသောလူကို ရွေးချယ်လိမ့်မယ်ဟု တကယ် မထင်ထားခဲ့ချေ။ ယခင်က သူ သိမ်းဆည်းခဲ့သော ကိုဩဒိနိတ်များ တည်နေရာများကို အသုံးပြုရန် မလိုတော့ချေ။

သွေးရဲရဲလေးသည် ခရမ်းရောင် တိမ်းတိုက်အဖြစ် ချက်ခြင်း ပြောင်းသွားပြီး လင်းဟွမ်၏ အင်္ကျီ လက်စအောက်တွင် ပုန်းနေလိုက်သည်။

လင်းဟွမ်က အချိန်မဆွဲဘဲ ပြတင်းပေါက်မှ ခုန်ချသွားသည်။ ညှင်ကုက်တစ်ကောင်ကဲ့သို့ မီတာရာနှင့် ချီမြင့်မားသော အဆောက်အအုံတစ်ခုပေါ် ရောက်ရှိသွားသည်။ သူ၏ပစ်မှတ်မှာ သာမန်မျက်စိနှင့် မမြင်နိုင်သော အရိပ် ဖြစ်သည်။

၎င်း၏ ခန္ဓာကိုယ်မှာ ထွင်းဖောက် မြင်လုနီးပါး ဖြစ်နေသော်လည်း လင်းဟွမ်၏ နယ်မြေပိုင်နက် လွှမ်းခြုံထားသော နယ်မြေထဲ၌ လူသတ်သမားကို

အမှောင်ထဲတွင် မီးထွန်းထားသကဲ့သို့ ရှင်းရှင်းလင်းလင်း ဖြစ်နေရသည်။ မည်သို့ပင် ဖုံးကွယ် နေစေကာမူ လင်းဟွမ်က ကောင်းကောင်း မြင်နိုင်၏။

သွေးရဲရဲလေး သုံးသည့်နည်းလမ်းက ပို၍ အကြမ်းဆန်သည်ဟု ပြောရမည်။ မျှောမျိုးစေ့များက ဤနေရာအတွင်းရှိ မိုးရေစက်များ မထိသောမြေနှင့် လေထုကို သတိထား စောင့်ကြည့်နေခဲ့သည်။

လူသတ်သမားက သူ့ကို ရှာတွေ့သွားကြောင်း မသိသေးသည့်ပုံပင်....။ ၎င်းက လျင်မြန်စွာ ရွေ့လျားနေပြီး ထိုနေရာ အတွင်းရှိ စောင့်ကြည့် မွန်းစတားအားလုံးကို သတ်ပစ်ခဲ့သည်။

နောက်ဆုံး၌ စောင့်ကြည့် မွန်းစတားကို သတ်ပြီးနောက် တစ်ခုခု လွဲမှားနေကြောင်း သိလိုက်ရပြီး ခန္ဓာကိုယ် ဖြည်းဖြည်းခြင်း လှည့်ကြည့်လာသည်။

ထိုအချိန်၌ လင်းဟွမ်က မြေပြင်ပေါ် ဆင်းသက်လာသည်။ ဆောင်းဦးတွင် သစ်ရွက်များ ကြွေကျသကဲ့သို့ မြေပြင်ပေါ်သို့ တည်ငြိမ်စွာ ကျဆင်းလာ၏။

ပြိုင်ဘက်၏ ခန္ဓာကိုယ်ကို မမြင်ရသော်လည်း လူသတ်သမားက သူနှင့် ဆယ်မီတာပင် မဝေးကြောင်း ကောင်းကောင်း သိနေသည်။ ထို့အပြင် အမည်မသိသော

မွန်းစတားက သူ့ကို စူးစူးစိုက်စိုက် စိုက်ကြည့်နေကြောင်းလည်း သိနေသည်။

"မင်းမှာ အတော်လေး အစွမ်းထက်တဲ့ ထောက်လှမ်းနိုင်စွမ်း ရှိတာပဲ။ ငါ့ရဲ့အော်ရာကို အတတ်နိုင်ဆုံး ထိန်းထားဖို့ ကြိုးစားခဲ့တာတောင် မင်းက ရှာတွေ့သေးတာပဲ"

လင်းဟွမ်က သူ့ကိုယ်သူ စကားပြောနေသလိုမျိုး ပြောလိုက်သည်။

ထွင်းဖောက် မြင်လုနီးပါး ဖြစ်နေသော မွန်းစတားက သူ့ကို ရှာဖွေတွေ့ရှိသွားကြောင်း သိလိုက်သည်။ ထို့နောက် ဖုံးကွယ်ရန် စိတ် မဝင်စားတော့ဘဲ

သူ့ခန္ဓာကိုယ်က ဖြည်းဖြည်းခြင်း အဆိုင်အခဲ ဖြစ်လာသည်။

ခန္ဓာကိုယ်အသွင်အပြင်ကို မြင်လျှင် လင်းယုန်မြွေ မျက်မှောင် ကြုတ်သွားသည်။ သူ့ပြိုင်ဘက်က ကြောက်စရာ မကောင်းသော လူသားပုံစံနှင့် ပေါ်လာသည်။ ၎င်း၏ခန္ဓာကိုယ်နှင့် မျက်နှာသည် လွန်ခဲ့သော နှစ်ရက်က သူမြင်ခဲ့သည့် အလောင်းနှင့် တစ်ထပ်တည်း တူညီနေခြင်းပင်။

၎င်းသည် ခန္ဓာကိုယ် ဖွဲ့စည်းပြီးနောက် ကြီးမားသော အကျီတစ်ထည် ပေါ်လာပြီး မွန်းစတား၏ ခန္ဓာကိုယ်အပေါ်ပိုင်းကို ဖုံးအုပ်သွားသည်။ လူသားတို့၏

နေထိုင်မှုပုံစံနှင့် ပတ်သက်၍ အတိုင်းအတာ တစ်ခုအထိ နားလည်သည်မှာ ထင်ရှားနေသည်။

"ငါ ပြောနေတာကို မင်းနားလည်နိုင်တယ်ဆိုတာ ငါသိတယ်။ စိတ်ထဲမထားရင် မင်း ဘယ်လိုမွန်းစတားလဲ ဆိုတာ ငါ့ကို ပြောပြလို့ရမလား။ မင်းကို မွန်းစတား စွယ်စုံကျမ်းထဲမှာ ရှာမတွေ့ဘူး"

လင်းဟွမ်က စနောက်ပြီး မေးလိုက်သည်။ အမှန်တကယ်ဆို တိုက်ခိုက်ရန် အဆင်သင့် ဖြစ်နေပြီ။

"အင်မော်တယ် အဆင့်တောင် မရောက်သေးဘူး။ ငါ့ကို ဘယ်လိုတောင် စော်ကားရဲတာလဲ။"

မွန်းစတားက မျက်လုံးမှေးပြီး ကြည့်လိုက်သည်။ လင်းဟွမ်က ဘာကြောင့် ဤကဲ့သို့ လုပ်ဆောင်ရန် သတ္တိရှိလဲ ဆိုသည်ကို နားမလည်သောကြောင့် ချက်ချင်း မတိုက်ခိုက်ခဲ့ပေ။ လင်းဟွမ်သည် သူ့ကို ထောင်ချောက် ဆင်နေသည်လော သို့မဟုတ် သူ့နောက်တွင် အခြားလူများ ရှိနေသလား ဆိုသည်ကိုပင် သံသယ ရှိနေသည်။

"မင်း လိုက်ကြည့်နေစရာ မလိုဘူး။ ငါ တစ်ယောက်ထဲပဲ"

လင်းဟွမ်က စနောက်ပြီး လက်မြှောက်ရင်း ပြောလိုက်သော်လည်း သူ့စိတ်ထဲတွင်

"လူသားတော့ မဟုတ်ဘူး ဆင့်ခေါ်မွန်းစတားတော့ ပါတယ်"

လင်းဟွမ်ပြောသည့် စကားအတိုင်း တစ်ယောက်ကိုမျှ မတွေ့သောကြောင့် မွန်းစတားသည် မှန်ကန်သည်ဟု ယူဆလိုက်သည်။ ထို့နောက် မျက်လုံးများထဲတွင် ဒေါသ အရိပ်အယောင်များ တောက်ပလာပြီး

"အေး... မင်းက သေချင်နေတယ် ဆိုတော့လည်း ဖြည့်ဆီးပေးရမှာပေါ့"

## အခန်း(၇၅၀) - ငရဲဝိညာဥ် အမျိုးအစား.....။

အချိန်မှာ ညသန်းခေါင်ယံအချိန် ကျော်နေပြီး ညက မည်းမှောင်နေ၏။ ကောင်းကင်ပေါ်တွင် တိမ်မည်းများ ဖုံးလွှမ်းနေပြီး ကြယ်ရောင်ကိုပင် မမြင်ရချေ။ အကယ်၍ လမ်းမီးတိုင်များ မရှိဘဲ အမှောင်ထဲ လမ်းလျှောက်မည် ဆိုပါက မည်သည့်အရာကိုမှ မမြင်နိုင်ချေ။

သိုင်းပညာမြို့သည် မိုးဖွဲဖွဲလေး ကျနေကာ အနည်းငယ်အေးစက်သော ရာသီဥတု ဖြစ်နေပြီး ဆောင်းရာသီကို ကြိုဂုဏ်လမှ စတင်သော ဤမြို့အတွက် အပျော်များ ထပ်ပေါင်း၍ တိုးလာသည်။

ဖိမ်ခံနယ်မြေရှိ တိတ်ဆိတ် ငြိမ်သက်နေသော လမ်းကြားလေး တစ်ခုထဲ၌....

လမ်းမီးတိုင်အောက်၌ လူနှစ်ယောက် မတ်တပ်ရပ်နေကြသည်။ ထိုအထဲမှ တစ်ယောက်မှာ အရပ် (၂) မီတာခန့်ရှိပြီး နက်မှောင်သော ကုတ်အင်္ကျီကို ဝတ်ဆင်ထားကာ ကြွက်သားများနှင့် ဗလတောင့်တင်းသည်။ ကောင်းကင်တွင် မိုးတစ်ချက် ချိမ်းသွားပြီး လျှပ်စီးများ လျှပ်သွားသောအခါ ထိုလူ၏မျက်နှာကို ခတ္တမျှ ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်။

ဆံပင်သည် အင်မတန်တိုပြီး ဦးရေပြားနှင့် ကပ်လုနီးပါး ရှိနေသည်။ ရုပ်ရည် ကြမ်းတမ်းပြီး

နှာတံပေါ်တွင် အမာရွတ်ရှိကာ ကြောက်စရာ ကောင်းသော အသွင်အပြင် ရှိ၏။

နောက်တစ်ယောက်မှာမူ အရပ်က (၁.၈) မီတာခန့် မြင့်ပြီး သာမန် ဆယ်ကျော်သက် လူငယ်လေးတစ်ယောက်နှင့် တူနေသည်။ ဘေးမှကြည့်ပါက ပိန်ပါးသည်။ ပေါ့ပါးသော အဝတ်အစားများ ဝတ်ဆင်ထားပြီး တီရှပ်အင်္ကျီ အဖြူ၊ ဂျင်းဘောင်းဘီ အတို ဝတ်ဆင်ထားသည်။ တစ်ခုတည်းသော ခြားနားချက်မှာ ချောမော၍ ဆွဲဆောင်မှုရှိသော ရုပ်ရည် ရှိနေခြင်းပင်...။ ညအခါ၌ သူ၏ အနက်ရောင်မျက်လုံး တစ်စုံက တန်ဖိုး

မဖြတ်နိုင်သော အနက်ရောင် ကျောက်မျက်ရတနာ နှစ်ခုကဲ့သို့ တလက်လက် တောက်ပနေသည်။

နေရောင်ခြည်ကဲ့သို့ အဝါရောင်အလင်း မှိန်မှိန်လေးက လမ်းမီးတိုင်မှ ဖြာကျနေပြီး မိုးရေစက်များကို ရောင်ပြန်ဟပ်လျှက် ရှိနေသည်။ သို့သော်လည်း လမ်းမီးတိုင် အောက်တွင် မတ်တပ်ရပ်နေသော လူနှစ်ယောက်မှာမူ မိုးရေများ စိုရွှဲနေခြင်း မရှိကြချေ။ သေသေချာချာ သတိထားပြီး အနီးကပ် ကြည့်လိုက်မည်ဆိုပါက မိုးရေများသည် သူတို့၏ အဝတ်အစားများကို မထိခင် စင်တီမီတာ အနည်းငယ်၌ သွေဖယ်သွားကြောင်း တွေ့ရလိမ့်မည်။ ပါးလှပ်ပြီး

ဖောက်ထွင်းမြင်ရသော အလွှာတစ်ခုနှင့် မိုးရေများကို တားဆီးထားပုံပင် ။

ဝုန်း .. ဂျိမ်...ဝုန်း... ဝေါ..

ဤကဲ့သို့ စွမ်းရည်မျိုးကို သန့်ရှင်းမီးလျှံအဆင့်နှင့် အထက် လူများကသာ ပိုင်ဆိုင်နိုင်ကြသည်။ ခန္ဓာကိုယ်ထဲရှိ ကံကြမ္မာစွမ်းအားကို အနည်းငယ် အသက်သွင်းရုံသာ လည်ပတ်စေပြီး ခန္ဓာကိုယ် မျက်နှာပြင်တစ်လျှောက်တွင် စွမ်းအား နယ်ပယ်တစ်ခု ဖြစ်ပေါ်လာစေသည်။ ထိုစွမ်းအား နယ်ပယ်သည် ခုခံကာကွယ်နိုင်စွမ်း မရှိသော်လည်း ခန္ဓာကိုယ်အား မိုးရေမစိုရန်၊ မိုးသီးများ မထိစေရန်မှု လုံလောက်

ပေသည်။ ဒါသည် သာလွန်အဆင့်နှင့် သာမန်လူသားများ ကြားမှ ကွာခြားချက်တစ်ခုလည်း ဖြစ်သည်။

အမှန်တကယ်ဆို အင်မော်တယ်အဆင့် ရောက်ပြီးသည်နှင့် လူတစ်ယောက်၏ ကံကြမ္မာစွမ်းအားက ပိုမို သန်မာလာသဖြင့် သူတို့၏ ကံကြမ္မာစွမ်းအားကို တမင်တကာ အသက်သွင်းစရာပင် မလိုတော့ချေ။ စွမ်းအားနယ်ပယ်က အလိုလို လည်ပတ်နေပြီး (၂၄) နာရီကြာအောင် တည်တံ့နေနိုင်သည်။ မိုးရေ စိုစွတ်ခြင်းမှ ကာကွယ်ပေးသည့်အပြင် ဖုန်မှုန့်များ ထိရောက်ခြင်းမှလည်း ကာကွယ် ပေးသည်။

ယေဘုယျအားဖြင့် ပြောရမည်ဆိုလျှင် တစ်နှစ်ပတ်လုံး ရေမချိုးလည်း ခန္ဓာကိုယ်က အညစ်အကြေးများ ကင်းစင်နေလိမ့်မည်။

(အမ်.. ငါ့ရဲ့ spa ကုထုံးတော့ စီးပွားပျက်တော့မှာပဲ..)

လင်းဟွမ်သည် မိုးရေထဲက ပြိုင်ဘက်ကို အကဲခတ်နေသည်။ သူမြင်နေရသော အသွင်ပြောင်းထားသည့် လူသားမှာ သေဆုံးသွားခဲ့ပြီ ဖြစ်ကြောင်း သူ သိနေသည်။ အမှန်တကယ်ပင် လူသားတစ်ယောက်ဟု ထင်ရသည်။ ထို့အပြင် မွန်းစတားထံမှ ဖြာထွက်နေသော အော်ရာသည် လူသားတစ်ယောက်နှင့် အတူတူ ဖြစ်နေသည်။

လင်းဟွမ် ၎င်းနှင့် (၁၀) မီတာအကွာတွင် မတ်တပ်ရပ်နေသော်လည်း မည်သည့် ထူးခြားချက်ကိုမှ ရှာမတွေ့ချေ။ ထို့အပြင် ထိုမွန်းစတား၏ အော်ရာနှင့် သန်မာမှုက နစ်နာသူနှင့် အတူတူပင်.....။ သူတို့ နှစ်ဦးလုံးက အင်မော်တယ်အဆင့် (၃) တွင် ရှိကြသည်။

သာမန် အင်မော်တယ် အဆင့် (၃) က လင်းဟွမ်အတွက် မည်သည့်အဓိပ္ပာယ်မှ မရှိသော်လည်း ယခုလက်ရှိ သူ့ရှေ့တွင် ရှိနေသော မွန်းစတားကိုမူ လျှော့မတွက်ဝံ့ပေ။

နောက်ကြောင်းပြန် ကြေးမုံမှ တဆင့် အင်မော်တယ်အဆင့် (၉) နှစ်ယောက်ကို

အဆိပ်ခတ်ခဲ့သည့်ပုံအား မြင်ခဲ့ဖူးသည်။ သားကောင်၏ တိုက်ခိုက်ရေး စွမ်းရည်အဆင့်ကို ကူးယူရန် ကြိုးစားထားသောကြောင့် မွန်းစတား၏ စွမ်းရည်က အင်မော်တယ် အဆင့် (၃) တွင်သာ အမှန်တကယ် ရှိခြင်း၊ မရှိခြင်းကို အတည်မပြုနိုင်ချေ။

လင်းဟွမ်က မွန်းစတားကို ဂရုတစိုက် အကဲခတ်နေစဉ် မွန်းစတားကလည်း လင်းဟွမ်ကို အကဲခတ်နေသည်။ သို့သော် လင်းဟွမ်ကို အကဲခတ်ရုံသာမက ပတ်ဝန်းကျင်ကိုလည်း သတိထား စောင့်ကြည့်နေသည်။ လင်းဟွမ်နောက်တွင် မည်သူမျှ မရှိကြောင်း အတည်ပြုပြီးနောက် အစပိုင်းတွင် ဖိသိပ်ထားသော

အော်ရာကို ထုတ်လွှတ်လိုက်သည်။ အစပိုင်းတွင်ရှိနေသောအော်ရာမှာ ခပ်ရိုပ်ရိုပ်သာ ဖြစ်သော်လည်း ယခုအခါ စိမ်းလန်းသော ကွင်းပြင်တစ်ခုလုံးကို လွှမ်းခြုံသွား၏။ ထိုအချိန်ရောက်မှပင် လင်းဟွမ်သည် လူသားနှင့်မတူဘဲ ကြောက်စရာကောင်းသော မိစ္ဆာအငွေ့အသက်ကို ခံစားလိုက်ရသည်။

"ဒီအော်ရာ.. မင်းက မိစ္ဆာတစ်ကောင်လား.."

လင်းဟွမ် မျက်မှောင်ကြုတ်လိုက်သည်။ သို့သော်လည်း ဤမွန်းစတား ထုတ်လွှတ်နေသော အော်ရာမှာ မိစ္ဆာများနှင့် အနည်းငယ် ကွာခြားနေကြောင်း မရေမရာ ခံစားမိသည်။ မိစ္ဆာများ ထုတ်လွှင့်တတ်သော

အော်ရာမှာ နေရောင်ကဲ့သို့ စူးရှပြီး ရက်စက်ကြမ်းကြုတ်သည်။

"မဟုတ်ဘူး ၊ ဒါက ငရဲဝိညာဉ် အမျိုးအစားဖြစ်နိုင်တယ်..။ မိစ္ဆာတွေရဲ့ အောဲရာက မဲမှောင်ပေမဲ့ ငရဲသားတွေရဲ့အောဲရာက ပိုပြီး မကောင်းဆိုးဝါးဆန်တယ်"

သွေးရဲရဲလေး၏ အသံကို ကြားလိုက်ရသည်။

လင်းဟွမ်သည် ငရဲဝိညာဉ် အမျိုးအစားဟူသောစကားကို ကြားသောအခါ နောက်တစ်ကြိမ်မျက်မှောင်ကြုတ်သွားသည်။ ထို့နောက် သတိကြီးကြီး

ထားလိုက်ပြီး လက်ထဲတွင် အနက်ရောင် တိုက်ခိုက်ရေးဓါး ဖွဲ့စည်းလာသည်။

လင်းဟွမ်သည် သိုင်းပညာ မုဆိုးကောလိပ်ရှိ မွန်းစတား စွယ်စုံကျမ်းများကို ဖတ်ခဲ့သောကြောင့် ငရဲဝိညာဉ်အမျိုးအစား အကြောင်းကို ကောင်းကောင်း သိသည်။ ငရဲဝိညာဉ်အမျိုးအစား အများစုသည် ဝိညာဉ် အသွင်ကူးပြောင်းခြင်း အစွမ်းကို ဖန်တီးနိုင်ကြသည်။ အချို့က သေဆုံးသူများ၏ ဝိညာဉ်များက နာကြည်းခြင်း၊ ဒေါသထွက်ခြင်းများ ရှိနေတတ်ကြသည်။

ထို့အပြင် အချို့ သက်ရှိဝိညာဉ်များက ညစ်ညမ်းခြင်း၊ နာကြည်းခြင်း များကြောင့် ငရဲဝိညာဉ်များအဖြစ်

ပြောင်းလဲ သွားကြသည်။ အဆိုးမြင်စိတ်၊ မကောင်းမြင်စိတ် စုပုံလာသောအခါ ငရဲဝိညာဉ် အမျိုးအစားအဖြစ် ဖွဲ့စည်းသွားကြသည်။

အကျဉ်းချုပ် ပြောရမည်ဆိုလျှင် ဤဝိညာဉ်အမျိုးအစား မွန်းစတားသည် အင်မတန် ဆိုးသွမ်းပြီး ထိတ်လန့် တုန်လှုပ်စရာကောင်းသော တိုက်ခိုက်ရေး စွမ်းရည်များ ပိုင်ဆိုင်ထားကြသည်။

"ငရဲဝိညာဉ် အမျိုးအစားက အပျက်သဘောဆောင်တဲ့ ခံစားချက်တွေကို ထိန်းချုပ်လေ့ရှိတယ်။ ဒါပေမယ့် သူတို့ရဲ့ ဉာဏ်ရည်က အကန့်အသတ် ရှိတယ် မဟုတ်ဘူးလား"

လင်းဟွမ်စိတ်ထဲတွင် အတွေးတစ်ခု ရုတ်တရက် ပေါ်လာသည်။

“ဒီမွန်းစတားက ခြေရာလက်ရာ သဲလွန်စ မကျန်ဘဲ ကွင်းဆက်လူသတ်မှု လုပ်နိုင်တော့ ဉာဏ်ရည်နိမ့်တဲ့ မွန်းစတား တစ်ကောင်လို့ မထင်ရဘူး”

“ဒါပေမယ့် ထွက်လာတဲ့ အော်ရာ အရတော့ မမှားနိုင်ဘူး။ မှောင်တယ်၊ ကြမ်းတမ်းတယ်၊ မကောင်းဆိုးဝါး ဆန်တယ်၊ ဒါတွေအားလုံး ရောထွေး နေတာက ငရဲဝိညာဉ် အမျိုးအစားဆိုတာ သေချာပေါက်ပဲ”

သွေးရဲရဲလေးက ယုံကြည်ချက်ရှိစွာ ပြောလိုက်သည်။

"ဒါပေမယ့် တော်တော် ပါးနပ်တယ်ဆိုတော့ အထူးအဆန်း ကိစ္စ ဖြစ်နိုင်တယ်"

မွန်းစတားသည် ထုတ်လွှင့်နေသော အော်ရာက အထွတ်အထိပ်သို့ ရောက်သွားသည်နှင့် တပြိုင်နက် ရုတ်တရက် လှုပ်ရှားလိုက်သည်။ (၂) မီတာ ကျော်မြင့်သော ခန္ဓာကိုယ်ကြီးနှင့် ရွှေ့လျား လှုပ်ရှား နေသော်လည်း ၎င်း၏အမြန်နှုန်းမှာ အင်မတန် မြန်ဆန်လှပြီး အင်မော်တယ် အဆင့် (၃) ထက်ပင် ကျော်လွန်သွားခဲ့ပြီ။

လင်းဟွမ်သည် ဖျတ်ခနဲ၊ ရိပ်ခနဲ ရွှေ့လျားနေသော အရိပ်တစ်ခုကိုသာ မြင်နေရသည်။ သို့သော်လည်း

လှုပ်ရှားမှုကို မဖမ်းမိနိုင်ခြင်းက လင်းဟွမ်အတွက် ကြီးမားသော ပြဿနာတစ်ခု မဟုတ်ပေ။ သူ၏ နယ်မြေပိုင်နက် အသိထဲတွင် ပုရွက်ဆိတ်တစ်ကောင်ပင် မလွတ်မြောက် နိုင်သောကြောင့် (၂) မီတာမြင့်မားပြီး ဗလတောင့်တင်းသော လူတစ်ယောက်က ပုန်းကွယ် နိုင်လိမ့်မည် မဟုတ်ချေ။

လင်းဟွမ်သည် သူ့နယ်မြေပိုင်နက်အသိ အာရုံခံမှုကို တုံ့ပြန်လိုက်သည်နှင့် တစ်ပြိုင်နက် အချိန်မဆိုင်း၊ စက္ကန့်မဆိုင်းတော့ဘဲ ဓါးကို ရှေ့သို့လွှဲ၍ ခုတ်ချလိုက်၏။ သူ့ကံကြမ္မာ စက်ဝိုင်းထဲရှိ ခရမ်းရောင် ကံကြမ္မာ မီးလျှံများက ပြင်းထန်စွာ တောက်လောင်လာသည်။

ကံကြမ္မာစွမ်းအားများသည် ခန္ဓာကိုယ်ကို ဖြတ်သန်း၍ စီးဆင်းနေသော မြစ်ကြီးတစ်စင်းနှင့် တူနေသည်။

ထိုအချိန်၌ အနက်ရောင် တိုက်ခိုက်ရေးဓါးသည် ခရမ်းရောင်း ပြောင်းသွားပြီး တောက်ပနေသော ခရမ်းရောင် အလင်းများက ဓါးတစ်ချောင်းလုံး ဖုံးလွှမ်းသွားသည်။ အရှည် (၂) မီတာခန့် ရှိသော ရောမဓါးကြီးအဖြစ် ချက်ချင်း ပြောင်းလဲသွားသည်။

ဘုန်း ..

ခရမ်းရောင်ဓါးကြီး ဖန်တီးပြီးသည့် အချိန်မှာပင် မွန်းစတားက လင်းဟွမ်ရှေ့ ရောက်ရှိလာသည်။ ကြွက်သားများ တောင့်တင်းပြီး သွေးပြန်ကြောများ

ထောင်နေသည်။ သွေးများ စီးနေသည်ကိုပင် ယောင်ဝါးဝါး မြင်နေရပြီး မွန်းစတား၏လက်ထဲတွင် မည်သည့် လက်နက်မှ မကိုင်ဆောင်ထားပေ။ သို့သော်လည်း ၎င်းထံတွင် ကြီးမားသော လက်သီးကြီး တစ်လုံးရှိကာ လက်မောင်းကို လွှဲ၍ ပြင်းထန်စွာ ထိုးနှက်လိုက်သည်။

ထိုအချိန်၌ လေထဲတွင် ကျယ်လောင်သော လေခွင်းသံကြီး ပေါ်လာသည်။ လေတိုးသံ မရောက်ခင် လေဟာနယ်တစ်ခု ဖြစ်ပေါ်လာကာ မိုးများပင် တိတ်ဆိတ်သွားစေသည်။

ထိုတိုက်ခိုက်မှုကို မြင်လိုက်လျှင် လင်းဟွမ်၏ မျက်လုံးသူငယ်အိမ်များ အနည်းငယ် လှုပ်ခတ်သွားသည်။ ချက်ချင်းဆိုသလို ကံကြမ္မာစွမ်းအားများကို အမြင့်ဆုံး အခြေအနေအထိ အသက်သွင်းလိုက်ရာ ခရမ်းရောင်ဓါး၏ လေခွင်းသံက ပို၍ ကျယ်လောင်လာသည်။

ဓါးက လေထဲ ဖြတ်သန်းနေစဉ် အင်မတန် လျင်မြန်လှပြီး မိုးရေစက်များကိုပင် ဖြတ်တောက်သွားသည်။

နှစ်ဦးနှစ်ဖက်လုံးသည် သတ်ဖြတ်ချင်သော ရည်ရွယ်ချက်များကို ထိန်ချန်ထားခြင်း မရှိဘဲ တိုက်ခိုက်လိုက်ကြသည်။

လမ်းမီးတိုင်အောက်၌ အဖြူရောင်နှင့် အနက်ရောင် အလင်းများသည် တစ်ခုနှင့်တစ်ခု ထိပ်တိုက် တွေ့ဆုံသွားကြသည်။

# အခန်း(၇၅၁) - လင်းဟွမ်နှင့် ငရဲဝိညာဉ်တို့၏ တိုက်ပွဲ...

မှောင်မည်းနေသော ကောင်းကင် အောက်၌ လမ်းမီးတိုင် အရိပ်က ခပ်မှိန်မှိန် ဖြာကျနေသည်။ လမ်းမီးက အဝါရောင် ခပ်မှိန်မှိန် လင်းထိန်နေပြီး လမ်းမီးတိုင်အောက်၌ အလင်းနှစ်ခုက တစ်ခုနှင့်တစ်ခု ထိပ်တိုက် ထိမိသွားကြသည်။

တစ်ခုမှာ အနက်ရောင် အလင်းတန်း ဖြစ်ပြီး အခြားတစ်ခုမှာ ခရမ်းရောင် အလင်းတန်းပင် ။ ခရမ်းရောင်နှင့် အနက်ရောင် အလင်းတန်းများသည်

လမ်းမီးတိုင်အောက်၌ အချင်းချင်း ထိပ်တိုက်တွေ့ဆုံပြီး တစ်ခုနှင့်တစ်ခု အားပြိုင်ကာ ဖုံးလွှမ်းနိုင်ရန် ကြိုးစားနေကြသည်။

ဘုန်း.....

မိုးခြိမ်းသံအလား ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီး ကီလိုမီတာ ရာပေါင်းများစွာ ဝေးကွာသော နေရာမှ အရာများပင် ပြိုကျ ပျက်စီးသွားသည်။ မြူများ၊ ဖုန်များ တထောင်းထောင်း ထလာပြီး လမ်းမီးတိုင်မှ ထုတ်လွှင့်နေသော မီးလုံး၏ အလင်းရောင်ကိုပင် ဝါးမျိုသွားခဲ့ပြီ။

ထိပ်တိုက်တွေ့ဆုံသည့် ရလဒ်အရ လေထုပင် ပြင်းထန်စွာ တုန်ခါသွားသည်။ ရေထဲသို့ ကျောက်ခဲတစ်လုံး ပစ်ချလိုက်သည်နှင့် တူလှ၏။ လေထဲတွင် လှိုင်းဂယက်များ ထွက်ပေါ်လာပြီး နေရာတိုင်းသို့ ပြင်းထန်သော လှိုင်းလုံးကြီး ဖြာထွက်သွားသည်။ ထိုပေါက်ကွဲမှု အင်အားကို ဗဟိုပြုသော လမ်းမီးတိုင်သည် ခဏတွင်းချင်း ဖုံးလွှမ်းသွားပြီး အမှုန်များ ဖြစ်သွားသည်။

လမ်းမီးတိုင် ပြုလုပ်ထားသည့် အဓိက အသုံးပြုသော ပစ္စည်းမှာ ဇီဝဓာတုဗေဒနည်းလမ်းအရ ပြုလုပ်ထားသော သတ္တုစပ် အမျိုးအစား ဖြစ်ပြီး ခံနိုင်ရည်

ကောင်းသော်လည်း အင်မော်တယ်အဆင့် တိုက်ခိုက်မှုအင်အားနှင့် ကြုံတွေ့သောအခါ ကစားစရာ ပလတ်စတစ် အရုပ်ကဲ့သို့ အားနည်းလွန်းလှ၏။

သူတို့သည် လမ်းမီးတိုင်ကို ဖျက်ဆီးခဲ့ခြင်း မဟုတ်ပေ။ ထိုအလင်းတန်းနှစ်ခု ဖုံးလွှမ်းသွားသော နေရာရှိ အရာအားလုံး နီးပါးက ပြာကျသွားခြင်းသာ...။ အမှုန်များ ဖြစ်ကုန်၏။ လမ်းနှစ်ဖက် နှစ်ချက်ရှိ တံတိုင်းများ၊ နံရံများ ပျောက်ကွယ်သွားရုံသာမက သူတို့ ခြေထောက်အောက်က မြေကြီးပင် ပြိုကျပြီး (၁၀) မီတာခန့်နက်သော တွင်းကြီးတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

လေပြင်းများ ထွက်ပေါ်လာသောကြောင့် လမ်းဘေးနှစ်ဖက်ရှိ သစ်ပင်များ၊ အပင်ကြီးများ ပြိုလဲကုန်သည်။ အချို့က အမြစ်မှပြုတ်ထွက်၍ လွင့်ပါသွားကြသည်။ လမ်းဘေးရှိ အမှိုက်ပုံးများသည် လေထဲတွင် ပလူပျံပြီး နေရာတစ်ခုလုံး အမှိုက်များ မွစာကြဲသွားသည်။ အမှိုက်အချို့ဆိုလျှင် မီတာရာနှင့်ချီ ဝေးသော နေရာအထိ လွင့်စင်သွားကြ၏။

ကျယ်လောင်သော ပေါက်ကွဲသံကြီးနှင့်အတူ လေထုတုန်ခါသွားသောကြောင့် အိမ်တော်တော်များများ၏ မှန်များ ကွဲအက်ကုန်သည်။

မိုးချုန်းသံအလား ကျယ်လောင်သော အသံကြီးကြောင့် မရေမတွက်နိုင်သော လူများ နိုးလာသည်။ အများစုက လျှော်လျှပ်သည်ဟု ထင်ကြ၊ မြင်ကြသည်။ အချို့က ကိုယ်လုံးတီး အဝတ်အစားမပါဘဲ အိမ်ထဲမှ ထွက်ပြေးလာကြသည်။

အချို့ သာလွန် လူသားများကမူ တုန်ခါသော စွမ်းအားကို ခံစားမိပြီး အင်မော်တယ်အဆင့် တိုက်ပွဲတစ်ခု ဖြစ်ပေါ်နေကြောင်း သိကြသည်။ သူတို့သည် ပေါက်ကွဲမှု ဖြစ်ပွားရာ နေရာသို့ ပြတင်းပေါက်မှ လှမ်းကြည့်နေကြသည်။

လေထုအလယ်၌ အလင်းတန်းနှစ်ခုက ထပ်တိုက် ရင်ဆိုင်မိပြီးနောက် မှိန်ဖျော့သွားသည်။ အနက်ရောင်နှင့် အဖြူရောင် အရိပ်များသည် ဖုန်မှုန့်များ လွှမ်းခြုံသော နေရာမှ (၁၀) မီတာဝေးသည့် နေရာအထိ ဆုတ်ခွာသွားကြသည်။

လင်းဟွမ်သည် ပြိုင်ဘက်နှင့် ထိပ်တိုက် တိုက်ခိုက်ပြီးနောက် စွမ်းအင်မှာ သူနှင့် တန်းတူညီတူ ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ လင်းဟွမ်သည် ခရမ်းရောင်မီးလျှံအဆင့် ဖြစ်လင့်ကစား သူ၏ အစစ်အမှန် တိုက်ခိုက်ရေးအစွမ်းမှာ သာမန် အင်မော်တယ်အဆင့် လူတစ်ယောက်နှင့် လက်ရည်တူ တိုက်ခိုက်နိုင်သည်။

သို့သော်လည်း ဤမွန်းစတား၏ တိုက်ခိုက်ရေးအဆင့်မှာ အင်မော်တယ်အဆင့် (၃) သာ ရှိသော်လည်း ၎င်း၏ တိုက်ခိုက်ရေး စွမ်းရည်မှာ ပိုင်၊ ချောကလက်လေး တို့နှင့်ပင် ယှဉ်နိုင်၏။

"အင်မော်တယ် အဆင့်ကြားက အဆင့်မြင့် တိုက်ပွဲတစ်ခု ပဲဟေ့..."

တန်ဖိုးကြီး ရပ်ကွက်ထဲရှိ လူလတ်ပိုင်း အမျိုးသား တစ်ယောက်က သူတို့နှစ်ယောက် တိုက်ခိုက်သော နေရာသို့ အကြည့်မလွှဲဘဲ စိုက်ကြည့်နေသည်။ သူသည် အင်မော်တယ်အဆင့် (၃) ရှိနေသော်လည်း တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ

အကျိုးဆက်များအရ သူတို့၏စွမ်းရည်က သူ့ထက် သာလွန်ကြောင်း ရှင်းရှင်းလင်းလင်း သိနေသည်။ ထိုတိုက်ခိုက်မှုသာ သူ ရင်ဆိုင်ရမည်ဆိုပါက စက္ကန့်ပိုင်းလေး အသတ်ခံရမှာ သေချာသည်။

လူလတ်ပိုင်း အမျိုးသား ကြောက်လန့်သွားသည်။ မကြာခင် ထိတ်လန့်ကြောက်ရွံ့နေသော အမူအရာက မျက်နှာ တစ်ခုလုံးပေါ်တွင် ပြည့်နှက်လာသည်။ ပြတင်းပေါက်မှ ချက်ချင်း ခုန်ထွက်၍ တိုက်ပွဲဖြစ်ပွားရာ နေရာနှင့် ဆန့်ကျင်ဘက် အရပ်သို့ လျင်မြန်စွာ ထွက်ပြေးသွားသည်။

လင်းဟွမ်သည် သားကောင် ဖြစ်လာနိုင်သော အလားအလာ ရှိသည့်လူက ထွက်ပြေးသွားသည်ကို သူ နယ်မြေပိုင်နက် အသိစိတ်ကြောင့် ခံစား သိရှိလိုက်သည်။

"ဒီကောင် မတုံးဘူးပဲ။ သူ့ကြောင့် တိုက်ပွဲဖြစ်တယ် ဆိုတာသိတယ် ကြည့်စမ်း..."

လင်းဟွမ်သည် သားကောင် ဖြစ်နိုင်ရန် အလားအလာရှိသော လူကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ထိုအချိန်မှာပင် မွန်းစတားကလည်း သူ၏ ပစ်မှတ် ထွက်ပြေးသွားကြောင်း သိရှိနေသဖြင့် ထူးခြားသော ထောက်လှမ်းရေး စွမ်းရည်အချို့ ပိုင်ဆိုင်ထားပုံ ရသည်။

လင်းဟွမ်အား တစ်ချက် စောင်းကြည့်ပြီး တိုက်ခိုက်ရန် ဝန်လေးနေပုံရပင်။ ထို့နောက် မြေပြင်ကို ပြင်းပြင်းထန်ထန် ခြေဖနောင့် တစ်ချက် ပေါက်လိုက်သဖြင့် လေတိုက်သံ ထွက်ပေါ်လာကာ ပစ်မှတ်နောက်သို့ တူရှူ လိုက်ပါသွား၏။

"ဟော့... ကစားပွဲ မပြီးသေးဘူးကွ... ဘယ်သွားမှာလဲ..."

လင်းဟွမ်က စပ်ဖြဲဖြဲပြုံးပြီး နောက်မှ လိုက်မပါသွားပေ။ ထို့အစား သူ၏ ခရမ်းရောင် တိုက်ခိုက်ရေးဓားကို အရှေ့သို့လွှဲ၍ ခုတ်ချလိုက်သည်။ လေထဲ၌ ခရမ်းရောင် အလင်းတန်းတစ်ခု ဖျတ်ခနဲ

ပေါ်လာပြီး မီတာရာနဲ့ချီ ဝေးကွာသောနေရာမှ ငရဲဝိညာဉ်၏ လမ်းကြောင်းကို ပိတ်ဆို့လိုက်သည်။

လင်းဟွမ်၏ နယ်မြေပိုင်နက်အသိထဲ ရှိနေပါက သူ၏တိုက်ခိုက်မှုက ထိုနယ်မြေအတွင်းရှိ နေရာတိုင်းကို သက်ရောက်နိုင်သော အကျိုးသက်ရောက်မှု ရှိနေသည်။ မီတာ (၃,၀၀၀) အချင်းဝက်ရှိသော နယ်မြေထဲတွင် မီတာ(၁,၀၀၀) စီ ကွာဝေးသွားတိုင်း တိုက်ခိုက်မှုအစွမ်းက အားပျော့သွားပေလိမ့်မည်။

မီတာ (၂,၀၀၀) အတွင်း ပြုလုပ်သော တိုက်ခိုက်မှုက မူလတိုက်ခိုက်ရေး အစွမ်း၏ (၉၀) ရာခိုင်နှုန်း ရရှိနိုင်ပြီး

မီတာ (၃,၀၀၀) အကွာတွင်ရှိပါက မူလ တိုက်ခိုက်ရေး အစွမ်း၏ (၈၀) ရာခိုင်နှုန်းကိုသာ ရရှိနိုင်သည်။

မွန်းစတားသည် မီတာရာနဲ့ချီ ဝေးအောင် ခုန်ထွက်သွားသော်လည်း လင်းဟွမ်၏ နယ်မြေပိုင်နက်အသိ လွှမ်းခြုံထားသော နယ်မြေအတွင်းသာ ရှိနေသေး၏။ ထို့ကြောင့် လင်းဟွမ် တိုက်ခိုက်လိုက်သော အစွမ်းသည် ယခင်က ထိပ်တိုက်ရင်ဆိုင်ခဲ့သော အစွမ်းနှင့် ထပ်တူညီနေသည်။

မည်သည့်နေရာကမှန်း မသိ ဖျတ်ခနဲ ထွက်ပေါ်လာသော အလင်းရောင်ကို မြင်လိုက်လျှင်

ထိုငရဲဝိညာဉ်၏ မျက်လုံးထဲတွင် ကြောက်ရွံ့မှု အရိပ်အယောင် ဖျတ်ခနဲ လက်သွားသည်။

လင်းဟွမ်က မည်ကဲ့သို့ ပြုလုပ်လိုက်ကြောင်း သိချင်နေသော်လည်း ချက်ချင်း တုံ့ပြန်ကာ မရှောင်ခဲ့ပေ။ ထိုအစား ပြင်းပြင်းထန်ထန် ထိုးနှက်လိုက်သည်။ ၎င်း၏ အနက်ရောင် ကံကြမ္မာစွမ်းအားများသည် ရေတံခွန်မှ သဲကြီးမဲကြီး စီးကျလာသော ရေစီးကြောင်းနှင့်တူနေပြီး တောက်ပနေသော လခြမ်းပုံစံ ခရမ်းရောင်အလင်းနှင့် ထိပ်တိုက် ရင်ဆိုင်လိုက်သည်။

အနက်ရောင်နှင့် ခရမ်းရောင် အလင်းတန်းများ နောက်တစ်ကြိမ် တောက်ပလာပြန်သည်။ အလင်းတန်း

တစ်ခုစီသည် (၁၀) မီတာခန့် ဝေးကွာသောနေရာအထိ လွှမ်းခြုံသွားကာ ထိုနေရာအတွင်းရှိ အရာအားလုံးကို ဖျက်ဆီးသွားသည်။

ရာနှင့်ချီသော အမြောက်များ တပြိုင်နက် ပစ်လိုက်သကဲ့သို့ ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

ထိုပေါက်ကွဲသံများကြောင့် မြို့ခံလူထုသည် ကြောက်လန့်တကြား အော်ဟစ်ကြသည်။

အမှန်တကယ်ဆို လင်းဟွမ် တိုက်ခိုက်လိုက်သော အနေအထားက လူနေအိမ် နေရာများကို ရှောင်ရှား၍ တိုက်ခိုက်ခဲ့ခြင်းပင် ။ ထို့ကြောင့် ဒဏ်ရာရသူ

တစ်ဦးတစ်ယောက်မှ မရှိခဲ့သော်လည်း အများစုကမူ ထိတ်လန့် ကြောက်ရွံ့နေကြသည်။

လင်းဟွမ်၏ တိုက်ခိုက်မှုက သူ့လမ်းကြောင်းကို ပိတ်ဆို့သွားသဖြင့် ငရဲဝိညာဉ်သည် မီတာ ဆယ်နှင့်ချီပြီး ဆုတ်ခွာလိုက်ရသည်။

လင်းဟွမ်သည် သားကောင်ဖြစ်နိုင်ချေ ရှိသောလူက သူ့နယ်မြေပိုင်နက်အသိ လွှမ်းခြုံထားသော နေရာမှ ထွက်ခွာသွားပြီ ဖြစ်ကြောင်း သိလိုက်လျှင် စိတ်အေးသွားသည်။

ငရဲဝိညာဉ်သည် လင်းဟွမ် နှောင့်ယှက်နေပါက သူ၏ပစ်မှတ်နောက်သို့ လိုက်နိုင်မည် မဟုတ်ကြောင်း

သဘောပေါက်သွားပုံ ရသည်။ ထို့ကြောင့် ပစ်မှတ်ကို စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်ပြီး ခန္ဓာကိုယ်လှည့်၍ လင်းပွှမ်ကို သတ်ဖြတ်ချင်သော မျက်လုံးများနှင့် စိုက်ကြည့်လာကာ

“မင်းက ငါ့သားကောင်ကို လွှတ်ပေးလိုက်တော့ အဲ့ဒီနေရာမှာ မင်းကို အစားထိုးရမယ်။ အခုလက်ရှိ မင်းက အားနည်းနေပေမယ့် မင်းရဲ့စွမ်းရည်နဲ့ တစ်မူထူးခြားတဲ့ စွမ်းရည်တွေက အရည်အသွေးမြင့်တဲ့ ပစ္စည်းလို့ သတ်မှတ်လို့ ရတယ်”

“ငါတို့နှစ်ယောက်လုံး အတွေးတူနေတဲ့ပုံပဲ...”

လင်းဟွမ်ကလည်း ရှေ့သွားနှစ်ချောင်းပေါ်အောင် စပ်ဖြဲဖြဲ ပြုံးလိုက်သည်။

"ငါကလည်း မင်းဆီကနေ မီးစာထုတ်ယူပြီး ရွှေရောင်မီးလျှံအဆင့် တက်လှမ်းချင်နေတာ ...."

ငရဲဝိညာဉ်က ဆိုးသွမ်းစွာ ပြုံးလိုက်သည်။

"ဒီလို ဆိုမှတော့လည်း ဘယ်သူက ဘယ်သူ့ကို အနိုင်ရမလဲဆိုတာ ကြည့်လိုက်ရအောင်..."

ထိုစကားကို ပြောပြီးနောက် ငရဲဝိညာဉ်က မူလပစ်မှတ်ကို လုံးဝ စွန့်လွှတ်လိုက်သည်။

လေထဲတွင် အနက်ရောင်မြူခိုးများ လွှမ်းခြုံလာပြီး ၎င်း၏ ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးလွှမ်းသွားကာ ရက်စက်ကြမ်းကြုတ်သော မွန်းစတားတစ်ကောင် ရောက်ရှိ လာသလို ပြောင်းလဲလာသည်။ ၎င်း ဖြတ်သန်းသွားရာ နေရာတစ်လျှောက် အမဲရောင် မြူခိုးများ ဖုံးလွှမ်းသွားသည်။ မှောင်မိုက်နေသော ကောင်းကင်ကြီးပင် ပို၍ နက်မှောင်လာကာ ဤနေရာနှင့် မီတာရာနှင့် ချီဝေးကွာသော ပတ်ဝန်းကျင် တစ်ခုလုံးရှိ ကောင်းကင်များပင် အဖြစ်အပျက် တစ်ခုတည်း ဖြစ်ပျက်နေပုံ ရသည်။

လင်းဟွမ်သည် ကြောက်ရွံ့ခြင်း လုံးဝ မရှိပေ။ ဓါးရှည်ကို ကိုင်ဆွဲ၍ ကောင်းကင်ပေါ် ပျံတက်သွားသည်။ ကောင်းကင်ပေါ်သို့ ပျံသန်းနေရင်း အနက်ရောင် မြူခိုးများက ပို၍ ထူထပ်လာသည်။ ဒါသည် အလွန်ကြီးမားသော အနက်ရောင် စပါးအုံးမြွေကြီး တစ်ကောင်နှင့် တူနေပြီး လင်းဟွမ်ကလည်း ပျံသန်းနေရင်း ကောင်းကင်ပေါ်တွင် ကြီးမားသော ခရမ်းရောင် မြွေကြီးတစ်ကောင် အလား ဖွဲ့စည်းလိုက်သည်။

မီတာထောင်ပေါင်းများစွာ ဝေးသော နေရာမှ လူပေါင်းများစွာသည် လေထု အလယ်တွင်

ဖြစ်ပေါ်နေသော ထူးဆန်းသည့်ဖြစ်စဉ်ကို မြင်တွေ့နေရ၏။ ထိုမြင်ကွင်းကို မြင်ပြီးနောက် သာမန်လူအများစုသည် သဘာဝ ရာသီဥတု ဘေးအန္တရာယ်ကြောင့် မိုးခြိမ်းသံများ ဖြစ်ပေါ်လာခြင်း မဟုတ်ကြောင်း သိလိုက်ကြသည်။ ထိုအစား တိုက်ပွဲတစ်ခု ဖြစ်ပွားနေခြင်းပင်.....။

တစ်ချိန်က သတ္တိရှိနေကြသည့် လူများသည် အဆောက်အဦးအောက်တွင် ပုန်း၍ ခေါင်းလေးများပင် ဝှက်ထားကြသည်။ ရှားပါးသော မြင်ကွင်းကို ခပ်လှမ်းလှမ်းမှ တိတ်တဆိတ် ချောင်းကြည့်နေကြသည်။

အနီးအနားရှိ ကျင့်ကြံသူများကမူ တိုက်ပွဲကို လှမ်းကြည့်ရင်း လေးစားစိတ်နှင့် မျှော်လင့်တကြီး စောင့်ကြည့်နေကြသည်။

## အခန်း(၇၅၂) - မလိုချင်သော စစ်ကူများ။

လေထုအလယ်၌ အနက်ရောင်နှင့် ခရမ်းရောင်အလင်းတန်းများ ဖျတ်ခနဲ ပေါ်လာပြီး တစ်ခုနှင့်တစ်ခု ပြင်းထန်စွာ ထိပ်တိုက် ထိမိသွားကြသည်။

အလင်းရောင်နှစ်ခုစလုံးသည် မှိန်ဖျော့သွားလိုက် ပြန်ပေါ်လိုက်နှင့် ထိုကဲ့သို့ အဖြစ်အပျက်သည် ထပ်ခါထပ်ခါ ဖြစ်ပျက်နေသည်။

ကြည့်ရသည်မှာ တစ်ယောက်ယောက်က မီးလောင်ကျွမ်းသွားသည့်ပုံ ရသော်လည်း ထိုမီး၏ တည်နေရာကို အတည်ပြုနိုင်ခြင်း မရှိပေ။

တစ်မိနစ် မပြည့်သော အချိန်လေးအတွင်း၌ လင်းပျှမ်းနှင့် မွန်းစတားတို့သည် (၁၀) ကြိမ်ထက်မနည်း တိုက်ခိုက်ခဲ့ကြသည်။ အချင်းချင်း ထိပ်တိုက် တွေ့ဆုံလိုက်တိုင်း ပြင်းထန်သော ပေါက်ကွဲသံများ ထွက်ပေါ်လာပြီး ထိတ်လန့်စရာ ကောင်းသော တုန်ခါမှုလှိုင်းများ ဖြစ်ပေါ်လာသည်။

ကီလိုမီတာ ရာနှင့်ချီဝေးသော နေရာအတွင်းရှိ သာလွန်အဆင့် လူအားလုံးသည် တိုက်ပွဲ

ဖြစ်ပွားနေကြောင်း ခံစား သိရှိနေကြသည်။ အချို့မှာမူ လင်းပွှမ်တို့၏ အစွမ်းကြောင့် တုန်လှုပ်ချောက်ချား နေကြပြီး သူတို့နှစ်ယောက်က ဘာကြောင့် မြို့ထဲတွင် တိုက်ခိုက်နေကြလဲ ဆိုသည်ကို နားမလည်နိုင် ဖြစ်နေကြသည်။

တိုက်ပွဲသည် ယခုလပိုင်းအတွင်း ဖြစ်ပွားခဲ့သော လူသတ်မှုနှင့် တစ်နည်းတစ်ဖုံ ဆက်နွယ် ပတ်သက်လိမ့်မည်ဟု ခန့်မှန်းသည့် လူများလည်း ရှိကြသည်။

သူတို့နှစ်ယောက်လုံးက ပြည်ထောင်စု အစိုးရ ရုံးခွဲတည်ရှိသည့် မြို့လယ်နှင့် မဝေးသောနေရာတွင်

တိုက်ပွဲ ဖြစ်ပွားနေကြခြင်းပင် ။ ပြည်ထောင်စု အစိုးရရုံးမှ အရာရှိ အများစုသည် ပြည်ထောင်စုအစိုးရ အဖွဲ့ခွဲရုံးအနီးတွင် နေထိုင်ကြသည်။

ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပွားနေကြောင်း သတိထားမိသည်နှင့် တပြိုင်နက် သိုင်းပညာမြို့ရှိ အင်မော်တယ်အဆင့် လူများသည် လင်းဟွမ်နှင့် ငရဲဝိညာဉ်တို့ တိုက်ပွဲ ဖြစ်ပွားရာနေရာသို့ လျင်မြန်စွာ ပြေးလာနေကြသည်။

ငရဲဝိညာဉ်သည် လင်းဟွမ်ကို အကြိမ်ကြိမ် တိုက်ခိုက်ခဲ့သော်လည်း အားသာချက် မရခဲ့ပေ။ ထို့ကြောင့် စိုးရိမ်စ ပြုလာသည်။ တိုက်ပွဲ

အချိန်ကြာလာသည်နှင့်အမျှ အခြေအနေက အဆိုးဘက် ရောက်လာမည်ကို သိနေသည်။ ဒါသည် လူသားများကမ္ဘာ ဖြစ်နေသည်။ မကြာခင် လင်းဟွမ်ဘက်မှ အကူအညီပေးမည့် ပြည်ထောင်စုအစိုးရက လူများနှင့် မုဆိုးအဖွဲ့အစည်းမှလူများ ရောက်လာတော့မည်။ သူ့ကို ဝိုင်းမိသွားပါက ထွက်ပြေး၍ ရတော့မည် မဟုတ်ချေ။

ငရဲဝိညာဉ်သည် ထိုကဲ့သို့ တွေးပြီးသည်နှင့် တိုက်ခိုက်ချင်စိတ် မရှိတော့ချေ။

သူ့ အကြံအစည်များအား ပျက်ပြားစေခဲ့သည့် ဤလူသားအား သတ်ဖြတ်ချင်စိတ် ပြင်းထန်နေ၏။ သို့သော်လည်း ယခုအခါ၌ သူ့အသက်ကို

ကယ်တင်ခြင်းက ပို၍ အရေးကြီးနေသည်။ အကယ်၍ ဤလူသားနှင့် ဆက်လက် တိုက်ခိုက်နေပါက ဆုံးရှုံးမှုဒဏ်ကို ကျိန်းသေပေါက် ခံစားရလိမ့်မည်။

လင်းဟွမ်ကလည်း မွန်းစတားက နောက်ပြန်ဆုတ်ချင်နေကြောင်း သိလိုက်သဖြင့် သူ၏ တိုက်ခိုက်မှုက ပို၍ ပို၍ ပြင်းထန်လာသည်။

အကြိမ်ပေါင်းများစွာ ထိပ်တိုက် တွေ့ဆုံပြီးနောက် အနက်ရောင်အလင်းများသည် ခရမ်းရောင်အလင်းများ၏ ဖိနှိပ်မှုကို စတင် ခံစားလာရသည်။

အစပိုင်းတွင် သူတို့နှစ်ယောက်လုံးသည် အစွမ်းတူနေကြသည်။ ထို့နောက် အခြေအနေတွေက

တစ်ဖက်စောင်းနင်း ဖြစ်လာပြီး တစ်ဖက်သတ် တိုက်ပွဲ ဖြစ်ပေါ်လာသည်။

လင်းဟွမ်သည် ပြိုင်ဘက်အား အလွတ် မပေးချင်ပေ။ ဤတစ်ကြိမ် လွတ်မြောက်သွားပါက နောက်တစ်ကြိမ်၌ ပို၍ သတိကြီးကြီး ထားနေရလိမ့်မည်။

အခြားတစ်ဖက်တွင်မူ အစွမ်းထက်သော လူများ မရောက်လာခင် ဤငရဲဝိညာဉ် မွန်းစတားကို သတ်ပစ်ချင်နေသည်။ ယခုလက်ရှိ အခြေအနေကြောင့် မွန်းစတားကိုယ်ထဲမှ မီးစာကို သေပြီးသည်နှင့် ချက်ချင်း ထုတ်ယူနိုင်မည် မဟုတ်ချေ။ ထိုကဲ့သို့ ဖြစ်သွားပါက

လွန်ခဲ့သော ရက်အနည်းငယ်တွင် အားစိုက်ထုတ်ခဲ့ရသော သူ၏ကြိုးစားမှုက အချည်းအနှီး ဖြစ်သွားပေလိမ့်မည်။

“ဟော့ရောင်.... ငါ ဒီနေ့တော့ လက်လျှော့လိုက်မယ်...။ နောက်တစ်ကြိမ်ကျမှ မင်းကို သတ်မယ်”

မွန်းစတား၏ မျက်လုံးထဲတွင် ဒေါသအရိပ်များ တဖျတ်ဖျတ် လက်နေသည်။ သာလွန်အဆင့် လူသားတစ်ယောက်က သူ့ကို ဖိနှိပ်နိုင်လိမ့်မည်ဟု မထင်ထားမိချေ။ ဒါသည် ရှက်စရာ ကောင်းလှ၏။ သို့သော်လည်း အခြေအနေ အချိန်အခါကို ကောင်းကောင်း နားလည်သည်။ အကယ်၍ ဤနေရာ၌ ဆက်လက် တိုက်ခိုက် နေခဲ့မည်ဆိုပါက နှစ်မိနစ် မပြည့်သော

အချိန်မှာပင် နောက်ထပ် လူသားများ ရောက်ရှိလာလိမ့်မည်။ ထိုအချိန်သို့ ရောက်ပါက ထွက်ပြေးနိုင်တော့မည် မဟုတ်ချေ။

စိတ်ထဲတွင် အတွေးတစ်ခု ဖျတ်ခနဲ လက်သွားပြီးနောက် ငရဲဝိညာဉ်သည် နောက်ထပ် တွေဝေခြင်း မရှိတော့ပေ။ လေထဲ၌ ပြင်းထန်သော လက်သီးချက် ပေါ်လာပြီး ခရမ်းရောင်အလင်းကို ချိုးဖျက်သွားသည်။ အားအပြည့်နှင့် တိုက်ခိုက်ခဲ့ခြင်း မဟုတ်သည်မှာ အထင်အရှားပင်။

ခရမ်းရောင် ဓားရှည်က လက်သီးကို ခုတ်ထွင်းမိသွားပြီး သွေးစီးကျသော ဒဏ်ရာတစ်ခုပင်

ဖြစ်ပေါ်လာသည်။ သို့သော် ဒဏ်ရာ၏နာကျင်မှုကို ခံစားရသည့်ပုံ မရှိချေ။ ထိုအစား လင်းဟွမ်အား ရန်စသော အမူအရာနှင့် စိုက်ကြည့်လိုက်သည်။

လင်းဟွမ်၏ ဓားချက်ကြောင့် လွင့်ထွက်သော အရှိန်ကို အကူအညီရယူပြီး ပုံမှန် အမြန်ဆုံးနှုန်းထက် သုံးဆပိုမြန်သော အရှိန်ဖြင့် ဆုတ်ခွာသွားသည်။ ငရဲဝိညာဉ်သည် လင်းဟွမ်၏ နယ်မြေပိုင်နက်အသိထဲမှ ထွက်ခွာလု နီးပါး ဖြစ်သွားသည်။

သို့သော်လည်း လင်းဟွမ်က သူ့လမ်းကြောင်းကို မတားခဲ့ပေ။ ထို့အစား လျောင်သလိုလို ပြုံးလိုက်ပြီး နာမည်တစ်ခုကို လှမ်းခေါ်လိုက်သည်။

"ကိုင်လီ..."

မကြာခင် အနက်ရောင် ချပ်ဝတ်တန်ဆာ ဝတ်ထားပြီး အရပ်ရှည်ကာ သေးသွယ်သော အမျိုးသမီး တစ်ယောက်က လင်းဟွမ်၏ဘေးတွင် ရုတ်တရက် ပေါ်လာသည်။

မျက်နှာတစ်ဝက် ဖုံးထားသော အနက်ရောင် မျက်နှာဖုံး ဝတ်ဆင်ထားသည်။ သူမ နောက်ကျောမှ အနက်ရောင်တောင်ပံ နှစ်ခုကို တဖျတ်ဖျတ်ခတ်နေပြီး ၎င်းအပေါ်တွင် အဖြူရောင် လျှပ်စီးကြောင်းများ တလက်လက် လက်နေသဖြင့် နတ်ဘုရားတစ်ပါး ရောက်ရှိလာသည်နှင့်ပင် တူလှ၏။ သူမလက်ထဲမှ

အနက်ရောင် လုံတံပေါ်၌ ခရမ်းရောင် ပုံစံများ ထွင်းထုထားပြီး သူမ၏အောက်ရာက အထွတ်အထိပ်သို့ ရောက်ရှိနေသည်။

"လမ်းပိတ်လိုက်..."

လင်းဟွမ်သည် ရိုးရှင်းသော စကားသုံးခွန်းသာ ပြောလိုက်သည်။

ချက်ချင်းဆိုသလို ကိုင်လီက အနက်ရောင်အရိပ် တစ်ခုအဖြစ် ပြောင်းလဲသွားပြီး ထိုမွန်းစတားထံ ဖျတ်ခနဲ ပျံသန်းသွားသည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် အနက်ရောင်အရိပ်က ငရဲဝိညာဉ်၏ လမ်းကြောင်းကို ပိတ်ဆို့ထားသည်။

ထွက်ပေါ်လာသော ကိုင်လီကို မြင်လိုက်လျှင် ငရဲဝိညာဉ်၏ မျက်လုံးသူငယ်အိမ်များ တုန်ခါသွားသည်။ သူတို့ နှစ်ယောက်လုံးသည် အင်မော်တယ် အဆင့် (၃)တွင် ရှိသော်လည်း ကိုင်လီ၏ အမြန်ဆုံးနှုန်းက အမြင့်ဆုံး အဆင့်တွင် ရှိနေသည်။ အဆင့်တူ၊ တိုက်ခိုက်ရေး အဆင့်တူ သက်ရှိများထဲတွင် သူမက မည်သည့်မွန်းစတား ထက်မဆို ပိုမြန်သည်။

ငရဲဝိညာဉ်သည် သူ့လမ်းကို ပိတ်ဆို့ထားသည့် အမျိုးသမီးမှာ အားမနည်းကြောင်း သိနေသည်။ သို့သော်လည်း ရွေးချယ်စရာ မရှိပေ။ မျက်လုံးထဲတွင်

ဒေါသများ အရိပ်အယောင်များ တဖျတ်ဖျတ် တောက်ပလာပြီး ကိုင်လီကို ထိုးရန် ကြိုးစားလိုက်သည်။

ကိုင်လီက သူ့ထက်အများကြီး ပိုမြန်နေသောကြောင့် ကိုင်လီကို ရှောင်ရှားပြီး အခြားလမ်းကြောင်း တစ်ခုမှ ထွက်ပြေးရန် ကြိုးစားခြင်းသည် အသုံးမဝင်ပေ။ ထို့ကြောင့် ကိုင်လီကို ဆက်ပြီး မတည်ရှိစေချင်တော့ပေ။ သူသာ လွတ်မြောက်ချင်သည် ဆိုလျှင် သူမအား ပြင်းပြင်းထန်ထန် ရိုက်နှက်ရပေလိမ့်မည်။

သူမတွင် အလွန်ကြောက်စရာကောင်းသော တိုက်ခိုက်ရေး အစွမ်း ရှိသော်လည်း အင်မတန် အစွမ်းထက်သော အနီးကပ် တိုက်ခိုက်ရေး စွမ်းရည်

ရှိလိမ့်မည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ ထို့အပြင် အနီးကပ် တိုက်ခိုက်ရာ၌ သူ့ကိုယ်သူ ယုံကြည်မှု အလွန် ရှိသည်။

ငရဲဝိညာဉ်ကို အနက်ရောင် မြူခိုးများက ဝန်းရံထားသည်။ တိုက်ခိုက်ရန် လုပ်လိုက်သည်နှင့် အနက်ရောင် ကံကြမ္မာစွမ်းအားများက လက်သီးကို ဖုံးအုပ်လာပြီး အထွတ်အထိပ် အခြေအနေသို့ ရောက်ရှိသွားသည်။

အနက်ရောင် ကံကြမ္မာစွမ်းအားများက စီးဆင်းနေသော မြစ်ကြီးတစ်ခုကဲ့သို့ အရှိန်အဟုန် ပြင်းစွာဖြင့် စီးထွက်လာသည်။ ကံကြမ္မာစွမ်းအားများကို ထိမ်ချန်ထားခြင်း မရှိပေ။ ဤအမျိုးသမီး

ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားမှ သူ့လမ်းကြောင်းကို ထိုးဖောက် ဖြတ်ကျော်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

ကိုင်လီ၏ မျက်နှာဖုံးတစ်ဝက်မှ ထွက်ပေါ်နေသော မျက်နှာ တစ်ဝက်ပေါ်တွင် မည်သည့်အမူအရာမှ မရှိပေ။ ဆင့်ခေါ်ခံရတိုင်း စကားတစ်ခွန်းမှ မပြောခဲ့ပေ။ ပုံမှန်အားဖြင့် အေးစက်သော အမူအရာသာ ရှိနေတတ်သည်။

ငရဲဝိညာဉ်က သူမအား ထိုးနှက်လိုက်သည်ကို မြင်လျှင်ပင် အမူအရာ ပြောင်းလဲသွားခြင်း မရှိပေ။ လက်ကို မြှောက်တင်ပြီး ငရဲဝိညာဉ်ကို လုံ့နှင့်

လျှင်မြန်စွာ ထိုးလိုက်သည်။ လုံပေါ်ရှိ အဖြူရောင် လျှပ်စီးကြောင်းများသည် လုံထိပ်ဖျားမှ တဖျတ်ဖျတ် တောက်ပလာပြီး အလင်းစက်လေးအဖြစ် ဖွဲ့စည်းသွားသည်။

အနက်ရောင် မြစ်ကြီးနှင့်တူသော အနက်ရောင် ကံကြမ္မာစွမ်းအားများ မတိုက်ခိုက်ခင် အဖြူရောင် အလင်းစက်လေးက ရုတ်တရက် ပေါက်ကွဲ ထွက်သွားသည်။ အဖြူရောင် လှိုင်းဂယက်များ ထွက်ပေါ်လာပြီး အနက်ရောင် မြစ်ကြီးကဲ့သို့ ဖြစ်နေသော ကံကြမ္မာစွမ်းအားများနှင့် ထိပ်တိုက် ရင်ဆိုင်လိုက်သည်။

အနက်ရောင်နှင့် အဖြူရောင် အလင်းများက လူတိုင်း၏ အာရုံကို ဆွဲဆောင်ခဲ့သည်။ အလင်းနှစ်ခု အားပြိုင်မှုကြားတွင် မရေမတွက်နိုင်သော မိုးခြိမ်းသံအလား ပေါက်ကွဲသံများ ပေါ်လာပြီး လေပြင်းများ ဖြစ်ပေါ်လာစေသည်။ ဒါကို မျက်မြင် မြင်ကြသော လူတော်တော်များများက ထူးဆန်းသည်ဟု ထင်နေကြသည်။

မူလက ခရမ်းရောင်နှင့် အနက်ရောင်များ တိုက်ခိုက်နေပြီး ယခုမူ ဘာကြောင့် အဖြူရောင်အလင်းက ပေါ်လာရသနည်း။ အော်ရာကလည်း အနည်းငယ်

ကွာခြားသဖြင့် အံ့သြနေကြသည်။ တတိယမြောက်လူ ရှိနေသည်လော။

လင်းဟွမ်သည် လေထဲလွင့်ဝဲနေပြီး လေပြင်းကြောင့် ထိခိုက်ခြင်း မရှိပေ။ နှစ်ဦးနှစ်ဖက် ထိပ်တိုက်တွေ့ဆုံပြီး ပေါက်ကွဲ ထွက်လာသော လှိုင်းဂယက်များကြားတွင် သူတို့နှစ်ယောက်၏ တိုက်ပွဲအခြေအနေကို ရှင်းရှင်းလင်းလင်း မြင်နေရဆဲပင်။ သူတို့ နှစ်ယောက်လုံးက အင်မော်တယ် အဆင့် (၃) တွင် ရှိနေကြသည်။

လင်းဟွမ်သည် ငရဲဝိညာဉ်က ကိုင်လီနှင့် ထိပ်တိုက်ရင်ဆိုင်နိုင်စွမ်း ရှိလိမ့်မည်ဟု

မမျှော်လင့်ထားပေ။ ကိုင်လီ ဆိုသည်မှာ သန္ဓေသုံးကြိမ် ပြောင်းပြီးနောက် အဆင့်မြင့် အမှောင်နတ်သမီး သွေးမျိုးဆက်ကို ပိုင်ဆိုင်လာသော မွန်းစတားတစ်ကောင် ဖြစ်သည်။

လင်းဟွမ်သည် ကိုင်လီ၏ အနီးကပ် တိုက်ခိုက်ရေး စွမ်းရည်က မည်မျှ အစွမ်းထက်ကြောင်း မြင်ဖူးသည်။ သူမက သွေးမျိုးဆက် အသွင်ပြောင်းပြီး သန္ဓေသုံးကြိမ် ပြောင်းပြီးနောက် အလားအလာသည် ယခင်ကထက် ပိုကောင်းလာသည်။ ကိုင်လီ ဆိုသည်မှာ လင်းဟွမ် ပိုင်ဆိုင်ထားသော မွန်းစတားများထဲတွင် အသန်မာဆုံး မွန်းစတားများထဲမှ တစ်ကောင်ပင်။ ကိုင်လီသာ

လင်းဟွမ်နှင့် တိုက်ခိုက်မည်ဆိုပါက တိုက်ပွဲရလဒ်ကို မည်သူမျှ မသိနိုင်ချေ။

"တကယ်ဆို ငရဲဝိညာဉ်က ဘာကြီးလဲ..."

လင်းဟွမ်သည် မျက်လုံး အနည်းငယ် မှေးလိုက်ပြီး လူပုံစံ ပြောင်းလဲထားသော ငရဲဝိညာဉ်ကို စိုက်ကြည့်နေသည်။ ငရဲဝိညာဉ်သည် တိုက်ခိုက်နေရင်း သူ့ခေါင်းက အခြားတစ်ဖက်သို့ လှည့်သွားကာ ရုတ်တရက် မျက်နှာပျက်သွားသည်။

စွမ်းအားကြီးသော အော်ရာများက သူ့ထံ လျင်မြန်စွာ ချဉ်းကပ် လာကြောင်း ခံစားမိလိုက်သည်။

အော်ရာနှစ်ခုမှာ အနည်းဆုံး အင်မော်တယ်အဆင့် (၇) သို့မဟုတ် ထိုထက် ပိုမြင့် ပေလိမ့်မည်။

"တစ်ယောက်ယောက် လာနေပြီ။ ကြည့်ရတာ ပြည်ထောင်စုအစိုးရ အဖွဲ့က ဖြစ်လိမ့်မယ်"

လင်းဟွမ်သည် စစ်ကူများ ရောက်လာပြီ ဖြစ်ကြောင်း သိသော်လည်း ပျော်ရွှင်သည့်ပုံ မရှိချေ။ ထိုအစား မျက်မှောင် ကြုတ်နေသည်။ ငရဲဝိညာဉ်ကို သတ်နိုင်လျှင်ပင် ကံကြမ္မာမီးစာ မထုတ်ယူနိုင်ဘဲ ပျောက်ကွယ် သွားတော့မည် ဖြစ်ကြောင်း ညွှန်ပြ နေသည်။

"ငါတော့ ဒုက္ခများပြီ..."

## အခန်း(၇၅၃) - တိုက်ပွဲနေရာ ပြောင်းလဲခြင်း

ဤကမ္ဘာ၏ မီးစာ ထုတ်ယူခြင်း နိယာမအရ မွန်းစတားသေဆုံးချိန်တွင် မွန်းစတားထက် တိုက်ခိုက်ရေး အဆင့် မြင့်မားသော လူသားများ ရှိနေပါက ထိုမွန်းစတား၏ ကံကြမ္မာမီးစာသည် အလိုလို ပြိုကွဲသွားမည်ဖြစ်ပြီး မည်သူမျှ ထုတ်ယူနိုင်တော့မည် မဟုတ်ချေ။

ဒါသည် တိုက်ပွဲအစဦ လင်းဟွမ်က သူ၏ ဓါးတာအိုကို အပြည့်အဝ အသက်သွင်းပြီး တိုက်ခိုက်ခဲ့သော အကြောင်းအရင်းလည်း ဖြစ်သည်။

မကြာခင် လူများ ရောက်လာနိုင်သောကြောင့် သူ ပိုင်ထားသည့် ဝှက်ဖဲအချို့မှလွဲ၍ ကျန်သည့် စွမ်းရည်အားလုံးနီးပါး အသုံးပြုခဲ့သည်။

သို့သော်လည်း ယခုလက်ရှိ အခြေအနေကို ကြည့်ရသည်မှာ အလွန် နောက်ကျသွားပုံပင် ။

ပြည်ထောင်စု အစိုးရအဖွဲ့မှလာသော အင်မော်တယ် အဆင့်များသည် နီးကပ်နေပြီ ဖြစ်ပြီး သူတို့ ထုတ်လွှင့်သော အော်ရာများအရ သူတို့၏ တိုက်ခိုက်ရေးအဆင့်မှာ အနည်းဆုံး အင်မော်တယ် အဆင့်(၇) တွင် ရှိနိုင်သည်။

တချိန်တည်းမှာပင် လင်းဟွမ်သည် သူ၏ နယ်မြေပိုင်နက်အသိထဲ ဝင်လာသော လူများကို ရှာဖွေ တွေ့ရှိခဲ့သည်။ သူတို့သည် ငရဲဝိညာဉ်ထံလည်း ဝင်လာကြသည်။ ယခု အခိုက်အတန့်၌ ငရဲဝိညာဉ်ကို သတ်ဖြတ်လိုက်ပါက သူ့ကိုယ်တွင်းရှိ မီးစာက အလိုလို ပြိုကွဲ သွားပေလိမ့်မည်။

ငရဲဝိညာဉ်ဘက်ကလည်း စစ်ကူပေးလာမည့် လူသားများ နီးကပ်လာသောကြောင့် ထိတ်လန့်နေပြီး မလုံခြုံသလို ခံစားရ၍ စိုးရိမ်လာသည်။ ထိုလူများ၏ ဝိုင်းခြင်းကို ခံရပါက ရှင်သန်နိုင်မည် မဟုတ်ကြောင်း ကောင်းကောင်း သိနေသည်။ ကိုင်လီကို ရှောင်လွဲချင်၍

အလှည့်အပြောင်း အနည်းငယ်ကာ တိုက်ခိုက်လိုက်သည်။ သို့သော်လည်း ကိုင်လီက သူမ၏လှံဖြင့် တားဆီး ထားသည်။

ပြည်ထောင်စု အစိုးရ၏ စစ်ကူအဖွဲ့များ နီးလာသောကြောင့် လင်းဟွမ်သည် မျက်မှောင်ကြုတ်ပြီး စိတ်ဒုက္ခ ရောက်နေသည်။ ဤင်ရဲဝိညာဉ်မှာ အနည်းဆုံး သန္ဓေသုံးကြိမ် ပြောင်းထားပြီး အဆင့်မြင့် ဉာဏ်ရည်လည်း ရှိနေသည်။ ဒါသည် မီးစာမွန်းစတား အဖြစ် အကောင်းဆုံး ရွေးချယ်မှု ဖြစ်သည်။

လင်းဟွမ်က ထိုအချက်ကို စိုးရိမ်နေသည့် အချိန်မှာပင် အင်္ကျီလက်စအောက်မှ သွေးရဲရဲလေး၏ အသံကို ကြားလိုက်ရသည်။

"ပြည်ထောင်စု အစိုးရက အရာရှိတွေ ရောက်လာတာနဲ့ မီးစာထုတ်ယူလို့ မရတော့ဘူး။ အခုအချိန်မှ စစ်မြေပြင် ပြောင်းဖို့အတွက် အချိန်လည်း မရှိတော့ လုပ်နိုင်တဲ့ တစ်ခုတည်းသောအရာက မီးစာ အာရုံခံတာကို ရပ်ဆိုင်းအောင် လုပ်ဖို့ပဲ ရှိတော့တယ်"

သွေးရဲရဲလေး၏ အကြံပေးချက်က လင်းဟွမ်အား ရုတ်တရက် ဉာဏ်အလင်း ပွင့်သွားစေသည်။

"ဘာလုပ်ရမလဲ.... ငါ သိပြီ"

စကား ပြောပြီးသည်နှင့် လင်းဟွမ်လက်ထဲတွင် လက်ဖဝါးအရွယ် ရွှေရောင် တောက်ပနေသော စာအုပ်တစ်အုပ်က လျှင်မြန်စွာ ဖွဲ့စည်းလာသည်။ ရွှေရောင် မှော်တာအိုစာအုပ်သည် လင်းဟွမ်နှင့် (၁) မီတာပင် မဝေးသောနေရာ၌ လှည့်ပတ်၍ ပျံသန်းနေသည်။

လင်းဟွမ်က လက်ကိုဆန့်တန်းပြီး စာအုပ်ကို ထိလိုက်လျှင် မှော်တာအိုစာအုပ်က တံခါးတစ်ခုနှင့် တူကာ ဖြည်းဖြည်းချင်း ပွင့်လာသည်။ ထိုစာမျက်နှာ၏ အလယ်တွင် အနက်ရောင် မှော်အက္ခရာ ထွန်းလင်းလာပြီး မကြာခင် လေထဲ၌ မှော်အက္ခရာ တစ်ခုကို

ဖန်တီးလိုက်သည်။ မှော်အကွဲရာ ဖွဲ့စည်းပြီးသည်နှင့် အနက်ရောင် အခိုးအငွေ့များ ပျံ့နှံ့လာပြီး လူတစ်ယောက်အား မလုံခြုံသည့် ခံစားချက်ကို ပေးစွမ်းလာသည်။

လင်းဟွမ်က မည်သည့်အရာမျှ မလုပ်ခဲ့ပေ။ ရုတ်တရက်ဆိုသလို ငရဲဝိညာဉ် ပတ်လည်ရှိ လေဟာနယ်က တုန်ခါလာသည်။ အနက်ရောင် ချိန်ကြိုးများကို မြွားပစ်လိုက်သည့် အလား ကောင်းကင်ပေါ်သို့ အဆက်မပြတ် ပစ်လွှတ်လိုက်သည်။ ချိန်းကြိုးပေါင်း (၁၀၀) ကျော်ရှိနေပြီး ချိန်းကြိုး အရေအတွက်က အဆက်မပြတ် မြင့်တက်လာသည်။

ချိန်းကြိုးက မည်သည့်နေရာမှ ထွက်ပေါ်လာလဲ ဆိုသည်ကို မည်သူမျှ မသိသော်လည်း ငရဲဝိညာဉ်က ပစ်မှတ် ဖြစ်နေသည်မှာ ထင်ရှားသည်။

ငရဲဝိညာဉ်သည် ကိုင်လီနှင့် ခပ်လှမ်းလှမ်းတွင် ရှိနေသော လင်းဟွမ်ကို စိုက်ကြည့်လိုက်ပြီး ထိုစွမ်းရည်ကို မှော်အကၡရာ ဖန်တီးထားသော လင်းဟွမ်က အသုံးပြုနေခြင်း ဖြစ်ကြောင်း ချက်ချင်း သိလိုက်သည်။

ထို့အပြင် လင်းဟွမ်၏ ရည်ရွယ်ချက်ကို ကောင်းကောင်း သိနေသည်။ သို့သော်လည်း စွမ်းရည်၏ အကျိုး သက်ရောက်မှုကို သေသေချာချာ မသိသောကြောင့် မဆင်မခြင် အထိခံရန် ဆန္ဒ မရှိပေ။

စိတ်ထဲတွင် ထိုအတွေးပေါ်လာပြီး တိုက်ခိုက်မှုကို ရှောင်ရှားရန် လုပ်လိုက်သော်လည်း ကိုင်လီက သူ့ရှေ့တွင် ပေါ်လာသည်။ သူမ၏လုံနှင့် ချိန်းကြိုးများကို တွန်းထုတ်ပြီး ချုပ်နှောင်လိုက်သည်။

ငရဲဝိညာဉ်သည် ဘာမှမတတ်နိုင်ဘဲ ချိန်းကြိုးများ၏ ချုပ်နှောင်ခြင်းကို ခံလိုက်ရသည်။ ၎င်းကို ထိမှန်သွားသည်နှင့် တပြိုင်နက် ချိန်းကြိုးများသည် လျှင်မြန်သထက် လျှင်မြန်လာပြီး ချုပ်နှောင်သော ချိန်းကြိုးအရေအတွက်က ပို၍ ပို၍ တိုးလာသည်။

ငရဲဝိညာဉ်အား ချိန်းကြိုးများ ချုပ်နှောင်နေသည့် အချိန်၌ မှော်တာအိုစာအုပ်က လင်းဟွမ်ရှေ့တွင်

ပေါ်လာသည်။ လင်းဟွမ်သည် စာအုပ်ကို လျင်မြန်စွာ လှန်သောအခါ ဒုတိယမြောက် အနက်ရောင် မှော်အက္ခရာက လေထဲတွင် လျင်မြန်စွာ ဖွဲ့စည်းလာပြန်သည်။

လင်းဟွမ်က စပ်ဖြဲဖြဲ ပြုံးလိုက်ပြီး ငရဲဝိညာဉ်ကို လှမ်းကြည့်ကာ တည်ငြိမ်စွာ ပြောလိုက်သည်။

“ငရဲ လှောင်အိမ်”

သူ့စကား မဆုံးခင်မှာ ငရဲဝိညာဉ်၏ (၁၀) မီတာ ပတ်လည်အတွင်းကို လွှမ်းခြုံပြီး လှောင်အိမ်တစ်ခု ပေါ်လာသည်။ ထို့နောက် အလျား (၃) မီတာခန့်ရှိသော ဟင်းလင်းပြင်သည် လျင်မြန်စွာ ကျုံ့လာသည်။ ဒါသည်

အရွယ်ရောက်ပြီးသော လူတစ်ယောက်၏ လက်မောင်းခန့်ရှိသော အနက်ရောက် ကြိုးများနှင့် ပြုလုပ်ထားခြင်း ဖြစ်ပြီး အသက်ရှိနေသော အနက်ရောင် စပါးအုံးမြွေများနှင့်ပင် ဆင်တူနေသည်။

“ကိုင်လီ..... မင်းရဲ့ ကမ္ဘာလေးကို အသက်သွင်းလိုက်...”

လင်းဟွမ်သည် ငရဲဝိညာဉ်ကို ငရဲလှောင်အိမ်ထဲတွင် ဖမ်းချုပ်ပြီးနောက် ကိုင်လီကို ချက်ချင်း ဆက်သွယ် လိုက်သည်။ လှောင်အိမ်က မွန်းစတားကို အချိန်အကြာကြီး မချုပ်ထားနိုင်ကြောင်း သူ ကောင်းကောင်း သိနေသည်။ သို့သော်လည်း

ဤအခိုက်အတန့်အတွင်းတွင် တတ်နိုင်သမျှ အချိန်ဆွဲထားရမည်။

ကိုင်လီက ခေါင်းငြိမ့်လိုက်သည်နှင့် လေဟာနယ်လှိုင်ခေါင်းတစ်ခု ပေါ်လာပြီး ကမ္ဘာလေးထဲ ဝင်နိုင်သောဝင်ပေါက်တစ်ခု ဖြစ်ပေါ်လာသည်။

"တကယ် မြန်တာပဲ"

လင်းဟွမ်သည် စစ်ကူများ ရောက်ရှိလာသောဘက်သို့ လှမ်းကြည့်လိုက်သည်။ အင်မော်တယ် အဆင့်လူအနည်းငယ်သည် နီးကပ်သထက် နီးကပ်လာသည်။ စက္ကန့် (၂၀) အတွင်းမှာပင် ရောက်ရှိလာတော့မည်။ ထို့ကြောင့် တစ်စက္ကန့်ပင် အချိန်မဆွဲရဲချေ....။

စိတ်စွမ်းအားနှင့် ငရဲလျောင်အိမ်၏ အစွန်းတစ်ဖက်ကို ထိန်းချုပ်ပြီး ကမ္ဘာလေး၏ ဝင်ပေါက်ထဲ ပစ်သွင်းလိုက်သည်။

အနက်ရောင် လျောင်အိမ်ကြီးသည် လေဟာနယ် လှိုင်ခေါင်းထဲ နှစ်မြုပ်သွားပြီး တိုးဝင်သထက် တိုးဝင်သွား၏။

"ကဲ.... နောက်က လိုက်ကြစို့"

ငရဲလျောင်အိမ် ပျောက်ကွယ်သွားသည့် နောက်ထပ် အခိုက်အတန့်၌ လင်းဟွမ်က အဖြူရောင် အလင်းတန်းအဖြစ် ပြောင်းလဲပြီး လေဟာနယ် လှိုင်ခေါင်းထဲ ဝင်ရောက်သွားသည်။

လင်းဟွမ်၏ ညွှန်ကြားချက်ကို ရရှိသည်နှင့် တပြိုင်နက် ကိုင်လီလည်း အနက်ရောင် ပြောင်းသွားပြီး လေဟာနယ်လှိုင်ခေါင်းထဲ လိုက်ဝင်သွားသည်။

ကိုင်လီ ပျောက်ကွယ် သွားသည်နှင့် လေဟာနယ်လှိုင်ခေါင်းလည်း မှေးမှိန်သွားသည်။

လေဟာနယ်လှိုင်ခေါင်း ပျောက်ကွယ်သွားသည့် အချိန်မှာပင် အရိပ်အနည်းငယ်သည် တိုက်ပွဲဖြစ်ပွားရာ နေရာသို့ ရောက်ရှိလာကြသည်။

ပထမဦးဆုံးလူမှာ အပြာရောင် ရှပ်အင်္ကျီ ဝတ်ဆင်ထားသော လူလတ်ပိုင်း အမျိုးသားတစ်ယောက် ဖြစ်ပြီး သူ့နောက်မှ လူနှစ်ယောက် လိုက်ပါလာသည်။

တစ်ယောက်မှာ မီးခိုးရောင် ကုတ်အင်္ကျီ ဝတ်ဆင်ထားပြီး ဦးထုပ်ဆောင်းထားသည်။ နောက်ထပ် အမျိုးသား တစ်ယောက်မှာမူ ကုတ်အင်္ကျီ ဝတ်ဆင်ထားပြီး ဆံပင်အတို ညှပ်ထားသည်။ မမျှော်လင့်စွာပင် သူတို့သည် ပြည်ထောင်စုအစိုးရ၏ တာဝန်ပေးအပ်ချက်အရ ဤလူသတ်မှုအမှုကို ကိုင်တွယ်နေသော တာဝန်ခံ ဖိန်ယွမ်နှင့် လျန်လောင်တို့ပင် ။

သူတို့သုံးယောက်သည် ပတ်ဝန်းကျင်ကို လှည့်ပတ်၍ စိုက်ကြည့်နေကြသည်။ ပြိုကျ ပျက်ဆီးသွားသော အဆောက်အဦးများ၊ ကျယ်ပြော နက်ရှိုင်းလှသော

တွင်းကြီးများ၊ ပျက်ဆီးနေသော သစ်ပင်များ စသည့် တိုက်ပွဲ ဖြစ်ပွားခဲ့သော သဲလွန်စမှလွဲ၍ မည်သူမျှ မရှိချေ။

"ထူးဆန်းတယ် သူတို့ ဘယ်ရောက်သွားတာလဲ။ လွန်ခဲ့တဲ့ စက္ကန့်ပိုင်းလေးကပဲ တိုက်ပွဲဖြစ်နေတဲ့အသံ ကြားရသေးတယ်။ အခုတော့ ဒီမှာ ဘယ်သူမှ မရှိတော့ဘူး။ ဘယ်ရောက် သွားတာလဲ"

ကုတ်အင်္ကျီ ဝတ်ဆင်ထားသော လျှန်လောင်က သိချင်စိတ်နှင့် မေးလိုက်သည်။

ဖိန်ယွမ်က ဆေးပြင်းလိပ်ကို မီးညှိပြီး ပါးစပ်ထဲ ကောက်ထည့်လိုက်ပြီးနောက် ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"လွန်ခဲ့တဲ့ စက္ကန့်အနည်းငယ်က ဒီနေရာမှာ တိုက်ပွဲ တကယ် ဖြစ်ခဲ့တယ်ဆိုတာ လှိုင်းဂယက်တွေ ထွက်လာတဲ့ စွမ်းအင်လှိုင်းတွေက သက်သေပဲ။ နှစ်ယောက်လုံး ပျောက်ကွယ်သွားဆိုတော့ သူတို့ထဲမှာ တစ်ယောက်ယောက်က ငါတို့ မရောက်ခင် အနိုင်ရသွားတာ ဖြစ်နိုင်တယ်"

"အနိုင်ရတယ်ဆိုရင် အလောင်း ရှိရမှာပေါ့"

လျန်လောင်က သူ့ယူဆကို အတည်မယူဘဲ မျက်မှောင်ကြုတ်လိုက်သည်။

"သာလွန်အဆင့် အလောင်းက ကံကြမ္မာစွမ်းအား မထွက်ဘူး။ မင်း ပြောတဲ့စကား မှန်လိမ့်မယ်"

ထို့နောက် ဖိန်ယွမ်က ဆေးပြင်းလိပ်ကို တစ်ချက်ရှိုက်ကာ မီးခိုးမှုတ်ထုတ်ပြီး ပြုံးကာ ခေါင်းရမ်းလိုက်သည်။

"ဒါပေမယ့် ဖြစ်နိုင်ချေ နောက်တစ်ခုဘက်ကို ပိုပြီး တိမ်းနေတယ်"

" ဘာလဲ"

“သူတို့က သူတို့ တိုက်ပွဲထဲကို ဘယ်သူမှ ဝင်စွက်ဖက်တာ မခံချင်လို့ဘဲ။ ဒါကြောင့် တိုက်ပွဲနေရာ ပြောင်းသွားတာ”

ဖိန်ယွမ်က ပြောလိုက်သည်။

“သူတို့ဆီ ချဉ်းကပ်လာတာကို သတိထားမိမှာဘဲ။ ပုံမှန် အခြေအနေဆိုရင် လူသတ်သမားက အဖွဲ့လိုက် ဝိုင်းတိုက် မခံရအောင် တတ်နိုင်သမျှ အမြန်ဆုံး ထွက်သွားချင်မှာပဲ။ ငါတို့နဲ့ မတွေ့အောင် နေရာကူးပြောင်းခြင်း ဓါတ်ကွင်းကို အသက်သွင်းမှာပဲ၊ ပုံမှန်အားဖြင့်တော့ အမှုထောက်လှမ်းတဲ့ လူက လူသတ်သမားကို ဓါတ်ကွင်း အသက်သွင်းဖို့

အချိန်ပေးမှာ မဟုတ်ပေမယ့် သူတို့ နှစ်ယောက်လုံး တပြိုင်နက် ပျောက်ကွယ် သွားတာဆိုတော့ ပြောချင်တာက အဲ့ဒီလူကလည်း တစ်ခြားနေရာမှာ တိုက်ခိုက်ဖို့ သဘောတူတယ်”

“စုံစမ်းစစ်ဆေးတဲ့လူက ဘာဖြစ်လို့ ဒီလို လုပ်ချင်ရတာလဲ”

လျန်လောင်သည် နောက်ကွယ်မှ အယူအဆက ထူးဆန်းသည်ဟု တွေးလိုက်မိသည်။

“ဘယ်သူ သိမှာလဲ။ လူသတ်သမားကို တစ်ယောက်တည်း ကိုင်တွယ်နိုင်တယ်လို့

ခံယူထားပြီးတော့ သူတို့ရဲ့တိုက်ပွဲထဲမှာ ဘယ်သူမှ ဝင်မစွက်ဖက်စေချင်တဲ့ မာနကြီးတဲ့လူမျိုး ဖြစ်မှာပေါ့”

ဖိန်ယွမ်က ကူကယ်ရာမဲ့စွာ ခေါင်းခါလိုက်သည်။ လူသတ်သမားနှင့် တိုက်ခိုက်သော စုံစမ်းရေးမှူးက မည်သူ ဆိုသည်ကို သူလည်းမသိပေ။ သူ တတ်နိုင်သည်မှာ ခန့်မှန်းခြင်းသာ ....

# အခန်း(၇၅၄) - ၃ကံဖဲ။

ကိုင်လီ၏ ကမ္ဘာလေးထဲတွင် ငရဲလှောင်အိမ်သည် ရာနှင့်ချီသော ချိန်းကြိုးများနှင့် ဖွဲ့စည်းထားပြီး လေထဲ လွင့်မြောနေသည်။

ပြင်းထန်သော ရိုက်ခတ်သံများနှင့်အတူ လှောင်အိမ်ထဲမှ ကျယ်လောင်သော အသံများ ထွက်ပေါ်နေသည်။ ငရဲဝိညာဉ်က ငရဲလှောင်အိမ်ကို ပြင်းထန်းစွာ ရိုက်ပုတ်၍ ရုန်းကန်နေခြင်းပင်....။

ငရဲလှောင်အိမ်သည် ကမ္ဘာငယ်လေးထဲ ရောက်ပြီး (၁၀) စက္ကန့်ခန့် မပြည့်သေးသော အချိန်မှာပင် နေရာအနှံ့ အက်ကွဲကြောင်းများ ဖြစ်ပေါ်လာသည်။ ရာနှင့်ချီသော အနက်ရောင် ချိန်းကြိုးများ ရှိသည့်အနက်မည်သည့် တစ်ခုကမျှ အခြေအနေ မကောင်းပေ။

လင်းဟွမ်သည် သူ၏ စုန်းအတတ်က ဤမျှ အစွမ်းထက်သော မွန်းစတားအပေါ်တွင် ကြီးမားသော အကျိုးသက်ရောက်မှု ရှိမည် မဟုတ်ကြောင်း အစောပိုင်းကတည်းက သိနေခဲ့သည်။ သို့သော် (၁၀) စက္ကန့်ကြာအောင် ပိတ်လှောင်ထားနိုင်ခြင်းကပင် လုံလောက်သည်ဟု ယူဆသည်။

စုန်းအတတ်ကို အသုံးပြုခဲ့သော်လည်း ငရဲဝိညာဉ်အား ချုပ်နှောင်ထားရန် အဓိက ရည်ရွယ်ခြင်း မဟုတ်ပေ။ ထိုအစား ငရဲဝိညာဉ်ကို ကမ္ဘာငယ်လေးထဲ ဆွဲထည့်ချင်သောကြောင့်ပင် ယခုမူ သူ၏ရည်ရွယ်ချက်က အောင်မြင်သွားပြီ ဖြစ်သောကြောင့် လှောင်အိမ်က မလိုအပ်တော့ချေ။ ကံကြမ္မာမီးစာ ထုတ်ယူရန်သာ ကျန်တော့သည်။

ကိုင်လီနှင့် လင်းဟွမ်တို့သည် ငရဲလှောင်အိမ်နှင့် မီတာ(၂၀) ပင် မဝေးသောနေရာ၌ မတ်တပ်ရပ်နေကြသည်။ လှောင်အိမ်အား အပိုင်းပိုင်း ဖြစ်အောင် ခွဲထွက်လာသော ငရဲဝိညာဉ်ကို မြင်လိုက်ရသည်။

ငရဲဝိညာဉ်သည် ဒေါသ ပေါက်ကွဲနေပြီး လှောင်အိမ်ထဲမှ လွတ်မြောက်လာသည်နှင့် တပြိုင်နက် လျှို့ဝှက်စွမ်းအင်ဖြင့် လင်းဟွမ်ကို တိုက်ခိုက်ချင်နေသည်။ သို့သော်လည်း ထူးဆန်းသော အရာတစ်ခုကို တွေ့လိုက်ရသည်။

"ကောင်းကင်ကြီးက ဘာဖြစ်လို့ ဒီလောက် တောက်ပနေရတာလဲ"

နတ်ဆိုးဝိညာဉ်သည် ခေါင်းမော့၍ ကောင်းကင်ကို မော့ကြည့်ကာ ဇဝေဇဝါ ဖြစ်သွားသည်။ သိုင်းပညာမြို့တွင် ညနက်သန်းခေါင်ယံ အချိန် ဖြစ်သင့်သည်။ ကောင်းကင်ကြီးက မည်းမှောင်

နေသင့်သည်။ ယခုမူ ကမ္ဘာငယ်လေးထဲတွင် နေ့ခင်းကြောင်တောင် ဖြစ်၍ လင်းထိန်နေပြီး လေပေါ်၌ တွဲလောင်းကျနေသော နေလုံးကြီးကိုပင် မြင်နေရသည်။

ထို့ကြောင့် ငရဲဝိညာဉ်သည် အူကြောင်ကြောင် ဖြစ်နေသည်။ ကောင်းကင်ပေါ်မှ အကြည့်လွှဲ၍ လိုက်ကြည့်လိုက်ရာ မိုးမျှော်တိုက်များ၊ လမ်းမီးတိုင်များ လုံးဝ ပျောက်ကွယ်နေသည်။ ထိုအစား ကွင်းပြင်ကြီး တစ်ခုသာ ရှိနေ၏။

လေထဲတွင် ကခုန်နေသည့် အမျိုးမျိုးသော အရောင်အသွေးစုံသည့် ပန်းများကို တွေ့နေရသည်။ ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်ရှုပြီးနောက်

ငရဲဝိညာဉ်သည် ထူးဆန်းသော မူအရာနှင့် လင်းဟွမ်ကို လှမ်းကြည့်ပြီး

“ဒါ မင်းရဲ့လောကလား....”

“လောက.....”

လင်းဟွမ်သည် ထိုစကားကို ကြားလိုက်လျှင် ကြောင်သွားသည်။

ငရဲဝိညာဉ်သည် လင်းဟွမ်က သူ့မေးခွန်းကို နားမလည်ကြောင်း သိလိုက်သောအခါ ထူးဆန်းသော မျက်နှာအမူအရာ အစား အပြုံးတစ်ခု ပေါ်လာသည်။

"ကြည့်ရတာ မင်းက ဒီ ဒိုင်မေးရှင်းအကြောင်း ဘာမှမသိသေးတဲ့ပုံပဲ။ ကောင်းပြီ မင်း သေပြီးရင် ဒီလောက က ငါ့အပိုင် ဖြစ်လာမှာပဲ..."

လင်းဟွမ်သည် 'လောက'က မည်သည့်အရာကို ရည်ညွှန်းကြောင်း မသိသော်လည်း 'လောက' ဆိုသည်မှာ ကိုင်လီ၏ ကမ္ဘာငယ်လေးဖြစ်ကြောင်း သိနေသည်။ ဤဒိုင်မေးရှင်းက သူ့ထိန်းချုပ်မှုအတွင်း ရှိနေသည်ဟု ငရဲဝိညာဉ်က ထင်နေပြီး ဤဒိုင်မေးရှင်း၏ ပိုင်ရှင် အစစ်အမှန်ဖြစ်သော ကိုင်လီကိုမှု လုံးဝ လျစ်လျူ ရှုထားသည်။

“ဘာပဲဖြစ်ဖြစ် ဒီကောင်က ‘လောက’ ဆိုတာ ဘာလဲလို့ ထုတ်ပြောမှာ မဟုတ်ဘူး။ ကြည့်ရတာတော့ ဒီကောင်ကို သတ်ပြီးမှ သူ့စိတ်ကို ဖတ်ကြည့်ရမယ်”

လင်းဟွမ်သည် အဓိပ္ပါယ် မရှိသော စကားလုံးများနှင့် အချိန်မဖြုန်းချင်တော့ပေ။ ဤမွန်းစတား သေဆုံးပြီးနောက် သွေးရဲရဲလေး၏ အကူအညီနှင့် မှတ်ဉာဏ်ကို ထုတ်ယူနိုင်သေးသည်။ ထို့ကြောင့် အချိန်ဖြုန်း နေစရာ မလိုအပ်ချေ။

လင်းဟွမ်က မှတ်ဉာဏ် ဖတ်ကြည့်ချင်နေသည့် အချိန်၌ ငရဲဝိညာဉ်ကလည်း ဤဒိုင်မေးရှင်းကို အပိုင် သိမ်းပိုက်ချင်သော လောဘတက်လာသဖြင့် သူတို့

နှစ်ယောက်သည် တစ်ယောက်နှင့် တစ်ယောက် သတ်ဖြတ်ချင်သော ရည်ရွယ်ချက်များ ကြီးထွားလာကြသည်။

"ကိုင်လီ... ဒီကောင် ထွက်ပြေးဖို့ ကြိုးစားရင် သူ့လမ်းကြောင်းကို ပိတ်ထားလိုက်"

လင်းဟွမ်သည် ညွှန်ကြားပြီးသည်နှင့် ငရဲဝိညာဉ်ထံ ပြေးဝင်သွားသည်။ သူ့ခန္ဓာထဲမှ ခရမ်းရောင်မီးလျှံ (၁၀)ခုသည် ပြင်းထန်စွာ လောင်ကျွမ်းနေပြီး သူ့လက်ထဲမှ အနက်ရောင်ဓါးသည် ချက်ချင်း ခရမ်းရောင်ပြောင်းသွားပြီး ခရမ်းရောင် လျှပ်စစ်မိုးကြိုးအဖြစ် ဖွဲ့စည်းသွားသည်။

အခြားတစ်ဖက်တွင်မူ ငရဲဝိညာဉ်၏ ခန္ဓာကိုယ်ကို အနက်ရောင် မြူခိုးများ ဖုံးလွှမ်းသွားသည်။ ၎င်း၏ညာဘက် လက်မောင်း၌ အနက်ရောင် မြူခိုးများက ပိုမို သိပ်သည်းလာပြီး အရည်ပုံစံ အသွင်ပြောင်းသွားကာ လက်မောင်း တစ်ခုလုံးကို အပြည့်အဝ ဖုံးအုပ်သွားသည်။

လင်းဟွမ် အနား ရောက်တော့မည်ကို မြင်လျှင် မြေပြင်ကို ပြင်းပြင်းထန်ထန် တစ်ချက် ဆောင့်ကန်ပြီး ထိုအရှိန်နှင့် ပြေးထွက်သွားကာ လင်းဟွမ်အား ပြင်းပြင်းထန်ထန် ထိုးနှက်လိုက်သည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြတော့သည်။

ဖုန်း....

ဤတစ်ကြိမ် ထိပ်တိုက် တွေ့ဆုံမှုသည် ဝပ်ကျင်းစခန်းထဲတွင် တိုက်ခိုက်သည်နှင့် ကွာခြားသည်။ နှစ်ဖက်လုံးမှ ရှိရှိသမျှ အစွမ်းကုန် ထုတ်သုံးထားခြင်းပင် ။

သိုင်းပညာမြို့တွင် တိုက်ခိုက်ခဲ့သော ပထမဦးဆုံး တိုက်ခိုက်မှု အနည်းငယ်မှာ ငရဲဝိညာဥ်က လင်းဟွမ်၏ အရည်အချင်းကို စမ်းသပ်ချင်သောကြောင့် လက်ရည် စမ်းရုံမျှသာ.....။

လင်းဟွမ်က သူ့ကို သတ်နိုင်စွမ်း မရှိဘူးဟု အတည်ပြုခဲ့သော်လည်း ထိုအချိန်က အပြည့်အဝ ထုတ်မသုံးခဲ့ချေ။ ထို့နောက် အဖွဲ့လိုက် ဝိုင်းပြီး

တိုက်ခိုက်ခြင်းကို မခံချင်သဖြင့် ထွက်ပြေးခဲ့ခြင်း ဖြစ်သည်။

လင်းဟွမ်ကလည်း တိုက်ပွဲထဲ၌ အနီးအနားတွင် ရှိနေသော သာမန် နေထိုင်သူများကို ထိခိုက်မည် စိုးရိမ်သောကြောင့် တိုက်ပွဲစွမ်းရည်ကို ထိန်းချုပ်ထားခဲ့သည်။ အင်မော်တယ်အဆင့်ထက်ကျော်လွန်သွားသည့် တိုက်ပွဲတစ်ခုသည် ဝေးကွာသောနေရာများတွင် ရှိနေသည့် လူများကိုပင် နောက်ဆက်တွဲအကျိုး သက်ရောက်မှုကြောင့် အန္တရာယ် ဖြစ်စေနိုင်သည်။

ဤကမ္ဘာငယ်လေးထဲ၌ ကိုင်လီနှင့် သွေးရဲရဲလေးတို့အပြင် စောင့်ကြည့်နေသော အခြားပရိတ်သတ်မရှိသောကြောင့် လင်းဟွမ်အတွက် အပြစ်မဲ့သည့်လူများအား ထိခိုက်သွားမည်ကို ကြောက်နေစရာမလိုတော့ချေ။

ငရဲဝိညာဉ်ကလည်း လူအများ၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်း ခံရမည့်ကို ကြောက်စရာမလိုအပ်သောကြောင့် အကောင်းဆုံး တိုက်ခိုက်လာသည်။ ၎င်း၏ တိုက်ခိုက်မှု စွမ်းရည်သည် ယခင်ကထက်အနည်းဆုံး သုံးဆ ပိုမို ပြင်းထန်လာသည်။

လေထုအလယ်၌ အနက်ရောင်နှင့် ခရမ်းရောင် အလင်းတန်များက တစ်ခုနှင့်တစ်ခု ထိပ်တိုက် ရင်ဆိုင်နေကြသည်။ အလင်းတန်းနှစ်ခု ထပ်တိုက်တွေ့ဆုံပြီးနောက် ပေါက်ကွဲထွက်လာသော လှိုင်းဂယက်များသည် ကောင်းကင် တစ်ဝက်ခန့်ကိုပင် သိမ်းပိုက်ထားသည်။ မကြာခင် ပေါက်ကွဲသံများ ထွက်ပေါ်လာပြီး လေထုပင် တုန်ခါလာသည်။

လေပြင်းများ တိုက်ခတ်လာ၍ မြက်ပင်များ၊ အပင်များ လွင့်ထွက်ကာ အဝေးသို့ လွှင့်စင်သွားကြသည်။ ထိုပုံရိပ်နှစ်ခု ထိပ်တိုက် တွေ့ဆုံလိုက်တိုင်း

မိုးကြိုးပစ်သည့်အလား ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်နေသည်။

သို့သော်လည်း တိုက်ပွဲအတွင်းတွင် အနိုင်ရမည့်သူ မပေါ်သေးချေ။ လင်းဟွမ်က သူ၏ တိုက်ခိုက်မှုတိုင်းတွင် အဆင့် (၅) ဓါးတာအိုနယ်ပယ်ကို အသက်သွင်းထားပြီး ဒဏ္ဍာရီအဆင့် ဓါးကျင့်စဉ် တစ်ခုစီကို အစွမ်းကုန်နီးပါး ထုတ်သုံးနေသည်။ ဒါသည် လူတစ်ယောက်က ဓါးတာအိုကို အသုံးပြုနိုင်သည့် အကန့်အသတ်ကို ရောက်လုနီးပါး ဖြစ်နေသည်။ သို့တိုင်အောင် ငရဲဝိညာဉ်ကို မသတ်နိုင်သေးချေ။

ငရဲဝိညာဉ်၏ လက်ထဲတွင် မည်သည့် ဓါတ်ကြွင်းမှ မရှိဘဲ လင်းဟွမ်၏ အထွတ်အထိပ်အဆင့် ဓါး ဓါတ်ကြွင်းကို လက်ဗလာနှင့် ကာကွယ်ခဲ့သည်။ ထိပ်တိုက် ထိမိသွားတိုင်း လက်သီးများမှ သွေးများ ထွက်လာသော်လည်း ယခင်က တစ်ကြိမ်မျှ ဒဏ်ရာ မရခဲ့ဖူးသလို ဒဏ်ရာများ ချက်ချင်း ပျောက်ကင်း သွားသည်။

အံ့ဩစရာကောင်းသည်မှာ ၎င်း၏ တိုက်ခိုက်မှုတိုင်းတွင် မည်သည့် စွမ်းရည်ကို အသုံးမပြုထားသော်လည်း တိုက်ခိုက်မှု တစ်ခုစီတိုင်းက လင်းဟွမ်၏ ဂန္ဓဝင်အဆင့် ဓါးကျင့်စဉ်များနှင့်

ယှဉ်နိုင်နေသည်။ တိုက်ခိုက်မှု တစ်ခုစီသည် အစွမ်းထက်လွန်းပြီး အဆင့်တူ လူသားများ၏ တိုက်ခိုက်မှုထက် ကျော်လွန်သွားခဲ့ပြီ။

လင်းဟွမ်သည် ငရဲဝိညာဉ်က အင်မော်တယ်အဆင့် မဟုတ်သောကြောင့် သူနှင့် လက်ရည်တူသော တိုက်ပွဲ ဆင်နွှဲနိုင်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ ဝုက်ဖဲ မရှိလျှင်ပင် အင်မော်တယ် အဆင့် (၈) ကို ကောင်းကောင်း တိုက်ခိုက်နိုင်ကြောင်း လင်းဟွမ် သိနေသည်။

"ငါမင်းကို တကယ် လျော့တွက်မိတာပဲ။ မင်းရဲ့ စွမ်းရည်က အထွတ်အထိပ် လူသား ပါရမီရှင်နဲ့

ယှဉ်နိုင်တယ်။ ဒီကျောက်စရစ်ခဲ ကမ္ဘာကြီးထဲမှာ မင်းလို လူသားတစ်ယောက်ကို လေ့ကျင့်ပေးနိုင်မယ်လို့ မထင်ထားမိဘူး”

လင်းဟွမ်သည် သူ့ စကားကို ကြားလိုက်လျှင် အံ့သြသင့်သွားသည်။

‘ကျောက်စရစ်ခဲ ကမ္ဘာ’

ဟူသော အသုံးအနှုန်းကို ပထမဦးဆုံးအကြိမ် ကြားဖူးခြင်းပင်။ သို့သော်လည်း ဤကမ္ဘာကို ပထမဦးဆုံး စရောက်သည့် အချိန်မှစတင်၍ ကနဦး ကမ္ဘာဟု သိထားခဲ့သည်။ ခရီးသည်များအတွက် ရွေးချယ်ထားသော ဤကမ္ဘာအပြင် အခြားကမ္ဘာများလည်း ရှိနိုင်သည်။

"မင်း တစ်ခြားကမ္ဘာက လာတာလား"

လင်းဟွမ်က မေးလိုက်သည်။

"ဒါပေါ့......၊ မင်းတို့လို ကျော်ာက်စရစ်ခဲ ကမ္ဘာက အဆင့်အတန်းနိမ့်တဲ့ သက်ရှိတွေနဲ့ ဘယ်လို တူနိုင်မှာလဲ။ ငါလိုမျိုး ထက်မြက်တဲ့လူကို ဒီကမ္ဘာထဲမှာ မင်း တွေ့ဖူးလို့လား..."

ငရဲဝိညာဉ်က မောက်မာစွာ ပြောလိုက်သည်။

'မင်းထက် ပိုပြီး ထက်မြက်တဲ့လူကို ငါ တွေ့ဖူးတယ်။ အခုလက်ရှိ ငါ့ အကျီလက်စထဲမှာ ပုန်းနေတယ်'

ဟု လင်းဟွမ်က စိတ်ထဲမှ တွေးလိုက်သည်။

“မပြီးပြည့်စုံတဲ့ နိယာမနဲ့ ကျောက်စရစ်ခဲ ကမ္ဘာမှာ အတုအယောင် နတ်ဘုရား ဖြစ်လာဖို့ ခဲယဉ်းတယ်။ မူဝါဒတွေလည်း ပြောင်းလဲနေတယ်။ နိယာမတွေလဲ ပြောင်းလဲပြီးတော့ ကန့်သတ်ချက်တွေ အများကြီး ချထားတယ်။ ငါ့ရဲ့ သန္ဓေလေးကြိမ် ပြောင်းလဲမှုကိုတောင် ကန့်သတ်ထားတယ်။ မင်းတို့ရဲ့ ကျောက်စရစ်ခဲ ကမ္ဘာမှာ နေထိုင်သူ ဖြစ်လာဖို့ စိတ်မဝင်စားဘူး”

ငရဲဝိညာဉ်က ထိုနေရာ အရောက်တွင် စကားကို ခေတ္တ ရပ်တန့်လိုက်ပြီး သူ၏ သတင်းအချက်အလက်ကို ပိုမို ထုတ်ဖော်ရန် ပြသနေခြင်း ဖြစ်နိုင်သည်။

“ဒါဆိုရင် မင်း... ဘယ်ကလာတာလဲ”

လင်းဟွမ်သည် တုန်လှုပ်သွားပြီး သိချင်စိတ်ဖြစ်လာကြောင်း ဝန်ခံလိုက်သည်။

“မင်း.... သိစရာ မလိုဘူး”

ငရဲဝိညာဉ်သည် အကြောင်းတစ်ခုခုကြောင့် ထုတ်ဖော်ပြောဆိုရန် ငြင်းဆန်ခဲ့သည်။

“ဒါဆို မေးခွန်း ပြောင်းမယ်။ ဘာဖြစ်လို့ ငါတို့ကမ္ဘာကိုလာတာလဲ။ ရည်ရွယ်ချက် ရှိရှိ လူသတ်မှုကျူးလွန်ဖို့လား”

လင်းဟွမ်က စကားပြန်ပြင်ပြီး မေးလိုက်သည်။

"ဒီနေရာကို မတော်တဆ ရောက်လာခဲ့တာ။ ရိုးရိုးလေးပဲ စမ်းသပ်ချင်လို့"

ဤတစ်ကြိမ်တွင် ငရဲဝိညာဉ်က ငြင်းဆန်ခြင်းမရှိဘဲ အဖြေ ပြန်ပေးခဲ့သည်။

စကား ဆုံးသွားသည်နှင့် ငရဲဝိညာဉ်က လင်းဟွမ်ကို ထူးဆန်းသော အမူအရာဖြင့် စိုက်ကြည့်လိုက်ပြီး...

"တကယ်တော့ မင်းက စမ်းသပ်ဖို့ သင့်တော်တဲ့ ပစ္စည်းပဲ။ ကံဆိုးတာက မင်းရဲ့အလောင်းကို ငါ ပြန် မသယ်သွားနိုင်ဘူး"

"ဒါအမှန်ပဲလား.... ငါ့ဆီမှာ မင်းရဲ့အလောင်းကို သယ်သွားဖို့ နည်းလမ်းရှိတယ်။ မင်းကို ရင်ခွဲစစ်ဆေးဖို့လဲ ကျွမ်းကျင်ပညာရှင် ရှိတယ်"

လင်းဟွမ်က တောက်ပစွာပြုံးပြီး ပြန်ပြောလိုက်သည်။

"မင်းက လျှာထက်တဲ့ ကြွက်စုတ်ပဲ။ ငါ့ရဲ့ တိုက်ခိုက်ရေး အဆင့်ကို မဖိနှိပ်ထားရင် မင်းလိုကောင်ကို လက်ညှိုးတစ်ချောင်းတည်းနဲ့ တောက်သတ်လိုက်လို့ ရတယ်။ ဒါက ဘာမှ မခက်ဘူး။ အခုမင်းကို သတ်ရင် ဒီခန္ဓာကိုယ်က ဝန်ထုပ်ဝန်ပိုး နည်းနည်းတော့ ဖြစ်မှာပေါ့"

စကား ဆုံးသွားသည်နှင့် နတ်ဆိုးဝိညာဉ်၏ အော်ရာက စတင် မြင့်တက်လာသည်။ မူလက အင်မော်တယ် အဆင့် (၃) သာ ရှိသော်လည်း မျက်စိ တစ်မှိတ်အတွင်းမှာပင် အင်မော်တယ် အဆင့် (၄) အထိ မြင့်တက်လာခဲ့သည်။ သို့သော်လည်း အော်ရာ မြင့်တက်မှုက မရပ်တန့်သေးချေ။ ပိုမို အားကောင်းလာခဲ့ပြီး မကြာခင် အင်မော်တယ် အဆင့် (၅)အထိ မြင့်တက်သွားခဲ့သည်။

ခဏအကြာ တိုက်ခိုက်ရေးအဆင့်မှာ ဆက်လက် မြင့်တက်နေခဲ့ပြီး နောက်ဆုံးတွင် အင်မော်တယ် အဆင့်(၆) သို့ ရောက်ရှိသွားသည်။ သုံးကြိမ်တိုင်တိုင်

အဆင့်မြှင့်တင်ပြီးနောက် မြင့်တက်နေသော အော်ရာမှာ မရပ်တန့်သေးဘဲ အင်မော်တယ် အဆင့် (၆) အထွတ်အထိပ်သို့ ရောက်မှသာ ရပ်တန့်သွားသည်။

"အခု ငါက အင်ပါယာအဆင့်တွေကိုတောင် တိုက်ခိုက်နိုင်နေပြီ။ ကဲ မင်းမှာရော ဝှက်ဖဲရှိလား..... အေး ရှိရင် သုံး.....။ ဒီလိုမှမဟုတ်ရင် နောက်ပိုင်း သုံးဖို့ အခွင့်အရေး မရှိတော့ဘူးနော်"

"မင်း သဘောအတိုင်းပဲ...."

လင်းဟွမ်က ထိုကဲ့သို့ ပြောပြီးသည်နှင့် အသွင်ပြောင်းကတ်ကို ကြိတ်ပြီး ချေမွလိုက်သည်။

ငရဲဝိညာဉ် ကဲ့သို့ပင် သူ၏ တိုက်ခိုက်ရေး အဆင့်ကလည်း အရှူးအမူး မြင့်တက်လာခဲ့သည်။

# အခန်း(၇၅၅) - သတ်ဖြတ်မှု....

ခရမ်းရောင် မီးလျှံအဆင့်....

ရွှေရောင် မီးလျှံအဆင့်....

အင်မော်တယ် အဆင့် (၁) ....

...

အချိန်အတော်ကြာပြီးနောက် လင်းဟွမ်၏ တိုက်ခိုက်ရေး အဆင့်သည် ခရမ်းရောင် မီးလျှံအဆင့်မှ အင်မော်တယ် အဆင့် (၁) အထိ မြင့်တက်လာခဲ့သည်။

သို့တိုင်အောင် သူ၏ အသွင်ပြောင်းကတ်မှာ ပိုင် အဖြစ် အသွင်ပြောင်းထားခြင်း ဖြစ်သည်။

တိုက်ခိုက်ရေး အဆင့် တိုးမြင့်ခြင်းကိုသာ အသုံးပြုပြီး အသွင်ကူးပြောင်းမှု အပေါ်၌ ကန့်သတ်ထားသည်။ သို့သော်လည်း သူ၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံသည် ပိုင်၏ မိတ္တူပင် ။

ပိုင်သည် သူ၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံက သန္ဓေသုံးကြိမ် ပြောင်းပြီး နတ်ဘုရား သွေးမျိုးဆက် ပိုင်ဆိုင်လာသည့် အချိန်ကတည်းက စတင်၍ သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားများကြားတွင် ထိပ်ဆုံးမှ ရပ်တည်နေခဲ့သည်။ ဒါသည် လင်းဟွမ်၏ မူလခန္ဓာကိုယ်ထက် များစွာ ပိုမို၍

အစွမ်းထက်ပြီး တိုက်ခိုက်ရေး အစွမ်းရှိသည့် လူအများစုထက် ကျော်လွန်သွားခဲ့သည်။

လင်းဟွမ်သည် သူ၏ အတွင်းပိုင်း စွမ်းအားများ လျင်မြန်စွာ ကြီးထွား တိုးတက်လာသည်ကို ခံစားသိရှိပြီးနောက် တစ်ချက်တည်းနှင့် အသေးစား ကမ္ဘာတစ်ခုလုံးကို ဖျက်စီးပစ် နိုင်သည်ဟု ခံစားလိုက်ရသည်။ သို့သော် ဒါသည် ထင်ယောင်ထင်မှား တစ်ခုမျှသာ ဖြစ်ကြောင်း သူ သိနေသည်။

လင်းဟွမ်၏ တိုက်ခိုက်ရေးအဆင့် မြင့်တက် လာသည့်အချိန်၌ ငရဲဝိညာဉ်၏ မျက်နှာပေါ်တွင် ထူးဆန်းသော အမူအရာတစ်ခု ပေါ်လာသည်။

မူလက သူ့ထံတွင် အဆင့်သုံးဆင့် မြှင့်တင်နိုင်သော ဗုက်ဖဲရှိပါက လင်းဟွမ်ကို သေချာပေါက် တိုက်ခိုက်နိုင်လိမ့်မည်ဟု တွေးထင်ထားခဲ့သည်။ လင်းဟွမ်ကလည်း သူ့လို တိုက်ခိုက်ရေး အဆင့် မြင့်တက်နိုင်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ ထို့အပြင် ယခုလက်ရှိ၌ လင်းဟွမ်၏တိုက်ခိုက်ရေး အဆင့်မှာ မူလထက် အဆင့်လေးဆင့် မြင့်တက်လာခဲ့ပြီး သူတို့ကြားမှ တိုက်ခိုက်ရေး အဆင့် ကွာဟချက်ကို ကျဉ်းမြောင်းသွားစေခဲ့သည်။

လင်းဟွမ်သည် ပြိုင်ဘက်၏ စိတ်ရှုပ်ထွေးနေသော အမူအရာကို သတိထားလိုက်မိသည်။ လက်ထဲတွင်

ကိုင်ထားသော အနက်ရောင်ခါးကို အေးအေးဆေးဆေး ပြန်သိမ်းလိုက်ပြီး ရှေးခေတ် တိုက်ခိုက်ရေး ဓါတ်ကြွင်း တစ်ခုဖြစ်သည့် လေတိုးသံကို ထုတ်ယူလိုက်သည်။ ထို့နောက် ရှေးဟောင်း ဓာတ်ကြွင်း နောက်တစ်ခု ဖြစ်သည့် အနက်ရောင်ငှက်မွေး သံချပ်ကာကို ထုတ်ယူကာ ဝတ်ဆင်လိုက်သည်။

ဒါသည် လီ ဓာတ်ခွဲခန်း အနက်ရောင်ဝတ်ရုံ ဝတ်ဆင်ထားသော အမျိုးသားထံမှ ရရှိခဲ့သည့် ရှေးဟောင်းဓာတ်ကြွင်း နှစ်ခု သာ......

"မင်းပဲ ငါ့ကို ဝှက်ဖဲသုံးဖို့ ပြောခဲ့တာနော်။ ဒါက ငါ့ရဲ့တိုက်ခိုက်ရေး အဆင့် မြှင့်တင်မှုနဲ့ တိုက်ခိုက်ဖို့ ကိရိယာတွေပဲ...။ ငါ့ရဲ့ ဝှက်ဖဲပေါ့"

လင်းဟွမ်က ဧရဲဝိညာဥ်ကို ကြည့်ပြီး ရယ်မောလိုက်သည်

"မင်း အံ့သြသွားလား...."

"စောက်တလွဲကောင်...."

ဧရဲဝိညာဉ်သည် သူ့ဘာသာသူ စိတ်ထဲမှ အော်ဟစ်လိုက်သော်လည်း မျက်နှာ အမူအရာ မပျက်အောင် ထိန်းထားလိုက်ပြီး....

"မင်းက ဒီလိုနည်းနဲ့ ငါ့ကို အနိုင်ယူနိုင်မယ်လို့ ထင်နေတာလား"

"စမ်းကြည့်ရင် သိလိမ့်မယ်..."

လင်းဟွမ်သည် ငွေရောင်ခါး (လေတိုးသံ)ကို ကံကြမ္မာစွမ်းအားများ ဖြည့်သွင်းရင်း ပြောလိုက်သည်။ ခါးသည် မြင်နိုင်သော နှုန်းနှင့် အနီရောင် ပြောင်းလာသည်။

အသွင်ပြောင်းကတ်ကို အသုံးပြုပြီးနောက် လင်းဟွမ်၏ ခန္ဓာကိုယ် အရွယ်အစားမှာ ပြောင်းလဲခြင်း မသလို တစ်ချိန်တည်းမှာပင် ပိုင်၏ စွမ်းရည်ကိုလည်း အသုံးမပြုနိုင်ပေ။ သို့သော်လည်း သူ့ခန္ဓာကိုယ်ထဲရှိ

ကံကြမ္မာစွမ်းအား ဒြပ်စင်ကို ပိုင်၏ သွေးစုပ်ဖုတ်ကောင် အမှုန်များက အတိုင်းအတာတစ်ခုအထိ လွှမ်းမိုး သွားသည်။

သူ၏ ခရမ်းရောင် ကံကြမ္မာမီးလျှံကြောင့် ကံကြမ္မာစွမ်းအားများသည် မူလက ခရမ်းရောင်ဖြစ် နေသော်လည်း ယခုအခါ သွေးစုပ်ဖုတ်ကောင် အမှုန်များကြောင့် အနီရောင် ပြောင်းသွားခဲ့သည်။ ထို့အပြင် သွေးစုပ်ဖုတ်ကောင် အမှုန်များ၏ဝိသေသ လက္ခဏာများကိုလည်း အမွေဆက်ခံထားနိုင်ခဲ့သည်။

ဓါးသည် သိပ်သည်းသော သွေးကန်ထဲတွင် နှစ်မြုပ်ထားသလို ဖြစ်နေပြီး ဓါး၏အရှည်မှာ (၈၀)

စင်တီမီတာခန့် ရှည်ထွက်လာသည်။ ခေါင်းပေါ်၌ ကံကြမ္မာစွမ်းအားများ လှည့်ပတ်နေသည်မှာ ချော်ရည်များ စီးကျနေပုံနှင့် တူနေသည်။

အခြားတစ်ဖက်တွင်မူ ငရဲဝိညာဉ်၏ ခန္ဓာကိုယ်ကို အနက်ရောင်မြူခိုးများက ဖုံးအုပ်ထားသည်။ မသိပါက ငရဲမင်း ကိုယ်တိုင် ရောက်လာသလိုပင်။ တိုက်ခိုက်ရေးအဆင့် မြင့်တက်လာခြင်းကြောင့် ၎င်း၏ စွမ်းရည်များကလည်း ယခင်ကထက် ပိုမို အားကောင်းလာခဲ့သည်။

လင်းဟွမ်၏ တိုက်ခိုက်ရေး အဆင့် မြင့်တက်လာမှုကြောင့် ငရဲဝိညာဉ်သည် ခဏမျှ

တုန်လှုပ်သွားခဲ့သော်လည်း မကြာခင် တည်ငြိမ်သွားသည်။ ကြောက်ရွံ့ခြင်း မရှိပေ။ ထိုအစား လင်းပွှမ်းပေးနေသော ဖိအားကြောင့် တိုက်ပွဲဝင်စိတ် ပိုမိုပြင်းထန်လာခဲ့သည်။

ထို့နောက် သူတို့နှစ်ယောက်သည် လေထဲ၌ တစ်ယောက်ကိုတစ်ယောက် အဆက်မပြတ် တိုက်ခိုက်နေကြသည်။ ကောင်းကင်ပေါ်တွင် တလက်လက်တောက်ပနေသော အလင်းရောင်များ ဖြာထွက်နေပြီး လျှပ်စီး လျှပ်သကဲ့သို့ ပင်။

တစ်ယောက်နှင့် တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ပြီး မီးခိုးရောင်နှင့် အဖြူရောင် အရိပ်များသည် လျှင်မြန်စွာ ရွေ့လျားနေကြသည်။

အနက်ရောင်နှင့် ခရမ်းရောင် မီးလျှံများသည် ကောင်းကင်တစ်ခုလုံး လွှမ်းခြုံသွားပြီး တစ်ခဏလေး အတွင်းမှာပင် ပြိုကွဲသွားသည်။

တဖြတ်ဖြတ်လျှပ်နေသော အဖြူရောင် အလင်းတန်းတစ်ခု ရုတ်တရက် ပေါ်လာသည်။ တောက်ပလွန်း၍ ကောင်းကင်ပေါ်တွင် ထွန်းလင်းနေသော နေမင်းကြီးကိုပင် ဖုံးလွှမ်းလုနီးပါး ဖြစ်သွားသည်။ ပေါက်ကွဲမှု၏ သက်ရောက်မှုကြောင့်

လေထုပင် တုန်ခါသွားပြီး မုန်တိုင်းတစ်ခုကဲသို့ လှိုင်းဂယက်များ ဖြစ်ပေါ်လာသည်။

ကွင်းပြင်ထဲမှ ပန်းနှင့် မြက်ပင်များအားလုံး မုန်တိုင်းကြောင့် ဖိနှိပ်ခံရပြီး ထိုအင်အားကို ကြောက်ရွံ့နေပုံရသည်။

ကိုင်လီသည် မီတာထောင်ပေါင်းများစွာ အဝေးကို ဆုတ်ခွာသွားပြီး သူတို့နှစ်ယောက်၏ ပြင်းထန်သော တိုက်ပွဲကို အဝေးမှ ကြည့်ရှုနေသည်။ သူတို့၏ တိုက်ခိုက်ရေး အဆင့်များကို မြှင့်တင်ပြီးနောက် သူတို့၏ စွမ်းရည်များသည် သူမထက် သာလွန်သွားခဲ့ပြီ။

သူမသာ နီးကပ်နေပါက တိုက်ပွဲ၏ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုကြောင့် အန္တရာယ်ဖြစ်စေနိုင်သည်။

အောင်နိုင်သူကို မထုတ်ဖော်နိုင်ခင် ခရမ်းရောင်နှင့် အနက်ရောင် အလင်းတန်းများသည် ရောထွေး နေခဲ့ကြသည်။ မကြာခင် ခရမ်းရောင် အလင်းတန်းများက အနက်ရောင်အလင်းများ၏ တောက်ပမှုကို စတင် ဖုံးလွှမ်းလာသည်။

အနက်ရောင် အလင်းသည် မှေးမှိန် မသွားခင် လင်းဟွမ် နှင့်ဝေးရာသို့ ချက်ချင်း ဆုတ်ခွာသွားသည်။

မီတာထောင်နှင့်ချီ ဝေးကွာအောင် နောက်ဆုတ်ပြီးနောက် ငရဲဝိညာဥ်သည် သူ၏

ညာဖက်လက်ကို တစ်ချက် ကြည့်လိုက်သည်။ လင်းဟွမ်၏ တိုက်ခိုက်မှုကြောင့် ညာဘက် လက်ဖဝါးသည် တစ်ဝက်မှ ပြတ်လုနီးပါး ဖြစ်သွားခဲ့သည်။ သူ့ခန္ဓာကိုယ်၏ ပြန်လည် ကောင်းမွန်မှုနှုန်းကလည်း ယခင်ကထက် များစွာ နှေးကွေးနေသည်။

ထို့နောက် လင်းဟွမ်၏ဓါးကို ကြောက်လန့်တကြား ကြည့်လိုက်သည်။ ထိုဓါးတွင် ပြန်လည်ကုသမှုနှုန်းကို ဟန့်တားနိုင်သည့် ထူးခြားသော စွမ်းရည်တစ်ခု ရှိနေသည်။

ဤအခိုက်အတန့်လေး၌ ငရဲဝိညာဉ်သည် သူ မျှော်လင့်ထားသည်ထက် ပိုများသော ဆုံးရှုံးမှုကို ခံစားလိုက်ရသည်။

လင်းဟွမ်ဓါး၏ ထက်မြမှုသည် ယခင်က အသုံးပြုခဲ့သော အထွတ်အထိတ် ဓါးခုတ်ကြွင်းထက် သာလွန်သည်။

အစပိုင်းတွင် တိုက်ခိုက်ခဲ့သော လင်းဟွမ်၏ တိုက်ခိုက်မှုများက အကျိုးသက်ရောက်မှု မရှိခဲ့ဘဲ ငရဲဝိညာဉ်က ဒဏ်ရာများကို မျက်စိတစ်မှိတ်အတွင်း ပျောက်ကင်းသွားအောင် ကုသနိုင်ခဲ့သည်။ သို့သော်လည်း

ယခုတစ်ကြိမ် တိုက်ခိုက်မှုက ပြိုင်ဘက်၏ လက်တစ်ဖက်ကို ဆုံးရှုံးလုနီးပါး ဖြစ်စေခဲ့သည်။

ငရဲဝိညာဉ်က အနက်ရောင် အခိုးအငွေ့များနှင့် ဖုံးလွှမ်းနေသော်လည်း လင်းဟွမ်သည် ပြိုင်ဘက်၏ လက်ဖဝါးက တစ်ဝက်ခန့်မှ ပြတ်လုနီးပါး ဖြစ်နေသည်ကို မြင်လိုက်ရသည်။

"နောက်ဆုံးတော့ သူ့ခံစစ်ကို ဖြတ်ကျော်နိုင်ခဲ့ပြီ။ အားရစရာပဲ"

လင်းဟွမ်က တောက်ပစွာ ပြုံးလိုက်သည်။

ငရဲဝိညာဉ်၏ ဒဏ်ရာ အပြည့်အဝ မသက်သာသေးခင် အချိန်၌ လင်းဟွမ်က ထိုအခွင့်အရေးကို ဆုပ်ကိုင်ပြီး

ခေါးကို နောက်တစ်ကြိမ် ဆုတ်ကိုင်ကာ ငရဲဝိညာဉ်ထံ ပြေးဝင်သွားသည်။

လေထဲ၌ အနက်ရောင်နှင့် ခရမ်းရောင် အလင်းများသည် ထိပ်တိုက် တွေ့ဆုံကြပြန်သည်။

တိုက်ခိုက်တစ်ခုစီတိုင်းက ခရမ်းရောင် အလင်း၏ တောက်ပမှုကို ပို၍ ကြီးမားလာစေခဲ့သည်။ ဆန့်ကျင်ဘက်အနေနှင့် အနက်ရောင်အလင်းက အားနည်းသထက် အားနည်းလာသည်။

ထို့အပြင် တိုက်ခိုက်မှု တစ်ခုစီတိုင်းက ငရဲဝိညာဉ်၏ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာအသစ်များ ဖြစ်ပေါ်စေခဲ့သည်။ ငရဲဝိညာဉ်၏ ခန္ဓာကိုယ်က သာမန်ဓါးဒဏ်ရာများကို

တခဏချင်း ကုသပေးနိုင်စွမ်း ရှိသည်။ သို့သော် လင်းဟွမ်၏ခါးက ၎င်း၏ ပြန်လည်ကုသနိုင်စွမ်းကို ဟန့်တားထားသည်။

တိုက်ခိုက်လာသည်နှင့်အမျှ ငရဲဝိညာဉ်၏ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာများ ပိုမို များပြားလာသည်။ အကြိမ်ပေါင်းများစွာ တိုက်ခိုက်ပြီးသည့်တိုင် ၎င်းခန္ဓာကိုယ်မှ ပထမဦးဆုံး ဒဏ်ရာက မသက်သာသေးပေ။

အရေးကြီးသော ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို မထိမိအောင် ကြိုးစား၍ ရှောင်ရှားနေခဲ့သော်လည်း

ဒဏ်ရာ အရေအတွက် ပိုမို များပြားလာခြင်းကြောင့် အားနည်းလာခဲ့သည်။

သူ့ခန္ဓာကိုယ်က အားနည်းသထက် အားနည်းလာသည်ကို သတိထားမိလျှင် ဇရဲဝိညာဉ်၏ မျက်လုံးထဲ၌ ဒေါသ အရိပ်အယောင်များ တောက်ပလာသည်။

လင်းဟွမ် နောက်တစ်ကြိမ် တိုက်ခိုက်သောအခါ ရှောင်ရှား ရမည်ကို လျစ်လျူရှုပြီး လင်းဟွမ်၏ ဦးခေါင်းကို ထိုးနှက်လိုက်သည်။

"သူနာကိုယ်နာ လုပ်ဖို့ ကြိုးစားနေတာလား"

မကြာခင် လင်းဟွမ်က ငရဲဝိညာဉ်၏ ရည်ရွယ်ချက်ကို သိသွားပြီးနောက် ဓါးသွားကို လှည့်လိုက်သည်။ ဓါးက ပြိုင်ဘက်၏လက်များကို ဦးတည်၍ တိုက်ခိုက်လာသည်။

အကြိမ်ပေါင်းများစွာ တိုက်ခိုက်ပြီးနောက် ငရဲဝိညာဉ်သည် ၎င်း၏ခန္ဓာကိုယ်အပေါ် ထိန်းချုပ်နိုင်စွမ်း အားနည်းလာခဲ့ပြီး အားမာန်အပြည့်နှင့် မတိုက်ခိုက်နိုင်တော့ချေ။

နောက်ထပ် အခိုက်အတန့်၌ အနီရောင်ဓားက ဖြတ်တောက်သွားပြီး ဒဏ်ရာမှ အနက်ရောင်သွေးများ စီးကျလာကာ လက်မောင်းသည် ကောင်းကင်ပေါ်သို့

လွင့်ထွက်သွားသည်။ ထိုလက်သည် ငရဲဝိညာဥ်၏ ခန္ဓာကိုယ်မှ အပြည့်အဝ ကွဲထွက်သွားခဲ့ပြီ။

အမှားတစ်ခုကြောင့် ငရဲဝိညာဥ်သည် လက်တစ်ဖက် ဆုံးရှုံးသွားခဲ့ရသည်။

တိုက်ပွဲက ဆက်လက် ဖြစ်ပွားနေသော်လည်း ငရဲဝိညာဥ်သည် ပြန်လည် တိုက်ခိုက်နိုင်ခြင်း မရှိတော့ချေ။ သွေးများ စီးကျနေသည်ကို မရပ်တန့်နိုင်သဖြင့် ရေကာတာ ကျိုးပေါက်သကဲ့သို့ သွေးများ ပန်းထွက်နေသည်။

သုံးမိနစ် မပြည့်ခင် အချိန်မှာပင် လင်းဟွမ်က သွေးနီရောင်ဓားနှင့် ငရဲဝိညာဉ်ကို ခါးတစ်ဝက်မှ ဖြတ်ပြီး တိုက်ပွဲကို အဆုံးသတ်လိုက်သည်။

မြေပြင်ပေါ် ပြုတ်ကျသွားသော ခန္ဓာကိုယ် နှစ်ပိုင်းကို ကြည့်နေရင်း လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။

"ဒီကောင် ပြုတ်ကျသွားပြီ ဘာဖြစ်လို့ အကြောင်းကြားချက် မရသေးတာလဲ။ မီးစာလည်း မရသေးဘူး....။ အသက်ရှင်နေသေးတာလား....."

လင်းဟွမ်သည် ဖြည်းဖြည်းချင်း ဆင်းသက်ပြီး ငရဲဝိညာဉ်၏ ခန္ဓာကိုယ် အပေါ်ပိုင်းကို စိုက်ကြည့်လိုက်သည်။

ခန္ဓာကိုယ် အပေါ်ပိုင်း တစ်ဝက်သာရှိသော ငရဲဝိညာဉ်က လင်းဟွမ်ကို ပြန်စိုက်ကြည့်နေပြီး ကြောက်ရွံ့ခြင်း မရှိပေ။ ထိုအစား ခနဲ့တဲ့တဲ့ ရယ်မောလိုက်ပြီး.....

"လူသား ကြွက်စုတ်.... တိုက်ပွဲ မပြီးသေးဘူး....."

## အခန်း(၇၅၆) - ပြန်ရှင်လာတာလား....

"လူသား ကြွက်စုတ်.... တိုက်ပွဲ မပြီးသေးဘူးကွ...."

ငရဲဝိညာဉ်သည် ထိုစကား ပြောပြီးနောက် လင်းဟွမ်ကို ရန်စသော အမူအရာနှင့် စိုက်ကြည့်နေပြီး ကောက်ကျစ်စွာ ရယ်မောလိုက်သည်။

"ဘာရယ်တာလဲ....."

လင်းဟွမ်က ၎င်း၏ ထူးဆန်းသော အပြုအမူကို လျစ်လျူ ရှုထားလိုက်သည်။ လက်မောင်းဆီကို

ဖြည်းဖြည်းချင်း လျှောက်သွားပြီး သွေးစွန်းနေသော ဓားနှင့် နောက်တစ်ကြိမ် ခုတ်ချလိုက်သည်။

ရက်စက် ကြမ်းကြုတ်နေသော မျက်နှာပေါ်၌ သွေးများသည် နဖူးမှ မေးစေ့အထိ စီးကျလာသည်။ နောက်ထပ် တစ်စက္ကန့်တွင် နတ်ဆိုး၏ဦးခေါင်းကို တစ်ဝက်မှ ဖြတ်ချလိုက်သည်။ အနက်ရောင်ဦးနှောက် အရည်များသည် ဦးခေါင်းခွံထဲမှ မြေပေါ်စီးကျလာပြီး လေထဲ၌ သွေးနံ့ တထောင်းထောင်း ထသွားသည်။

နောက်ထပ် အခိုက်အတန့်တွင် လင်းဟွမ် အလောင်းကို လှမ်းကြည့်ရာ ဦးခေါင်းက ပေါက်ကွဲ ထွက်သွားသည်။

"ထူးဆန်းတယ်။ အသတ်ခံ ရတယ်လို့ အကြောင်းကြားချက် မကြားရသေးဘူး..."

လင်းဟွမ် တိုးတိုးလေး ရေရွတ် လိုက်သည်။

ဦးခေါင်း မရှိသော အလောင်းတစ်ဝက်ကို ငေးကြည့်နေစဉ် အလောင်းက ပြိုကွဲပြီး အနက်ရောင် မြူခိုးများအဖြစ် လျင်မြန်စွာ ပြောင်းလဲသွားသည်။ မကြာခင် ငရဲဝိညာဉ်၏ ခန္ဓာကိုယ်အောက်ပိုင်းလည်း ထိုကဲ့သို့ အလားတူ ပျောက်ကွယ်သွားသည်။

လင်းဟွမ်သည် ထူးဆန်းသော ဖြစ်စဉ်ကို မြင်လိုက်လျှင် ဓါးကို ကိုင်ဆွဲပြီး အနက်ရောင် မြူခိုးများကို ခုတ်ထစ်လိုက်သည်။ သို့သော်လည်း ဓါးက

အနက်ရောင် မြူခိုးများထဲ ထိုးဖောက် ဝင်ရောက်သွားပြီး သူ၏တိုက်ခိုက်မှုက အသုံးမဝင်ခဲ့ချေ။

လင်းဟွမ်သည် စမ်းသပ် တိုက်ခိုက်ပြီးနောက် သူ့တိုက်ခိုက်မှုက ငရဲဝိညာဥ် အပေါ်တွင် သက်ရောက်မှု မရှိကြောင်း သဘောပေါက်လိုက်သည်။ ထို့နောက် လျှပ်တပြက်အတွင်းမှာပင် လင်းဟွမ်သည် ဆယ်မီတာ ဝေးအောင် နောက်ပြန်ဆုတ်သွားသည်။ အနက်ရောင် မြူခိုးများ ဖုံးလွှမ်းနေသော နေရာကို အဝေးမှ လှမ်းကြည့်နေသည်။ သူ့ရန်သူက မသေဆုံးသေးကြောင်း သူ သိနေသည်။

အနက်ရောင် မြူခိုးများက မည်သည့် အရာလဲ ဆိုသည်ကို မသိသောကြောင့် မထိခိုက်ရအောင် အဝေးသို့ဆုတ်ခွာရန် ရွေးချယ်ခဲ့ရခြင်းပင် ။

ဤကမ္ဘာကို ခရီးထွက်လာခဲ့သည့် အချိန်ကတည်းက နေရာတိုင်းတွင် အန္တရာယ်များ ရှိနေခဲ့သည်။ လူတိုင်းတွင် မတူညီသော အရည်အချင်းများနှင့် စွမ်းရည်များ ရှိနေကြသည်။ အတုယောင် နတ်ဘုရား တစ်ပါး ဖြစ်သော မစ္စတာဖူးပင် လှည့်စားခြင်း ခံခဲ့ရသည်။ ထို့ကြောင့် လင်းဟွမ်က မသေချာမရေရာသော အရာများကို ပို၍ သတိကြီးကြီး ထားနေခဲ့သည်။

လင်းဟွမ်သည် လက်ရှိအခြေအနေနှင့် ပတ်သတ်၍ မရင်းနှီးချေ။ ဦးခေါင်း ပေါက်ကွဲသွားသော်လည်း မသေသည့် မွန်းစတား တစ်ကောင်ကို ပထမဦးဆုံးအကြိမ် မြင်ဖူးခြင်းပင်။ အဆင့်မြင့် ပြန်လည် ကုသရေးစွမ်းရည် ပိုင်ဆိုင်ထားသည့် လူများပင် လေတိုးသံခါး၏ ထူးခြားသော အစွမ်းသတ္တိကြောင့် သေဆုံးကြရသည်သာ....။

လင်းဟွမ်၏ မျက်လုံးများက အခြားနေရာသို့ မပြောင်းဘဲ အနက်ရောင် မြူခိုးများကိုသာ အာရုံစိုက်ပြီး ကြည့်နေခဲ့သည်။

ထို့နောက် အကျီလက်စထဲတွင် ပုန်းနေသော သွေးရဲရဲလေးကို

"အလောင်းကြီး လောင်ကျွမ်းသွားပြီ။ ဘာတွေ ဖြစ်နေတာလဲ မင်းသိလား"

ဟု မေးလိုက်သည်။

"မွန်းစတား စွယ်စုံကျမ်းထဲမှာ ဒါနဲ့ဆိုင်တဲ့ အကြောင်းအရာတွေ မတွေ့ဖူးဘူး၊ ဒီလိုမျိုး တစ်ခါမှလည်း မကြုံဖူးဘူး"

၎င်း၏ လေ့လာတွေ့ရှိချက်ကို အခြေခံပြီး သွေးရဲရဲလေးက ပြောလိုက်သည်။

"အခုပဲ အသတ်ခံရပေမယ့် အသက်ရှင်နေသေးတယ်။ ကြည့်ရတာတော့ အစားထိုးစွမ်းအင် တစ်ခုခုကို အသုံးပြုနေတဲ့ပုံဘဲ။ မှတ်တမ်း မတင်ရသေးတဲ့ စွမ်းရည်အသစ် ဖြစ်နိုင်တယ်။"

"အင်း.... အဲ့ဒီပုံမျိုးပဲ"

လင်းဟွမ်က သူမြင်ခဲ့သည့်အရာကို ပြန်ပြောင်း စဉ်းစားလိုက်ပြီး သွေးရဲရဲလေး၏ စကားက မှန်နိုင်ကြောင်း တွေးလိုက်မိသည်။

သူတို့နှစ်ယောက် စကားပြောနေစဉ် ငရဲဝိညာဉ်၏ ခန္ဓာကိုယ်အောက်ပိုင်းမှ ပြောင်းလဲသွားသော အနက်ရောင် ဖြူခိုးများက အချင်းချင်း

ပေါင်းစည်းသွားကြောင်း ရုတ်တရက် သတိထား လိုက်မိသည်။

မကြာခင် မျက်မှောင်ကြုတ်လိုက်ပြီး ဓားဖြင့် ထိုးလိုက်သည်။ ဓါးက အနက်ရောင်မြူခိုးများကို ဖောက်ထွက်သွားပြီး ဓားပေါ်မှ ပစ်လွှတ်လိုက်သော အနက်ရောင် အလင်းတန်းက ခပ်လှမ်းလှမ်းမှ မြေပြင်ကို ထိမှန်သွားပြီး အောက်ခြေမရှိသော တွင်းကြီးတစ်ခု ဖြစ်ပေါ်လာသည်။

အနက်ရောင် မြူခိုးများကမူ သက်ရောက်ခြင်း မရှိဘဲ ဆက်လက် ပေါင်းစည်းနေကြသည်။

လင်းဟွမ်သည် စိုးရိမ် နေသော်လည်း သူ့တိုက်ခိုက်မှုက ရန်သူအပေါ် သက်ရောက်ခြင်း မရှိသောကြောင့် အင်အား မဖြုန်းတီးတော့ချေ။

အနက်ရောင် မြူခိုးများ ပေါင်းစည်းသွားပြီးနောက် လူသားပုံစံ ဖြည်းဖြည်းချင်း ဖွဲ့စည်းလာသည်။

လူသားပုံစံ ပိုမိုရှင်းလင်း လာသည်နှင့်အမျှ လင်းဟွမ်သည် နောက်ပိုင်း၌ ဘာတွေ ဆက်ဖြစ်မလဲ ဆိုသည်ကို ခန့်မှန်းနိုင်ခဲ့သည်။

စက္ကန့်ပိုင်းလေးအတွင်း၌ မြူခိုးများမှ ဖွဲ့စည်းလာသော လူသားပုံစံသည် အစစ်အမှန်ကဲ့သို့ ထင်ရှားလာသည်။ အနက်ရောင် အမျိုးသမီး

ကောက်ကြောင်းကို ပုံဖော်ထားသလို ရှင်းရှင်းလင်းလင်း မြင်လာရသည်။

လင်းဟွမ်က နောက်တစ်ကြိမ် စမ်းသပ် တိုက်ခိုက်လိုက်သည်။ ခါတိုင်းကဲ့သို့ပင် သွေးရောင် တောက်ပနေသော ဓါးက အနက်ရောင်ပုံစံထဲ ဘာမှ မရှိသလို အလွယ်တကူ ထိုးဖောက် ဝင်ရောက်သွားသည်။

လူတစ်ယောက်၏ မျက်နှာက အနက်ရောင် မြူခိုးများထဲတွင် ဖြည်းဖြည်းချင်း ဖွဲ့စည်းလာသည်။ အစပိုင်းတွင် မည်းမှောင်နေသောကြောင့် ထိုလူ၏ အသွင်အပြင်ကို ထင်ထင်ရှားရှား မမြင်နိုင်သော်လည်း မထင်မှတ်စွာပင်

ဖွံ့စည်းလိုက်သောအခါ လှပသော မိန်းမတစ်ယောက်၏ မျက်နှာ ဖြစ်နေသည်။

လင်းဟွမ်သည် ထိုမျက်နှာကို မြင်လိုက်သည့် အခိုက်တန့်၌ ယခင်က မြင်ဖူးခဲ့သည်ဟူသော ဒွိဟ ခံစားချက်ကို ခံစားလိုက်ရသည်။

ခန္ဓာကိုယ်တစ်ခုလုံး ဖြည်းဖြည်းချင်း ဖွံ့စည်းလာသောအခါ ခါးထိရှည်သော ဆံပင်များက လေထဲ၌ တလူလူ လွင့်နေသည်။ နောက်ဆုံး၌ အမျိုးသမီးတစ်ကိုယ်လုံး ပေါ်လာသည်။

ထိုအချိန်၌ လင်းဟွမ်သည် ဤအမျိုးသမီးက မည်သူဖြစ်ကြောင်း သိလိုက်သည်။

"တကယ် ပြန်အသက်ရှင် လာတာပဲ...."

ဤအမျိုးသမီးက ရင်ခွဲရုံတွင် တွေ့ခဲ့ရသော အလောင်းဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း မှတ်မိလိုက်သည်။

အံ့ဩစရာကောင်းသည်မှာ ယခုလက်ရှိ ခန္ဓာကိုယ်သည် အစောပိုင်းက ငရဲဝိညာဉ်၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသော အင်မော်တယ်အဆင့် (၃) အမျိုးသမီးနှင့် ခေါင်းအစ ခြေအဆုံး တူနေပြီး ဆံပင်တစ်ချောင်းမျှ မလွဲပေ။ မျက်နှာကလည်း အသတ်ခံရသော အမျိုးသမီး အသက်ပြန်ရှင်လာသကဲ့သို့ တစ်ထေရာတည်း တူနေသည်။

မိန်းမအဖြစ် ပြောင်းလဲသွားသော ငရဲဝိညာဉ်က မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ ထို့နောက် လင်းဟွမ်ကို စိုက်ကြည့်ပြီး မကောင်းဆိုးဝါး ဆန်စွာ ပြုံးလိုက်သည်။

"ငါတို့ကြားက တိုက်ပွဲ မပြီးသေးပါဘူးလို့ အစောက ငါပြောခဲ့တယ် မဟုတ်လား...."

"အဝတ်အစားတွေ အရင်ဆုံး ဝတ်လိုက်တာ ကောင်းမယ်။ တစ်ယောက်ယောက် မြင်သွားရင် ဆင်းရဲသားကား ရိုက်နေတယ် ထင်သွားအုံးမယ်"

လင်းဟွမ်က သူမကို ခေါင်းအစ ခြေအဆုံး လေ့လာခဲ့သည်။ ဆွဲဆောင်မှုရှိသော ခန္ဓာကိုယ်

ဖြစ်ကြောင်း ဝန်ခံရမည်။ အကယ်၍ သူမက အဝတ်အစား ဝတ်ရန် စိတ်မဝင်စားလည်း သူ့အတွက် ဆုံးရှုံးစရာ ဘာမှမရှိပေ။

"ဒါက လူသားတွေရဲ့ အရက်လား"

ငရဲဝိညာဉ်က ရယ်မောလိုက်သည်။

"ဖြစ်နိုင်တယ်"

လင်းဟွမ်က ဝန်ခံလိုက်သည်။

"အဝတ်အစား ဝတ်မလား၊ မဝတ်ဘူးလား ဆိုတာ မင်းသဘောပဲ။ မင်းဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် ငါကတော့ မင်းကို ညှာတာမှာ မဟုတ်ဘူး။

နောက်ပြီးတော့ မင်းနဲ့တူသွားအောင်လို့ ငါ
အဝတ်အစားတွေ လိုက်ချွတ်ဖို့လည်း မမျှော်လင့်နဲ့။
ငါက အဲဒီလောက် ပွင့်လင်းတဲ့လူ မဟုတ်ဘူး"

ငရဲဝိညာဉ်က တခစ်ခစ် ရယ်မောလိုက်ပြီး မကြာခင်
အဝတ်အစားများ ဖြည်းဖြည်းချင်း ပေါ်လာသည် ။
အတိအကျပြောလျှင် အသတ်ခံရသူ ဝတ်စားခဲ့သော
အဝတ်အစားနှင့် အတိအကျ တထပ်တည်း
တူညီနေခြင်းပင်။

အဝါရောင် ခပ်ဖျော့ဖျော့ အကျီ လက်တိုနှင့်
အပြာရောင်ပေါ်တွင် အစင်းကြောင်းများ
ဆွဲထားသောကြောင့် ဝတ်စုံက တော်တော်လေး လှ၏။

"ဟဲဟဲ၊ မင်းက ပွင့်လင်းတဲ့လူ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် အရေးမကြီးဘူး။ ဘာဖြစ်လို့လဲဆိုတော့ မကြာခင် မင်းက သေလူ ဖြစ်တော့မှာပဲ...."

ငရဲဝိညာဉ်သည် စကားပြောပြီးသည်နှင့် လက်ထဲတွင် အစိမ်းရောင် ဆေဘာတစ်ချောင်း ပေါ်လာသည်။ ဆေဘာ၏ အသွားထက်ရှမှုကို မြင်နေရပြီး အထွတ်အထိပ် ခတ်ကြွင်းတစ်ခု ဖြစ်ကြောင်း ထင်ရှားနေသည်။

"ဆေဘာ အဓိကလား..."

လင်းဟွမ် ကြောင်သွားသည်။ နစ်နာသူများ၏ အချက်အလက်ကို ဖတ်ခဲ့ဖူးသည်။ ယခုလက်ရှိ၌

ငရဲဝိညာဥ်က ဆေဘာ အဓိကအသုံးပြုသူ အမျိုးသမီး အဖြစ် ပြောင်းလဲသွားကြောင်း သူ သိသည်။ သို့သော်လည်း ငရဲဝိညာဥ်က ဆေဘာတိုအိုကိုပါ ကျွမ်းကျင်လာလိမ့်မည်ဟု မထင်ထားခဲ့ချေ။

ငရဲဝိညာဥ်သည် ဗလတောင့်တင်းသော လူခန္ဓာကိုယ်နှင့် တိုက်ခိုက်ခဲ့သည့်အချိန်က အနီးကပ် တိုက်ခိုက်ရေး စွမ်းရည်ကိုသာ အသုံးပြုခဲ့သည်။

"သတိထား သူ့ရဲ့ အသွင်ပြောင်းစွမ်းရည် အကျိုးအသက်ရောက်မှာ အစားထိုး ပုံစံလိုမျိုး မဟုတ်ဘူး။ သားကောင်ရဲ့ စွမ်းရည်နဲ့ ကျွမ်းကျင်မှုကိုပါ အမွေဆက်ခံနိုင်တဲ့ပုံပဲ…"

သွေးရဲရဲလေးက ချက်ချင်း သတိပေးလိုက်သည်။

လင်းဟွမ်သည် ငရဲဝိညာဉ်က အထွတ်အထိပ် ဆေဘာခါတ်ကြွင်းကို ထုတ်ယူလိုက်သည့် အချိန်ကတည်းက ထိုကဲ့သို့ ခန့်မှန်းပြီးသားပင်….။ သို့သော်လည်း စိတ်လှုပ်ရှား နေမိသည်။

သူ ဆရာအဖြစ် သင်ကြားခဲ့သည့် ကျောင်းတွင် ဓါးနှင့်ဆေဘာ ဥာန နှစ်ခုလုံးရှိပြီး ကျင့်ကြံသူများ ကြားထဲ၌ မည်သည့်လက်နက်က အစွမ်းထက်ဆုံး ဖြစ်ကြောင်း မကြာခဏငြင်းခုံလေ့ ရှိကြသည်။

မတူညီသော လက်နက်များတွင် မတူညီသော အကျိုးသက်ရောက်မှုများ ရှိလိမ့်မည်ဟု

လက်ခံထားသောကြောင့် လင်းဟွမ်၏ စိတ်ထဲတွင် ထိုကဲ့သို့ အတွေးမျိုး တစ်ခါမျှ မပေါ်ခဲ့ဖူးသော်လည်း မည်သည့်အရာက ပိုအစွမ်းထက်ကြောင်း သေချာပေါက် သိချင်နေသည်။ ထို့အပြင် ဆေဘာတာ အိုဠာနတွင် အဓိကသင်ကြားနေသော လူတစ်ယောက်နှင့် လက်ရည်စမ်းရန် အခွင့်အရေး မရခဲ့ပေ။

"မင်းရဲ့ဆေဘာက ပထမတစ်ကြိမ်ကထက် ပိုပြီး သန်မာနေဖို့ မျှော်လင့်တယ်။ ဒီလိုမှမဟုတ်ရင် ငါ တကယ် စိတ်ပျက်မိလိမ့်မယ်"

## အခန်း(၇၅၇) - ငါ သေချာပေါက် လိုချင်တယ်...

ငရဲဝိညာဉ် ပုံပြောင်းထားသော ဆေဘာ ကိုင်ဆောင်သည့် အမျိုးသမီးမှာ တော်တော်လေး လှ၏။

လင်းဟွမ် လှမ်းကြည့်လိုက်သောအခါ မျက်လုံးများက ဆွဲဆောင်မှုရှိနေပြီး ရင်များပင် တလှပ်လှပ် ခုန်သွားစေသည်။

ပုံစံ ပြောင်းပြီးနောက် ခန္ဓာကိုယ် ပြောင်းလဲသွားသလို အငွေ့အသက်၊ ပင်ကိုယ် အရည်အသွေးလည်း ပြောင်းလဲသွားသည်ဟု ထင်ရသည်။

ဗလတောင့်သော ယောကျ်ားကြီးအဖြစ် ပုံစံ ပြောင်းထားသည့် အချိန်၌ သားရဲတစ်ကောင်ကဲ့သို့ ရက်စက် ကြမ်းကြုတ်သော ခံစားချက်မျိုး ပေးစွမ်းနေသည်။ လက်နက်တစ်ခုမှ အသုံးမပြုဘဲ ကောင်းမွန်သော ခန္ဓာကိုယ်ဖွဲ့စည်းပုံကို အားကိုးပြီး အနီးကပ် တိုက်ခိုက်ခဲ့သည်။

ဒုတိယအကြိမ်မြောက် အသွင်း ကူးပြောင်းပြီးနောက် နတ်ဆိုးဆန်သော ဆေဘာဓါးနှင့် တိုက်ခိုက်ချင်သည့်

ပုံစံမျိုး ဖြစ်ပေါ်လာသည်။ ကြည့်ရသည်မှာ ဆေဘာခါး ကိုယ်တိုင်ကပင် တိုက်ခိုက်ရေး ပုံစံတွင် အပြောင်းအလဲများစွာ ဖြစ်ပေါ်လာမည့် အကြောင်းကို သိရှိ ခံစားနေရသည်။

သို့သော်လည်း ထိုအမျိုးသမီးက ဆေဘာကို အဓိကထား လေ့ကျင့်လင့်ကစား ဆေဘာတွင် အမျိုးအစား အမျိုးမျိုး ကွဲပြားသေးသည်။ ထို့ကြောင့် မည်သည့်နယ်ပယ်ကို အထူးပြုကြောင်း မခွဲခြားနိုင်ပေ။ ဤခေတ်တွင် အဓိကထားသော ဆေဘာ ခေတ်ရေစီးကြောင်းမှာ အရှိန်အဟုန်နှင့် တိုက်ခိုက်ခြင်း၊

လုပ်ကြံခြင်း၊ လျှင်မြန်စွာ တိုက်ခိုက်ခြင်း ဟူ၍ သုံးမျိုးသုံးစား ကွဲပြား၏။

ထိုကဲ့သို့ အမျိုးအစား အမျိုးမျိုး ရှိနေသောကြောင့် ခန္ဓာကိုယ်ဖွဲ့စည်းပုံ တစ်ခုတည်းကို အခြေခံ၍ မည်သည့်စီးကြောင်းတွင် ကျွမ်းကျင်လဲ ဆိုသည်ကို သုံးသပ်နိုင်ခြင်း မရှိချေ။ ထို့အပြင် ပြိုင်ဘက်၏ ခန္ဓာကိုယ်အရွယ်အစားနှင့် ကြွက်သားကို အခြေခံ၍ ပြောရမည်ဆိုလျှင် သာမန်ထက် သာလွန်သူ ဖြစ်နိုင်သည်။ ထို့ကြောင့် သူတို့၏အင်အားကို ကြည့်၍ ခန့်မှန်း၍ မရချေ။

အမျိုးသမီး၏ ခန္ဓာကိုယ်သည် ဖြည်းဖြည်းချင်း ဖွဲ့စည်းပြီးနောက် ငရဲဝိညာဉ်က အစိမ်းရောင်ဆေးဘာကို ဆွဲထုတ်လိုက်သည်။ လင်းဟွမ်အား တိုက်ခိုက်ချင်သည့် ရည်ရွယ်ချက်က ကြီးထွားလာကြောင်း မြင်တွေ့နေရသည်။

"ပထမ ခန္ဓာကိုယ်တုန်းက ဒဏ်ရာရပြီး ပျက်စီးအောင်လုပ်မိမှာ ငါ ကြောက်ခဲ့တယ်။ ဒါကြောင့် သူ့ခန္ဓာကိုယ်ကို အသုံးပြုတဲ့အချိန်မှာ ခွန်အား မြှင့်တင်မှု အားလုံး မသုံးခဲ့ဘူး..."

ငရဲဝိညာဉ်၏အသံက ရုတ်တရုတ် ထွက်ပေါ်လာသည်။

"နောက်တစ်ခေါက် အဲ့ဒီလို အမှားမျိုး ထပ်လုပ်မှာ မဟုတ်ဘူး..."

စကားပြောပြီးသည်နှင့် ငရဲဝိညာဉ်၏ အော်ရာက နောက်တစ်ကြိမ် မြင့်တက်လာသည်။

ဤအခြေအနေသည် ဗလတောင့်တင်းသော လူ တိုက်ခိုက်ရေးအဆင့် မြှင့်တင်သည့် အခြေအနေနှင့် အတူတူပင်။ မျက်စိတစ်မှိတ် အတွင်းမှာပင် အမျိုးသမီး၏ တိုက်ခိုက်ရေးအဆင့်မှာ အင်မော်တယ် အဆင့် (၃) ရောက်သွားသည်။ မကြာခင် အတားအဆီး မရှိ ဆက်လက် မြင့်တက်လျက် ရှိနေသည်။

အင်မော်တယ်အဆင့် (၄)....

အင်မော်တယ်အဆင့် (၅).....

အင်မော်တယ်အဆင့် (၆).....

အင်မော်တယ်အဆင့် (၆) ရောက်သည့်တိုင်အောင် ဆေဘာကိုင်ဆောင်သော အမျိုးသမီး၏ တိုက်ခိုက်ရေး အဆင့်မှာ မရပ်တန့်သေးချေ။ ထိုအစား အင်မော်တယ် အဆင့် (၇) ထိတိုင်အောင် မြင့်တက်သွားခဲ့သည်။

ထိုအဆင့်ကို ရောက်ပြီးနောက် လှပသော အမျိုးသမီး၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံက အကန့်အသတ် ရောက်ရှိသွားပုံပင်။ နာကျင်နေသော အမူအရာက မျက်နှာပေါ်တွင် ပေါ်လာပြီး လည်ပင်းနှင့် နဖူးပေါ်တွင် သွေးပြန်ကြောများ ထောင်ထွက်လာကာ အင်မတန်

ကြမ်းတမ်းနေသည်။ အသက် (၂၀) ခန့်သာရှိသော မိန်းမချောလေးက ယခုဆိုလျှင် ယခင်ကထက် နှစ်ဆခန့် ပိုအိုစာသွားသည်။

အင်မော်တယ်အဆင့် (၆) ဆိုသည်မှာ ဆေဘာကိုင်ဆောင်သော အမျိုးသမီး အသုံးပြုနိုင်သည့် အမြင့်ဆုံး အကန့်အသတ် ဖြစ်သည်မှာ အထင်အရှားပင်။ ခန္ဓာကိုယ်က ဝန်ပိနေသောကြောင့် ရေရှည် တည်တံ့နိုင်ခြင်း မရှိနိုင်ချေ။ သို့သော်လည်း ငရဲဝိညာဉ်က လင်းဟွမ်ကို အနိုင်ယူရန် ဆုံးဖြတ်ချက် ချထားပုံရသည်။

ငရဲဝိညာဉ်သည် ဤခန္ဓာကိုယ်ကို အလွန်အကျွံ အသုံးပြုပါက ထာဝရ ဆုံးရှုံးနိုင်ကြောင်း သိသော်လည်း ခန္ဓာကိုယ်စွမ်းရည်ကို မြှင့်တင်ခြင်းဖြင့် တိုက်ပွဲကို တစ်နည်းနည်းနှင့် အနိုင်ရချင်နေသည်။

တိုက်ပွဲရှုံးပါက လင်းဟွမ်က သေချာပေါက် သတ်ဖြတ်ခံရလိမ့်မည်။

သို့သော်လည်း အသွင်ပြောင်းပြီးနောက် တိုက်ခိုက်ရေးအဆင့် မြှင့်တင်ခြင်းက လင်းဟွမ်၏ အာရုံကို မဖမ်းစားနိုင်ခဲ့ပေ။

အမျိုးသမီး ကိုင်ဆောင်ထားသော ဆေဘာမှာ အထွတ်အထိပ် ဓာတ်ကြွင်း ဖြစ်သည်။

မမျှော်လင့်သည်မှာ ခတ်ကြွင်းသည်လည်း မြင့်တက်လာခဲ့ပြီး ယခုအခါ ရှေးဟောင်းခတ်ကြွင်း အဆင့် ရောက်ရှိလာသည်။ ရှေးဟောင်းခတ်ကြွင်းမှ ဖြာထွက်နေသော အော်ရာကို လုည့်စား၍ မရချေ။

"အထွတ်အထိပ် ခတ်ကြွင်းကနေ ရှေးဟောင်း ခတ်ကြွင်း အထိ မြင့်တက်သွားတာလား…"

လင်းဟွမ်သည် မြင့်တက်နေသည့် အရာကို မယုံကြည်နိုင် ဖြစ်နေသည်။ အထွတ်အထိပ် ခတ်ကြွင်းမှ ရှေးဟောင်းခတ်ကြွင်း အဖြစ် မြှင့်တင်နိုင်သည်ကို ပထမဦးဆုံးအကြိမ် မြင်တွေ့ ဖူးခြင်းပင်။

အတုယောင်နတ်ဘုရား ဖြစ်သော မစ္စတာဖူးပင် လုပ်နိုင်ပါ့မလားဟု သံသယ ဖြစ်မိသည်။

လင်းဟွမ် မဆုံးဖြတ်ရသေးခင် အင်မော်တယ် အဆင့်(၇) ရောက်ပြီးနောက် ငရဲဝိညာဉ်၏ အော်ရာသည်လည်း တည်ငြိမ်သွားခဲ့ပြီ။

ငရဲဝိညာဉ် ကိုင်ဆောင်ထားသော ရှေးဟောင်းဓါတ်ကြွင်း ဖြစ်စေ၊ တိုက်ခိုက်ရေးအဆင့် ဖြစ်စေ ဗလတောင့်သောလူထက် သာလွန်ကြောင်း ထင်ရှားနေသည်။

“မင်း.... အဆင်သင့် ဖြစ်ပြီလား....”

ငရဲဝိညာဉ်က လေထဲပျံဝဲနေပြီး ၎င်း၏ နှုတ်ခမ်းများကို တွန့်ကွေးကာ မကောင်းဆိုးဝါးဆန်စွာ ပြုံးလိုက်သည်။ သူ့စကား မဆုံးခင် အစိမ်းရောင် ဆေဘာက အလင်းတန်းအဖြစ် ပြောင်းသွားပြီး အလင်း၏အရှိန်ကိုပင် ကျော်သွားသည်။ ထိုအရှိန်မှာ ဗလတောင့်သော လူထက် အနည်းဆုံး (၁၀) ဆခန့် ပိုမြန်သည်။

"ဟာ… မြန်လိုက်တာ….."

လင်းဟွမ် အလန့်တကြား ထအော်လိုက်သည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းတွင် ရန်သူပေါင်း များစွာနှင့် ဆုံတွေ့ခဲ့ဖူးသည်။ သို့သော်လည်း

ဤတိုက်ခိုက်မှုက သူမြင်တွေ့ဖူးသမျှထဲတွင် အမြန်ဆုံး ဖြစ်သည်မှာ သံသယရှိစရာ မလိုပေ။

အစိမ်းရောင် အလင်းတန်း ထွက်ပေါ်လာသည်နှင့် တပြိုင်နက် ဆေဘာထိပ်ဖျားက လင်းဟွမ်နှင့် တစ်မီတာပင် မဝေးတော့ချေ။

လင်းဟွမ်က နယ်မြေပိုင်နက်အသိကို အားကိုးပြီး ငရဲဝိညာဉ်၏ တိုက်ခိုက်မှုကို အပြည့်အဝ ရှောင်တိမ်း နိုင်ခဲ့သော်လည်း ဓါးချက်က အချိန်မီ မလှုပ်ရှား နိုင်လောက်အောင် မြန်ဆန်လွန်း၏။

အစိမ်းရောင် အလင်းက လေထုကိုပင် အက်ကွဲ သွားစေပြီး သူ့မျက်ခုံးကြားသို့ ရောက်လာသဖြင့်

လင်းပွှမ် မျက်မှောင် ကြုတ်သွားသည်။ ဘယ်ဘက်လက်မှ လက်ချောင်းသည် အနည်းငယ် လှုပ်ခါသွားသည်။

အစိမ်းရောင်ဓါးက လင်းပွှမ်မျက်ခုံးနှင့် (၂၀) စင်တီမီတာပင် မဝေးတော့ချေ။

ထိုစဉ် ရုတ်တရက် ရပ်တန့်သွားသည်။ ညစ်ညမ်းသော အနက်ရောင်ရေထဲ ကျရောက်သွားသကဲ့သို့ အနက်ရောင် လှိုင်းဂယက် ထွက်ပေါ် လာသည်။

ရေမျက်နှာပြင်နှင့် ဆင်တူသော အနက်ရောင်ကြေးမုံတစ်ချပ်သည် လင်းဟွမ်၏ရှေ့တွင် ပေါ်လာပြီး တိုက်ခိုက်မှုကို ခုခံသွားသည်။

ဧရဲဝိညာဉ်သည် လင်းဟွမ်တွင် ဤကဲ့သို့ ခုခံရေးစွမ်းရည် ရှိလိမ့်မည်ဟု မထင်ထားခဲ့ချေ။ တိုက်ခိုက်မှုကို ကာကွယ်လိုက်သောကြောင့် အံ့အားသင့်သွားသော်လည်း နောက်ထပ် အခိုက်အတန့်တွင် တုန်လှုပ်သွားသည်။

ကြေးမုံထဲမှ အစိမ်းရောင် အလင်းတန်းတစ်ခု ပြန်ကန်ထွက်လာသည်။ ဒါသည် ဆေဘာခါး၏

တောက်ပမှုနှင့်တူပြီး ထပ်တူညီသော အရှိန်နှင့် ငရဲဝိညာဉ်၏ မျက်ခုံးကြားထဲ ပြန်ဝင်လာသည်။

"တန်ပြန် သက်ရောက်တာလား...."

ငရဲဝိညာဉ် ကြောင်သွားသည်။ အစိမ်းရောင် အလင်းတန်း၏ အမြန်နှုန်းမှာ သူတိုက်ခိုက်လိုက်သည့် အတိုင်းပင် မြန်ဆန်လွန်းလှ၏။ အကွာအဝေး တိုတောင်းလွန်းသောကြောင့် ပြန်ကန် ထွက်လာသော ဓါးချက်ကို ရှောင်တိမ်းရန် အချိန်မရှိပေ။

ငရဲ ဝိညာဉ်သည် တိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်ရန် အံကြိတ်ပြီး ခေါင်းကို အနည်းငယ် စောင်းလိုက်သည်။

လုံးဝ မတားဆီးနိုင်ကြောင်း သူသိသော်လည်း အခြားရွေးစရာကလည်း မရှိပေ။

အစိမ်းရောင် အလင်းတန်းက ငရဲဝိညာဉ်၏ ညာဘက်မျက်လုံးထဲ ထိုးဖောက်ဝင်ရောက်ကာ ဦးခေါင်းနောက်ဘက်မှ ပြန်ထွက်သွားသည်။ ဤတိုက်ခိုက်မှုက မီတာရာနှင့်ချီ ဝေးသောနေရာမှ တောင်ကုန်းကို ထိမှန်သွားပြီး တောင်ကုန်း တစ်ခုလုံး ပြိုကျသွားသည်။

လင်းပွှမ်သည် အနက်ရောင် ကြေးမုံ၏ အကျိုးသက်ရောက်မှုက ဤမျှ ထိတ်လန့်ဖွယ်ကောင်းအောင် ပြင်းထန်လိမ့်မည်ဟု မည်သည့် အချိန်ကမျှ မထင်ထားခဲ့ပေ။ ပြိုင်ဘက်က

တုံ့ပြန်ချိန် မရလောက်အောင် လုပ်ကြံခြင်း ခံလိုက်ရသည်။ အထူးသဖြင့် အဆိုပါ တိုက်ခိုက်မှုက အင်မတန် လျင်မြန်သလို တိုတောင်းသော အကွာအဝေးအတွင်းတွင် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သောကြောင့် ရှောင်ရှားနိုင်ရန် မဖြစ်နိုင်ချေ။

"တစ်ချက်တည်းနဲ့ သေသွားတယ်လို့ မပြောနဲ့.."

လင်းဟွမ်သည် ငရဲဝိညာဉ်ကို ချက်ချင်း လှမ်းကြည့်သည်။ ငရဲဝိညာဉ်၏ ညာဘက်မျက်လုံးမှာ ဟောင်းလောင်းပေါက်ကြီး ဖြစ်နေသည်။

လင်းဟွမ်သည် ထိုအပေါက်မှတစ်ဆင့် ငရဲဝိညာဉ် နောက်ကျောဘက်မှ မြင်ကွင်းများကိုပင် မြင်နေရသည်။

တိုက်ခိုက်မှုက မျက်လုံးသာမက ခေါင်းကိုလည်း ထိုးဖောက်သွားကြောင်း ထင်ရှားသည်။

သို့သော်လည်း ဤတိုက်ခိုက်မှုကြောင့် ငရဲဝိညာဉ် မသေခဲ့ပေ။ ညာဘက်မျက်လုံးထဲတွင် အနက်ရောင် အသားစများ ပြန်လည် ပေါက်ဖွားလာသည်။ သာမန်မျက်စိဖြင့် မြင်နိုင်သောနှုန်းနှင့် အဆက်မပြတ် ကြီးထွားလာပြီး ကွဲအက်နေသော ဦးခေါင်းခွံနှင့်အတူ မျက်လုံးက ပြန်လည် ကောင်းမွန်လာသည်။

ခဏအကြာ ဒဏ်ရာပြင်းထန်စွာ ရခဲ့သော ငရဲဝိညာဉ်၏ ဦးခေါင်းသည် အရှင်း ပြန်ပျောက် သွားသည်။ မျက်နှာပေါ်တွင် ကျန်ရစ်ခဲ့သော

စွန်းထင်းနေသည့် အမည်းရောင် သွေးစက်များသာ မရှိပါက လင်းဟွမ်သည် အနက်ရောင်ကြေးမုံ၏ တန်ပြန်တိုက်ခိုက်ခြင်းက ထင်ယောင်ထင်မှား တစ်ခုမျှသာ ဖြစ်လိမ့်မည်ဟု တွေးမိပေလိမ့်မည်။

"လူသားကြွက်စုတ်.. ငါ့ကို ပိုပြီး ပိုပြီး အံ့ဩအောင် လုပ်နေတာပဲ.."

ဧရဲဝိညာဉ်သည် တစ်ချက်တည်း သေအောင် တိုက်ခိုက် ခံခဲ့ရသော်လည်း ထိတ်လန့် စိုးရိမ်သွားသည့်ပုံ မရှိပေ။ လျှာ ဆန့်ထုတ်ကာ မျက်နှာပေါ်က အနက်ရောင်သွေးများကို လျှာနှင့် သပ်လိုက်ပြီး မကောင်းဆိုးဝါးဆန်စွာ ပြုံးလိုက်သည်။

"ငါ့ကို ပြဿနာရှာတဲ့ကောင်တွေကို တကယ်မုန်းတယ်။ မင်းရဲ့ တိုက်ခိုက်ရေးအဆင့်က အရမ်းနိမ့်ပြီး အားနည်းနေတယ်။ တကယ်လို့ အဆင့်မြင့်လာရင် ပြဿနာပဲလို့တောင် တွေးခဲ့ဖူးသေးတယ်....။ အစက လူခန္ဓာကိုယ် နည်းနည်းလောက် စုဆောင်းတဲ့နေရာမှာ မင်း ခန္ဓာကိုယ်ကို စိတ်မဝင်စားခဲ့ဘူး။ ဒီလို စွမ်းရည်နဲ့ဆိုရင် မင်းရဲ့တိုက်ခိုက်ရေးက ပိုအားကောင်းလာမှာပဲ။ အခုတော့ ငါ စိတ်ပြောင်းသွားပြီ။ မင်းခန္ဓာကိုယ်ကို ရကိုရမှ ဖြစ်မယ်....."

# အခန်း(၇၅၈) - ဒုတိယ အကြိမ်မြောက် သတ်ဖြတ်ခြင်း....။

ငရဲဝိညာဉ်က လေထဲ ပျံ့ဝဲနေသည်။ အနက်ရောင်ကြေးမုံ၏ တန်ပြန် တိုက်ခိုက်ခြင်းကြောင့် ထိမှန်ထားသော ခေါင်းတစ်ဝက်သည် မျက်စိတစ်မှိတ်အတွင်း၌ ပြန်လည် ကောင်းမွန်သွားသည်။

လင်းဟွမ်၏ အနက်ရောင်ကြေးမုံကြောင့် ထိမှန်ပြီး အသတ်ခံရလုနီးပါး ဖြစ်သွားသည့်အချက်မှာ အံ့သြစရာ မရှိပေ။ သို့သော်လည်း အစောပိုင်းက ဖြစ်ပျက်သော

အဖြစ်အပျက်ကြောင့် လင်းဟွမ် တစ်ယောက် အံ့သြမှင်တက်စွာ ငေးကြည့်နေမိသည်။

သူအကြိုက်ဆုံး အိုင်ဒေါတစ်ယောက်ကို ယခုမှ အရှင်လတ်လတ် တွေ့ဖူးသော ဖန် (ပရိတ်သတ်) တစ်ယောက်က ငေးကြည့်သလို ငေးကြည့်နေခြင်းပင်။ တစ်ချိန်တည်းမှာပင် 'ငါ့ကို လက်ထပ်ပါ' ဟု အော်ပြော လိုက်ချင်သလိုလို...။

လင်းဟွမ်သည် ဧရဲဝိညာဉ် ပိုင်ဆိုင်ထားသော မီဇနှင့်ပတ်သက်၍ မှတ်ချက် မပေးချေ။ မစော်ကားချင်သောကြောင့် မဟုတ်။ အကြောင်းမူ သူ့ပြိုင်ဘက်က အလွန် လျင်မြန်လွန်းသောကြောင့်ပင် ။

သူ သတိမထားလိုက်မိသည့် အချိန်၌ တိုက်ခိုက်လာနိုင်သောကြောင့် တိတ်တဆိတ်နေရန် ဆုံးဖြတ်ခဲ့ပြီး သူ၏ နယ်မြေပိုင်နက် အသိအပေါ်မှာသာ အာရုံစိုက်နေခဲ့သည်။ လင်းဟွမ်က တုံ့ပြန်ရန် စိတ်မပါသည်ကို မြင်လျှင် ငရဲဝိညာဉ်က လင်းဟွမ် ဘာတွေတွေးနေလဲ ဆိုသည်ကို သိလိုက်သည်။ ထို့ကြောင့် တိုးတိုးလေး ရယ်မောပြီး

"ကဲ... ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းလို့ ပြောကြတယ်။ ဒါကြောင့် မင်းက မင်းရဲ့ခန္ဓာကိုယ်ကို ငါ့လက်ထဲအပ်ဖို့ သဘောတူလိုက်ပြီ ထင်တယ်...."

စကားပြောပြီးသည်နှင့် ငရဲဝိညာဉ် ရုတ်တရက် ပျောက်ကွယ်သွားသည်။ နောက်ထပ် အခိုက်အတန့်တွင် အစိမ်းရောင် အလင်းတန်းတစ်ခုက လျှပ်စီး လျှပ်သည့်အလား လျှင်မြန်စွာ ထွက်ပေါ်လာသည်။

လင်းဟွမ်သည် နယ်မြေပိုင်နက်အသိနှင့် ပြိုင်ဘက် တိုက်ခိုက်လာသော လမ်းကြောင်းကို အတိအကျ ဖမ်းဆုပ်နိုင်ခဲ့သော်လည်း ၎င်းကို အချိန်မီ မရှောင်ယမ်း နိုင်ခဲ့ပေ။ ဘာမှလည်း မလုပ်နိုင်ချေ။ နောက်တစ်ကြိမ် လေထဲသို့ ညွှန်ပြပြီး အမှောင်ထုကြေးမုံ ဖွဲ့စည်း လိုက်ရသည်။ လင်းဟွမ်နှင့် စင်တီမီတာ (၂၀) ဝေးသော

နေရာတွင် အမှောင်ထုကြေးမုံ ပေါ်လာပြီး ဆေဘာ အလင်းတန်းကို ထပ်မံ ပိတ်ဆို့လိုက်သည်။

အစိမ်းရောင် ဆေဘာ အလင်းတန်းသည် အနက်ရောင် ကြေးမုံကြောင့် တန်ပြန်သွားသော်လည်း ငရဲဝိညာဉ်က ကြောက်ရွံ့ခြင်း လုံးဝ မရှိပေ။ ထိုအစား ပြုံးလိုက်ပြီး ခန္ဓာကိုယ်ကိုဘေးသို့ အနည်းငယ် လှုပ်ရှားကာ တိုက်ခိုက်မှုကို ရှောင်ရှားလိုက်သည်။

ပထမအကြိမ် တန်ပြန် သက်ရောက်သော တိုက်ခိုက်မှုကို ထိမှန်ခံလိုက်ရသည့် အကြောင်းအရင်းမှာ နှေးကွေး၍ မဟုတ်ပေ။ ရုတ်တရက် ပြန်လည်

တိုက်ခိုက်လာလိမ့်မည်ဟု မမျှော်လင့်ထားသောကြောင့် အငိုက်မိသွားခြင်းပင်...။

ဆန့်ကျင်ဘက် အနေနှင့် ဤတစ်ခေါက် တိုက်ခိုက်မှုအတွက် ကောင်းမွန် လုံလောက်စွာ ပြင်ဆင်ထားခဲ့သည်။ ဆေဘာထိပ်ဖျားက အမှောင်ထု ကြေးမုံနှင့် ထိမှန်လိုက်သည်နှင့် ချက်ချင်း ရှောင်ခဲ့သည်။ ထို့ကြောင့် တန်ပြန်သက်ရောက်မှုအား စောင့်နေစရာ မလိုခဲ့ပေ...။

သို့သော်လည်း တန်ပြန်၍ ထွက်ပေါ်လာသော အစိမ်းရောင် အလင်းတန်းက သူ့မျက်နှာ ဘယ်ဘက်ခြမ်း၏ (၅) စင်တီမီတာခန့်မှ ကပ်၍

ဖြတ်သွားသောကြောင့် မျက်နှာပေါ်တွင် ပူစပ်ပူလောင် ခံစားချက် ကျန်ရစ်ခဲ့သည်။ သို့သော်လည်း ဒဏ်ရာ မရခဲ့သလို ဘာမှမဖြစ်ခဲ့ပေ။ ထိုအစား မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာပြီး တိုက်ခိုက်မှုက ခါတိုင်းထက်ပင် ပိုကြမ်းတမ်းလာခဲ့သည်။

ငရဲဝိညာဉ် တိုက်ခိုက်နေသော အစွမ်းမှာ အင်မော်တယ် အဆင့် (၇) မကတော့ချေ။ ၎င်း၏ တိုက်ခိုက်မှု အမြန်နှုန်းမှာ အင်ပါယာအဆင့်နှင့်ပင် တန်းတူညီတူ ဖြစ်နေသည်။ အင်မော်တယ် အဆင့် (၁) ထိရောက်အောင် အဆင့်မြှင့်တင်ခဲ့သော လင်းဟွမ်ပင် မယှဉ်နိုင်တော့ချေ။

အင်မတန် လျင်မြန်ပါသည်ဆိုသော ကိုင်လီပင် သူနှင့်မယှဉ်နိုင်ချေ။

သို့သော်လည်း လင်းဟွမ်သည် ဒုတိယမြောက် တိုက်ခိုက်မှုအတွက် ခံစားချက်ကို ဖက်တွယ်မနေချေ။ မည်သို့ပင်ဆိုစေကာမူ သူစိတ်မပျက်ခဲ့ပေ...။ ငရဲဝိညာဉ် အဆင့်မြှင့်လာသည်နှင့် သူကလည်း အလုံးစုံ နိယာမကို အသက်သွင်းထားခဲ့သည်။

အကန့်အသတ် မရှိသော အမြင်အာရုံကြောင့် ပြိုင်ဘက်၏ တိုက်ခိုက်မှုကို ဝေဖန်ပိုင်းခြားနိုင်ခဲ့သလို ထိုအခိုက်အတန့်၌ ပြိုင်ဘက်၏ တိုက်ခိုက်မှုဖြစ်စဉ် တစ်ခုလုံးကို တတိယမျက်လုံးက မှတ်တမ်း

တင်ထားသည်။ တိုက်ခိုက်မှုကို မရှောင်နိုင်ခဲ့ခြင်းမှာ နယ်မြေပိုင်နက် အသိနှင့် အကန့်အသတ်မဲ့ အမြင်အာရုံ၏ စွမ်းရည်ကို အပြည့်အဝ မဖော်ထုတ်ချင်သောကြောင့် ဖြစ်သလို ပြိုင်ဘက်ဖြစ်သည့် ငရဲဝိညာဉ်ကိုလည်း မသိစေချင်သောကြောင့်ပင် ။ အထင်ရှားဆုံး ပြဿနာ နောက်တစ်ခုမှာ သူ့ခန္ဓာကိုယ်က အချိန်မီ မတုံ့ပြန်နိုင်ခြင်းပင်……။

သူ၏ တိုက်ခိုက်ရေးအဆင့်မှာ အင်မော်တယ် အဆင့်(၁) အထိ မြင့်တက်သွားသော်လည်း ခန္ဓာကိုယ် ကြံ့ခိုင်မှုနှင့် အာရုံခံနိုင်သော စွမ်းရည် မြင့်တက်လာစေရန်

စည်းဝါး၊ ဟန်ချက် ကျစေရန် အချိန်အနည်းငယ် လိုအပ်နေသေးသည်။

သာမန်တိုက်ပွဲ တစ်ခုသာဆိုလျှင် ဤအချက်ကို သတိမထားမိပေ။ သို့သော်လည်း ယခုအခါ ပရော်ဖက်ရှင်နယ် တစ်ယောက်နှင့် ရင်ဆိုင်နေရသောကြောင့် ဤအားနည်းချက်ကို ဖုံးကွယ်ရန် ခက်ခဲလှပေသည်။

ငရဲဝိညာဉ်ကဲ့သို့ ပရိုတစ်ယောက် အနေဖြင့် ရင်ဆိုင်ရသောအခါ ဤအားနည်းချက်က သိသာထင်ရှားလာသည်။ ကောင်းမွန်စွာ ပေါင်းစပ်ထားသော ခန္ဓာကိုယ် ရှိသော်လည်း လင်းဟွမ်၏အရှိန်မှာ

နတ်ဆိုးဝိညာဉ်၏ အရှိန်ကို မယှဉ်နိုင်ပေ။ ဟန်ချက်ညီလာပါက အနည်းဆုံး တိုက်ခိုက်ရန် အခွင့်မသာသော်လည်း ယခုလက်ရှိ အနေအထားနှင့် ကွဲပြားသွားပေလိမ့်မည်။

“ဟွန့်.....လူသားကြွက်စုတ်... ဘာဖြစ်တာလဲ...။ မင်းရဲ့ လိပ်ခွံထဲမှာပဲ တစ်သက်လုံး ပုန်းနေတော့မှာလား...”

“မင်း ဒီလောက် မောက်မာနေခဲ့တာ”

“ဘာလဲ... အခုတော့ အရှက်မရှိတဲ့ ငကြောက် တစ်ကောင်လို လုပ်နေတာလား။ တိုက်ပွဲက

အရွယ်ရောက်ပြီးတဲ့ လူတွေအတွက်ပဲ... သွားသွား... မင်းလို ကြွက်စုတ်လေးက အိမ်ပြန်ပြီး နို့စို့...”

. . .

ငရဲဝိညာဉ်က ဆေဘာနှင့် အကြိမ်ကြိမ် တိုက်ခိုက်နေရင်း တပြိုင်နက်တည်း လင်းဟွမ်ကို အကြိမ်ကြိမ် ရှုံ့ချ၍ ဝေဖန် လှောင်ပြောင်နေသည်။

သို့တိုင်အောင် လင်းဟွမ်က ဒေါသမထွက်ချေ။

ငရဲဝိညာဉ်က သူ့အား ပြန်လည် တိုက်ခိုက်လာစေရန်၊ ဟာကွက် ဖြစ်လာစေရန် ရန်စနေကြောင်း သူသိသည်။ အကြိမ်ပေါင်းများစွာ တိုက်ခိုက်ပြီးနောက် ငရဲဝိညာဉ်သည် တန်ပြန်

သက်ရောက်မှု၏ အစီအစဉ်နှင့် ပတ်သက်၍ ကျွမ်းကျင်ရင်းနှီးလာသည်။ ဒဏ်ရာရခြင်းမရှိဘဲ တန်ပြန်တိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်ခဲ့ပြီး ပိုမို ပြင်းထန်စွာတိုက်ခိုက်လာနိုင်ခဲ့သည်။

ထို့အပြင် လင်းဟွမ်ကလည်း ပြင်းထန်သောတိုက်ခိုက်မှုများနှင့် အညီ ခန္ဓာကိုယ်ဖွဲ့စည်းပုံကလိုက်လျောညီထွေ ဖြစ်လာသည်။

လင်းဟွမ်သည် သူ့ခန္ဓာကိုယ်က ပြိုင်ဘက်တိုက်ခိုက်မှုအရှိန်နှင့် လိုက်လျောညီထွေ ဖြစ်လာပြီဖြစ်ကြောင်း သိသော်လည်း မျက်နှာသည် ပုံမှန်အတိုင်း

ရှိနေပြီး ပြိုင်ဘက်၏ အားနည်းချက်ကို စိတ်ရှည်စွာ စောင့်ဆိုင်းနေသည်။

ငရဲဝိညာဉ်က တစ်ချက်ပြီးတစ်ချက် တိုက်ခိုက်နေပြီး တိုက်ခိုက်မှု တစ်ခုစီတိုင်းက အင်ပါယာအဆင့်၏ အမြင့်ဆုံးအရှိန်နှင့် တိုက်ခိုက်နေခဲ့ခြင်းပင် ။

နာရီဝက်အတွင်းတွင် လင်းဟွမ်သည် ပြန်လည် တိုက်ခိုက်ရန် အခွင့်အရေး လုံးဝ မရခဲ့ဘဲ ငရဲဝိညာဉ်၏ ဖိနှိပ်ခြင်းကို အပြည့်အဝ ခံနေရသည်။

“လူသားကြွက်စုတ်… ။ မင်းရဲ့ ကံကြမ္မာစွမ်းအားက မင်းရဲ့လိပ်ခွံကို ဘယ်လောက် တောင့်ခံနိုင်မလဲ

ကြည့်ရသေးတာပေါ့... ။ နာရီဝက်လား... တစ်နာရီလား...”

ငရဲဝိညာဉ်က ရန်စ စကားကို နောက်တစ်ကြိမ် ပြောလိုက်ပြီး ဆေဘာနှင့် တိုက်ခိုက်လိုက်သည်။ ၎င်း၏အစိမ်းရောင် ဆေဘာအလင်းက လေထုကို ဖြတ်သန်းပြီး လင်းဟွမ်နှင့် စင်တီမီတာ (၃၀) ပင် မဝေးသော နေရာ၌ ပေါ်လာသည်။

ရေနှင့်တူသော အနက်ရောင် ကြေးမုံသည် မည်သည့်နေရာမှ ထွက်ပေါ်လာမှန်းမသိ ထွက်ပေါ် လာပြန်သည်။ အစိမ်းရောင် ဆေဘာထိပ်ဖျားနှင့် တွေ့ဆုံသွားသည်။ ဤတိုက်ခိုက်မှုက

အင်မော်တယ်အဆင့် (၉) ခုကိုပင် သတ်ဖြတ်နိုင်သည်။ သို့သော်လည်း အနက်ရောင် ကြေးမုံ ထွက်ပေါ်လာပြီးသည်နှင့် တိုက်ခိုက်မှုက ပျောက်ကွယ်သွားသည်။

ငရဲဝိညာဉ်က အကြိမ်ပေါင်းများစွာ တိုက်ခိုက်ခဲ့ပြီး ဖြစ်သောကြောင့် ဤအချက်နှင့် ပတ်သက်၍ မအံ့သြတော့ပေ။

ဒါသည် လင်းဟွမ်၏ အကြွင်းမဲ့ ခုခံကာကွယ်မှု ဖြစ်ပြီး ငရဲဝိညာဉ်က ချိုးဖျက်နိုင်ခြင်း မရှိသေးပေ။ မည်သို့ပင်ဆိုစေကာမူ စိုးရိမ်ခြင်း လုံးဝ မရှိပေ....။

တန်ပြန် တိုက်ခိုက်မှု မပေါ်ခင် နောက်တစ်ကြိမ် ရှောင်တိမ်းလိုက်သည်။

၎င်း၏ ခန္ဓာကိုယ်ကို ညာဘက်သို့ စင်တီမီတာ အနည်းငယ် ရွှေ့လိုက်ရုံဖြင့် တိုက်ခိုက်မှုအား ရှောင်လွှဲနိုင်မည်ကို သိနေသည်။

ထိုစဉ် တန်ပြန်တိုက်ခိုက်လာသော အစိမ်းရောင် အလင်းတန်းကို ရုတ်တရက် ပစ်လွှတ်လိုက်သည်။ သို့သော်လည်း ငရဲဝိညာဉ် မျှော်မှန်းထားသော ရှုထောင့်မဟုတ်ဘဲ ငရဲဝိညာဉ်ရှေ့သို့ တိုက်ရိုက် ပစ်လွှတ်လိုက်ခြင်းသာ.....

“ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ...”

ငရဲဝိညာဉ် တုန်လှုပ်သွားသည်။ အကြိမ်ရာပေါင်းများစွာ တိုက်ခိုက်ခဲ့ပြီး ကြေးမုံ၏ တန်ပြန်တိုက်ခိုက်မှုက သူခန့်မှန်းထားသည့် ဦးတည်ချက်မှ လွဲထွက်သွားခြင်း မရှိခဲ့ပေ။ သို့သော်လည်း ယခုတစ်ကြိမ်မူ ကွဲပြားသည်။ ထိုအခိုက်အတန့်၌ ဖြစ်ခဲ့သော အကြောင်းအရင်းများကို နားလည်သွားသော်လည်း နောက်ကျသွားခဲ့ပြီ။

တစ်မီတာပင် မဝေးသောကြောင့် တိုက်ခိုက်မှုကို ကာကွယ် တားဆီးနိုင်ချေ နည်းပါးလွန်းသည်။ တန်ပြန်တိုက်ခိုက်လာသော အစိမ်းရောင် ဆေဘာအလင်းက

မျက်ခုံးကြားထဲ ထိုးဖောက် ဝင်ရောက်သွားကာ ဦးခေါင်း အနောက်ဘက်မှ ထုတ်ချင်း ပေါက်ထွက်သွားသည်။

ကလေးလက်သီးဆုပ် အရွယ် အပေါက်တစ်ခု ဖြစ်ပေါ်လာသည်။ ထို့နောက် အနက်ရောင်ကြေးမုံက သူ့ဘာသာသူ အလိုလို ပြိုကျသွားသည်။ ကြေးမုံနောက်တွင် ရှိနေသော လင်းဟွမ်၏ နောက်ကျောတွင် သွေးရောင် တောက်ပနေသော အတောင်ပံများ လျင်မြန်စွာ ဖွဲ့စည်းလာသည်။

သွေးရောင်တောင်ပံ ခြောက်ခုသည် တစ်ခုနှင့်တစ်ခု ယှက်မိုး၍ ငရဲဝိညာဉ်၏ စဉ်ဆက်မပြတ် တိုက်ခိုက်နေသော ပြင်းထန်သည့် ဆေဘာ

တိုက်ခိုက်မှုများကို ကာကွယ် ပေးခဲ့သည်။ အစိမ်းရောင်အလင်းများက အတောင်ပံ အလွှာ သုံးလွှာကို ဖောက်ထွက် သွားခဲ့သော်လည်း အတောင်ပံများကြားတွင် ပိတ်မိ၍ ပျောက်ကွယ် သွားခဲ့သည်။

အတောင်ပံကြားတွင် အဟာတစ်ခု ပေါ်လာပြီး သွေးရောင် တောင်ပနေသော ဓါးတစ်ချောင်းက ဖြတ်ကျော်လာသည်။

ငရဲဝိညာဉ် အငိုက်မိသွားပြီး ဓါးက ၎င်း၏ရင်ဘတ်ထဲ ထိုးဖောက် ဝင်ရောက်သွားသည်။

“ငရဲ သွားစမ်း…”

လင်းဟွမ် အော်ဟစ်လိုက်သည်။

ငရဲဝိညာဉ်၏ ခန္ဓာကိုယ်ထဲ ဓါးသွားက ထိုးဖောက်ဝင်ရောက်သွားသောအခါ သွေးရောင် အလင်းများက ပို၍ လင်းထိန် တောက်ပလာသည်။

မကြာခင် ငရဲဝိညာဉ်၏ ခန္ဓာကိုယ်က ပေါက်ကွဲထွက်ပြီး အပိုင်းပိုင်း ဖြစ်သွားသည်။

ယခုတစ်ကြိမ်၌ လင်းဟွမ်သည် ဓါး ပြန်ဆွဲထုတ်ပြီး အနက်ရောင် မြူခိုးများ ဖြစ်ပေါ်နေသောနေရာကို စိုက်ကြည့်လိုက်သည်။

“အမှောင်ထု ကြေးမုံရဲ့ တန်ပြန်သက်ရောက်တဲ့ တိုက်ခိုက်မှု လမ်းကြောင်းက ဘယ်တော့မှ ထိန်းချုပ်လို့

မရဘူးလို့ မင်းကို မပြောခဲ့ပါဘူး။ ဒီလိုပဲ အလုပ်လုပ်တယ်ဆိုတာ မင်းဘာသာမင်း ယူဆနေတာ...”

## အခန်း(၇၅၉) - ဝှက်ဖဲအားလုံး ကုန်ပြီလား....

အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွားသော ငရဲဝိညာဉ်၏ ခန္ဓာကိုယ်က အနက်ရောင် မြူခိုးများအဖြစ် နောက်တစ်ကြိမ် ပြန်ဖြစ်သွားသည်ကို မြင်လျှင် လင်းဟွမ် မျက်မှောင် ကြုတ်သွားသည်။

သူ ပထမအကြိမ် သတ်ခဲ့သည့်အချိန်က လုံလောက်အောင် အစွမ်းထက်ခြင်း မရှိ၍ ပြိုင်ဘက်က နောက်တစ်ကြိမ် ပြန်ရှင်လာသလားဟု အမှန်တကယ် တွေးမိသည်။

ထို့ကြောင့် ဒုတိယမြောက် တိုက်ခိုက်မှုတွင် ကမ္ဘာသန့်စင်ခြင်း တိုက်ကွက်၏ ပိုအစွမ်းထက်သော ဗားရှင်းကို တမင်တကာ အသုံးပြုခဲ့သည်။ ဒါသည် ရန်သူ၏ ခန္ဓာကိုယ်ကို အစိတ်စိတ်အမွှာမွှာ ပိုင်းဖြတ်စေနိုင်သော လင်းဟွမ်၏ အစွမ်းထက်ဆုံး ဓါးကွက်တစ်ခုပင် ။

သို့တိုင်အောင် ငရဲဝိညာဉ်၏ ခန္ဓာကိုယ်ကို အနက်ရောင် မြူခိုးများအဖြစ် ပြောင်းလဲသွားခြင်းကို မတားဆီးနိုင်ခဲ့ပေ။

သူ၏ မျှော်လင့်ချက်အတွင်းမှာ ရှိသေးသော်လည်း ဒါသည် သူမျှော်လင့်သော ရလဒ် မဟုတ်ချေ။

လင်းဟွမ်သည် ဤဖြစ်စဉ်ကြောင့် စိတ်အိုက်လာသည်။

လင်းဟွမ်သည် ငရဲဝိညာဉ် လက်မှ ပြုတ်ကျသွားသော ရှေးဟောင်း ဆေဘာခါတ်ကွင်းကို လှမ်းကြည့်လိုက်ရာ အစိမ်းရောင် ဆေဘာသည် လေထဲတွင် အလိုလို ပြိုကွဲပြီး အနက်ရောင်မြူခိုးများ ဖြစ်သွားသည်။ ထိုအဖြစ်အပျက်ကို မြင်ပြီးနောက် လင်းဟွမ် အံ့အား သင့်သွားသည်။

ရှေးဟောင်း ဆေဘာခါတ်ကွင်းက သူ ရရှိနိုင်သော ဆုလာဘ်များထဲမှ တစ်ခုဟု ထင်ခဲ့သော်လည်း ယခုမူ အစစ်အမှန် ခါတ်ကွင်းတစ်ခု မဟုတ်သလို ထင်ရသည်။

ထိုအစား အနက်ရောင် မြူခိုးများက ဖန်တီးထားသည့် ဖွဲ့စည်းပုံ တစ်ခုနှင့်တူနေသည်။

"ဒီကောင်ကြီးက ဘာမွန်းစတားကြီးလဲ.. သေလည်း မသေနိုင်ဘူး.. ရှေးဟောင်း ဆေဘာခါတ်ကြွင်း တစ်ခုတောင် ကြံ့သလို ဖန်တီးနိုင်တယ်.."

လင်းဟွမ်သည် ရှေးဟောင်း ဆေဘာခါတ်ကြွင်း လုယူချင်စိတ် ကုန်ခမ်းလာပြီးနောက် အနက်ရောင် မြူခိုးထဲက မှုန်ဝါးဝါး လူအသွင်သဏ္ဍာန်ကို လှမ်းကြည့်လိုက်သည်။ မီးစာ မွန်းစတားကို လွဲမှားစွာ ရွေးချယ်ခဲ့မိပြီဟု တွေးနေမိစဉ် ခပ်ဝါးဝါး လူသားပုံရိပ်မှာ ပို၍ ထင်ရှားလာသည်။

ဒါသည် အရပ် (၁.၈၅) မီတာခန့် မြင့်မားသော လင်းဟွမ်ထက်ပင် အနည်းငယ် ပိုမြင့်သော လူလတ်ပိုင်း အမျိုးသား တစ်ယောက် ဖြစ်သည်။ သို့သော်လည်း လင်းဟွမ်ထက် ဗလ ပိုတောင့်သည်။ ထိုလူ ကိုင်ဆောင်သော လက်နက်မှာ (၂)မီတာခန့် ရှည်သော ငွေရောင် လှံတစ်ချောင်းပင် ။

လင်းဟွမ်သည် ထိုလူ၏ မျက်နှာကို မြင်လိုက်သောအခါ မျှော်လင့်ထားသည့်အတိုင်း ဖြစ်နေသဖြင့် မအံ့ဩမိပေ။ ထိုလူသည် အစောပိုင်းက ငရဲဝိညာဉ် သတ်ဖြတ်ခဲ့သည့် လူများထဲမှတစ်ယောက် ဖြစ်နေသည်။

ဒါသည် ရင်ခွဲရုံတွင် လင်းဟွမ် ပထမဦးဆုံး မြင်ခဲ့သည့် အလောင်းသာ....

ထိုအလောင်း၏ နှလုံးကို ထင်ထင်ရှားရှား မှတ်မိနေသေးသည်။ အဆုတ်နှစ်ခုကို ဖြတ်ထုတ်ရန် ရင်ဘတ်ကိုပင် ခွဲထားသည်။ ယခုအချိန်၌ သေဆုံးနေသော လူမှာ လင်းဟွမ်ရှေ့၌ မတ်တပ်ရပ်နေပြီး သူ့အတွက် ဘာမှ မထူးဆန်းသလိုပင်။

"ငါထင်တာ မမှားရင် မင်းသတ်ဖူးတဲ့ လူတွေရဲ့ ပုံစံအတိုင်းပဲ ပြောင်းလဲနိုင်မယ်လို့ ငါ ထင်တယ်.."

လင်းဟွမ်က ရုတ်တရက် ပြောလိုက်သည်။

"မင်း ရှင်ချင်သလောက် အကြိမ်ပေါင်းများစွာ ရှင်နိုင်မယ်လို့ မဆိုလိုဘူး..။ မင်းကို (၁၇)ကြိမ်သတ်ရင် နောက်ဆုံးတော့ မင်း သေမှာပဲ"

"မင်းမှာ သက်သေ အထောက်အထား မရှိဘဲနဲ့ ငါက ငါသတ်ခဲ့တဲ့ လူပုံစံအတိုင်းပဲ ပြောင်းလဲနိုင်တယ်လို့ ဘယ်အချက်ကို အခြေခံပြီး ခန့်မှန်းတာလဲ.."

ငရဲဝိညာဉ်သည် တည်ငြိမ်နေပြီး အနက်ရောင် မြူခိုးများနှင့် ဖွဲ့စည်းထားသော ခန္ဓာကိုယ်ကလည်း တည်ငြိမ်လာသည်။

လင်းဟွမ်သည် ငရဲဝိညာဉ်က သူ့ကိုလှည့်စားရန် ကြံစည်နေလား ဆိုသည်ကို မသေချာသော်လည်း သူ့ယူဆချက် မှန်ကန်သည်မှာ အသေအချာပင်...

"သေဆုံးသူ (၁၇) ယောက်လုံးရဲ့ အလောင်းကို ငါမြင်ဖူးတယ်။ နောက်တစ်ခါကျရင် ငါ တစ်ခါမှ မမြင်ဖူးတဲ့အလောင်း ပုံစံပြောင်းပြီး ငါ မှားကြောင်း သက်သေပြပေါ့"

"မင်း ငါ့ လျှို့ဝှက်ချက်ကို စိတ်ဝင်စားရင် မင်းခန္ဓာကိုယ် ငါ့ပေးဖို့ သဘောတူလား။ ဒါဆို ငါ ပြောပြမယ်လေ.."

"မင်း ငါ့ခန္ဓာကိုယ်ကို မယူနိုင်မှာဘဲ ကြောက်မိတာ"

လင်းဟွမ်သည် စကား ပြောပြီးသည်နှင့် သူ့နောက်ကျောမှ သွေးရောင် အတောင်ပံများကို တဖျပ်ဖျပ် ခတ်လိုက်သည်။

ငရဲဝိညာဉ်က ၎င်း၏ တိုက်ခိုက်ရေးအဆင့်ကို မမြှင့်တင်ရသေးခင် လင်းဟွမ်က လက်ဦးမှုယူ၍ တိုက်ခိုက်ရန် ကြိုးစားလိုက်သည်။ ချက်ချင်းဆိုသလို ငရဲဝိညာဉ်ရှေ့တွင် ပေါ်လာပြီး ဓါးနှင့် ခုတ်ချလိုက်သည်။

ငရဲဝိညာဉ်က လှောင်သလိုလို ပြုံးလိုက်ပြီး လင်းဟွမ်၏ တိုက်ခိုက်မှုကို လုံးဝ လျစ်လျူရှုထားသည်။ တိုက်ခိုက်မှုကို မရှောင်တိမ်းဘဲ ဒီအတိုင်း မတ်တပ်ရပ်နေသည်။ လင်းဟွမ်ရှေ့မှာပင် ၎င်း၏

တိုက်ခိုက်ရေး အဆင့်ကို မြှင့်တင်ရန် အသက်သွင်းလိုက်သည်။

လေထုအလယ်တွင် ကောင်းကင်တစ်ခုလုံး သွေးရောင်အလင်းများ ဖုံးလွှမ်းသွားပြီး ငရဲဝိညာဉ်၏ လည်ပင်းကို ဖြတ်တောက်ရန် တိုးဝင်သွားသည်။ သို့သော်လည်း သွေးနီရောင် အလင်းတန်းသည် နတ်ဆိုးဝိညာဉ် လည်ပင်းနှင့် (၁) စင်တီမီတာ အကွာသို့ရောက်သောအခါ ရပ်တန့်သွား၏။

လင်းဟွမ်၏ အသေ သတ်သော တိုက်ကွက်မှာ ကာကွယ်ရေး ဒိုင်းတစ်ခုနှင့် ပိတ်ဆို့ခံလိုက်ရသလို ရှေ့ဆက် မတိုးနိုင်တော့ချေ။

အင်မော်တယ် အဆင့် (၃) မှ စတင်၍ မြင့်တက်လာသော ငရဲဝိညာဉ်၏ တိုက်ခိုက်ရေး အဆင့်ကို သတိထားမိသော်လည်း လင်းဟွမ် လက်မလျှော့ပေ။ တိုက်ခိုက်မှုများကို အဆက်မပြတ် ပြုလုပ်နေခဲ့ပြီး တိုက်ခိုက်မှု တစ်ခုစီတိုင်းကလည်း ပို၍ ကြမ်းတမ်းလာခဲ့သည်။

ငရဲဝိညာဉ်က လင်းဟွမ်ကို စော်ကားရန်စ၍ လှောင်သလိုလို ပြုံးနေသော အပြုံးကိုသာ ပြုံးနေပြီး တိုက်ခိုက်မှုများကို ရှောင်တိမ်းခြင်း မရှိခဲ့ပေ။ တိုက်ခိုက်မှုမှ ထွက်ပေါ်လာသော အင်အားစု အားလုံးက

သူ့ဒိုင်းအား မထိုးဖောက် နိုင်သကဲ့သို့ ခန္ဓာကိုယ်က လုံး၀ မလှုပ်ရှားပေ။

"အသုံးမ၀င်ဘူး..။ ငါ့ရဲ့ လျှို့၀ှက်စွမ်းရည်ကို အသက်သွင်းပြီးသွားတာနဲ့ ရပ်လို့ ရမှာ မဟုတ်ဘူး..။ မင်းရဲ့တိုက်ခိုက်မှု မဟုတ်ဘဲ အတုယောင် နတ်ဘုရားရဲ့ တိုက်ခိုက်မှုတောင် အလုပ် မဖြစ်ဘူး.."

ငရဲ၀ိညာဉ်သည် ၎င်း၏အော်ရာက အင်မော်တယ် အဆင့် (၇) ကို ရောက်သည့်အချိန်၌ ပြောလိုက်သည်။

"မပြီးပြည့်စုံတဲ့ နိယာမတွေ ရှိနေတဲ့ ကျောက်စရစ်ခဲ ကမ္ဘာက လူတွေက ဒီလိုစွမ်းအား အကြောင်း နားမလည်ပါဘူးကွာ.."

လင်းဟွမ်သည် မယုံချင်သော်လည်း နတ်ဆိုးဝိညာဉ်က အမှန်တရား ပြောနေကြောင်း ယောင်ဝါးဝါး ခံစားမိသည်။ သူ၏ အကြိမ်ကြိမ် တိုက်ခိုက်ခဲ့သော တိုက်ခိုက်မှုများက နတ်ဆိုးဝိညာဉ်အား ထိခိုက်ခြင်း မရှိခဲ့ပေ။

၎င်း၏အော်ရာမှာ အင်မော်တယ် အဆင့် (၇) သို့ ရောက်သွားပြီး နောက်ဆုံး၌ တည်ငြိမ်သွားသည်။ ငွေရောင်လုံသည် ရေးဟောင်း ဓါတ်ကြွင်းအဖြစ် ဖွဲ့စည်းသွားသည်။

ထို့အပြင် ငရဲဝိညာဉ်၏ အော်ရာ တည်ငြိမ်လာသည်နှင့် ကာကွယ်ရေးဒိုင်းသည်လည်း သူ့အလိုလို ပျောက်ကွယ်သွားသည်။

လင်းဟွမ် နောက်တစ်ကြိမ် တိုက်ခိုက်လာသည်ကို သတိပြုမိလျှင် ငရဲဝိညာဉ်က ရှောင်တိမ်းလိုက်သည်။

လေထဲ၌ သွေးရောင် အလင်းတန်းနှင့် အနက်ရောင် အလင်းတန်းတို့ ထိပ်တိုက် တွေ့ဆုံသွားကြသည်။

ပြင်းထန်သော အသက်လု တိုက်ပွဲကြီး နောက်တစ်ကြိမ် ပေါ်ပေါက်လာပြန်သည်။

ပုံရိပ်နှစ်ခုသည် ကောင်းကင်ပေါ်၌ နောက်တစ်ကြိမ် လုံးထွေးနေကြသည်။

လင်းဟွမ်သည် သွေးစုပ်ဖုတ်ကောင် အမှုန်ကို အသက်သွင်းပြီးကတည်းက အမြန်နှုန်းမှာ ယခင်ကထက် အဆ အနည်းငယ် ပိုမြန်လာခဲ့သည်။

ယခုတစ်ကြိမ်၌ ငရဲဝိညာဉ်က အရှိန်အဟုန်ဖြင့် တိုက်ခိုက်ခြင်း မရှိသေးပေ။ လင်းဟွမ်၏ အရှိန်ထက် နိမ့်ကျနေခဲ့သည်။ ၎င်း၏အမြန်နှုန်းမှာ လင်းဟွမ်၏ အရှိန်ကို မယှဉ်နိုင်သော်လည်း အင်မတန် ကောင်းမွန်သော အမြင်အာရုံများ ရှိနေသည်။ လုံတာအို အောင်မြင်မှုများ အပြင် ၎င်း၏တိုက်ခိုက်မှု တစ်ခုစီတိုင်းသည် လင်းဟွမ်နှင့် တန်းတူဖြစ်နေသည်။ နှေးကွေးခြင်း၊ နောက်ကျ ကျန်ခဲ့ခြင်း မရှိပေ။

နာရီဝက်နည်းပါး တိုက်ခိုက်ပြီးချိန်တွင်ပင် တိုက်ပွဲရလဒ်ကို မဆုံးဖြတ်နိုင်သေးချေ။

လင်းဟွမ်သည် သူ့ပြိုင်ဘက်၏ တိုက်ခိုက်မှုများကို အကြိမ်ပေါင်း မည်မျှ ထိမှန်ခဲ့လဲဆိုသည်ကို မသိတော့ချေ။ သို့သော်လည်း မြင့်မြတ် ကုသရေး စွမ်းရည်ကြောင့် ဒဏ်ရာများသည် အမာရွတ်ပင် မကျန်အောင် လုံးဝ ပျောက်ကင်းသွားခဲ့သည်။

လင်းဟွမ်၏ ပြိုင်ဘက်လည်း ဒဏ်ရာပေါင်းများစွာ ရရှိခဲ့သည်။ သို့သော်လည်း ငရဲဝိညာဉ်သည် သေစေနိုင်သော အစိတ်အပိုင်းများကို မထိခိုက်အောင်

ရှောင်ရှားနိုင်ခဲ့ပြီး ရရှိခဲ့သော ဒဏ်ရာအားလုံးမှာလည်း အသေးအမွှားများသာ.....

လေတိုးသံ (ခါး) က ပြိုင်ဘက်၏ ပြန်လည်ကောင်းမွန်စေနိုင်သည့် နှုန်းကို နှေးကွေးစေနိုင်သော ထူးခြားသည့် ဝိသေသကို ပိုင်ဆိုင်သော်လည်း ထိုလက်နက် အားသာချက်နှင့်ပင် ငရဲဝိညာဉ်ကို သတ်ဖြတ်ရန် အချိန် မည်မျှကြာမလဲ ဆိုသည်ကို မပြောနိုင်ချေ။

"ငါ့ရဲ့ကံကြမ္မာစွမ်းအားတွေ အများကြီးကုန်သွားပြီ....."

နာရီဝက်အတွင်း တိုက်ခိုက်ခဲ့သော တိုက်ခိုက်မှုအားလုံး နီးပါးသည် သူ၏ အကောင်းဆုံး တိုက်ချက်များပင်.....။ ကံကြမ္မာ စက်ဝိုင်း (၁၀)ခု၏ (၃)ပုံ ၊ (၁)ပုံသော ကံကြမ္မာစွမ်းအားများ ကုန်ဆုံးသွားသော်လည်း သူ့ပြိုင်ဘက်မှာမူ အကန့်အသတ်မဲ့ ခွန်အားများ ရှိနေပုံရသည်။

အကယ်၍ သည်အတိုင်း ဆက်သွားမည်ဆိုပါက ကံကြမ္မာစွမ်းအား ပြန်လည်ဖြည့်သွင်းခြင်း ကတ်ကို (၃) ကြိမ်တိုင်တိုင် အသုံးပြုပြီးသည့် နောက်မှာပင် ပြိုင်ဘက်ကို (၁၁) ကြိမ်သာ သတ်ဖြတ်နိုင်လိမ့်မည်။

လင်းဟွမ်က အနည်းဆုံး အလောင်း (၁၇) လောင်း ရှိလိမ့်မည်ဟု ခန့်မှန်းထားခဲ့သည်။

ငရဲဝိညာဉ်သည် ယခင်က နှစ်ကြိမ်တိုင်တိုင် အသတ်ခံခဲ့ရသော်လည်း ယခုမူ ကံကြမ္မာစွမ်းအား ပြန်လည်ဖြည့်သွင်းခြင်း ကတ် (၃)ခုလုံး ကုန်သွားသည့်တိုင်အောင် မသတ်နိုင်သေးပေ။

“ဘာဖြစ်တာလဲ.. ကံကြမ္မာစွမ်းအား မလုံလောက်တော့ဘူးလား။ အော်.. ငါမင်းကို ပြောဖို့မေ့သွားတယ်။ ငါ့ခန္ဓာကိုယ်ရဲ့ စွမ်းအားက ခန္ဓာကိုယ် အစစ်အမှန်ဆီက လာတာပဲ….။ ဒီလောက်ပဲ ခွန်အားရှိတဲ့ ခန္ဓာကိုယ်နဲ့ဆိုရင် တိုက်ပွဲ တစ်သန်းလောက်

အဆက်မပြတ် တိုက်ခိုက်နေရင်တောင် အသက်တစ်ချက် ရှူရုံ အချိန်လေးမှာပဲ ငါ့ခန္ဓာကိုယ် အစစ်အမှန်က စွမ်းအား ပြန်ဖြည့်ပေးနိုင်တယ်”

“တကယ်လား..”

လင်းဟွမ်သည် ဤအချက်ကို အစောပိုင်းကတည်းက တွေးခဲ့ဖူးသည်။ နောက်ဆုံး၌ ငရဲဝိညာဉ်က သူ့အတွေး မှန်ကန်ကြောင်း အတည်ပြုခဲ့သည်။ ငရဲဝိညာဉ်က သူ့ကို လိမ်ညာစရာအကြောင်း မရှိပေ။ သို့သော်လည်း ထိတ်လန့်ခြင်း လုံးဝ မရှိချေ။

“ကြည့်ရာတာ ဝှက်ဖဲတချို့ အသုံးပြုရတော့မယ့်ပုံပဲ..”

လင်းဟွမ်သည် ထိုကဲ့သို့ တွေးပြီးသည်နှင့် ဤတစ်ကြိမ်၌ သူ့တွင်ရှိနေသော ဖဲအားလုံးကို ထုတ်ရတော့မည် ဖြစ်ကြောင်း သိလိုက်သည်။

ကတ်သုံးကတ် ရတ်တရက် ပေါ်လာသည်။ ဒါသည် သူ့တွင် ရှိနေသော နောက်ဆုံး လက်ကျန် ယာယီတိုက်ခိုက်ရေး အဆင့်မြှင့်တင်ခြင်း ကတ်ပင် ။

ဝူကျန်းကို တိုက်ခိုက်ရေးဝိညာဉ်အဖြစ် ပြုလုပ်စဉ်က ဆုကြေး ကံစမ်းမဲကတ် အားလုံးနည်းပါးကို အသုံး ပြုခဲ့ရသည်။ ကတ်အချို့သာ ကျန်ခဲ့တော့သည်။ ယာယီတိုက်ခိုက်ရေး အဆင့်မြှင့်တင်ခြင်း ကတ်က လူတစ်ယောက်၏ ခန္ဓာကိုယ် ဖွဲ့စည်းပုံကို ဝန်ပိစေပြီး

ကတ်သုံးကတ်ကိုသာ တပြိုင်နက်တည်း အသုံးပြုနိုင်သည်။ သို့သော်လည်း ဒါက သူ့အတွက် လုံလောက်သည်။

"တော်ပြီ ကစားပွဲကို ဒီမှာပဲ အဆုံးသတ်တော့မယ်.."

လင်းဟွမ်သည် ထိုစကား ပြောပြီးသည်နှင့် ဘယ်ဘက်လက်တွင် ကိုင်ထားသော ယာယီ တိုက်ခိုက်ရေး အဆင့်မြှင့်တင်ခြင်းကတ် (၃) ကတ်ကို ချေမွလိုက်ရာ ချက်ချင်း ကြေမွသွားပြီး တောက်ပသော အလင်းရောင်အဖြစ် ပြောင်းလဲကာ ခန္ဓာကိုယ်ထဲ ဝင်ရောက်သွားသည်။

ငရဲဝိညာဉ်က ထိုအရာကို သတိမထားလိုက်မိပေ။

သို့သော်လည်း လင်းဟွမ်၏ တိုက်ခိုက်ရေးအဆင့်က နောက်တစ်ကြိမ် မြင့်တက်လာကြောင်း ရှင်းရှင်းလင်းလင်း ခံစားမိသည်။

အင်မော်တယ် အဆင့် (၄) ..

အင်မော်တယ် အဆင့် (၅) ..

အင်မော်တယ် အဆင့် (၆) ..

## အခန်း(၇၆၀) - မသေဘူးလား

”ဘယ်လို ဖြစ်နိုင်မှာလဲ။ မင်း ခန္ဓာကိုယ်ကို မထိခိုက်ဘဲနဲ့ အဆင့် (၇) ဆင့် တက်သွားတာလား”

ငရဲဝိညာဉ်သည် လင်းဟွမ်က ဤအရာကို မည်ကဲ့သို့ လုပ်ခဲ့ကြောင်း မပြောနိုင်ပေ။ သူ့ခန္ဓာကိုယ် အစစ်အမှန်သည် အလွန် သန်မာသော်လည်း တိုက်ခိုက်ရေး အဆင့်ကို လေးဆင့်သာ မြှင့်တင် ပေးနိုင်သည်။ နောက်ထပ် မြင့်တင်မှု တစ်စုံတစ်ရာ ရှိသည်နှင့် ခန္ဓာကိုယ်က တည်ငြိမ်နိုင်တော့မည် မဟုတ်ချေ။ ခန္ဓာကိုယ်ဖွဲ့စည်းပုံ မည်မျှပင် ကြံ့ခိုင်

စေကာမူ အဆင့် (၄) ဆင့် မြင့်တင်ခြင်းသည် ကန့်သတ်ချက်ပင် ။ ဒါသည် အကြွင်းမဲ့ နိယာမ တစ်ခုလည်း ဖြစ်သည်။

ငရဲဝိညာဉ် မသိသောအချက်မှာ လင်းဟွမ်၏ အသွင်ကူးပြောင်းခြင်း ကတ်သည် ခန္ဓာကိုယ် ကြွံခိုင်မှုကို အသုံးမချဘဲ အစားထိုးရန်သာ အသုံးပြုခြင်း ဖြစ်သည်။ အသွင်ပြောင်းကတ်ကို အသက်သွင်း လိုက်ခြင်းသည် သူ၏ အသိစိတ်ကို မွန်းစတားတစ်ကောင်၏ ခန္ဓာကိုယ်ထဲ ပွားယူလိုက်ခြင်းနှင့် ညီမျှပြီး သူ့ခန္ဓာကိုယ်ကို ဟင်းလင်းပြင် အခြားတစ်ဖက်ခြမ်းတွင် ချိတ်ပိတ်ထားခြင်းပင် ။ နောက်ပိုင်းတွင် အသုံးပြုခဲ့သော

ယာယီတိုက်ခိုက်ရေး မြှင့်တင်ခြင်းကတ်မှာ မွန်းမံပြုပြင်ထားသော မွန်းစတား ခန္ဓာကိုယ်ပေါ်တွင် အသုံးချခြင်းသာ....

ခရမ်းရောင် မီးလျှံအဆင့်မှ အင်မော်တယ် အဆင့် (၆)အထိ မြှင့်တက်သွားပုံရသော်လည်း အဆင့် (၇) ဆင့် မြှင့်တင်မှု၌ လင်းဟွမ်က ယာယီ တိုက်ခိုက်ရေးအဆင့် မြှင့်တင်ခြင်း သုံးကြိမ်သာ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် တိုက်ခိုက်ရေးအဆင့် မြှင့်တင်ခြင်းကတ်ကို သုံးကတ်သာ တပြိုင်နက် အသုံးပြုနိုင်ရန် ကန့်သတ်ထားသည်။

ရှောင်ဖိန် ကိုယ်တိုင်က အစွမ်းထက်နေ၍ ကတ်သုံးခုလုံးကို တိုက်ရိုက် အသုံးပြုခဲ့သော်လည်း လင်းဟွမ်၏ ခန္ဓာကိုယ်ကို ထိခိုက်ခြင်း မရှိခဲ့ပေ။

လင်းဟွမ်က ဤအကြောင်းကို ငရဲဝိညာဉ်အား ပြောပြမည် မဟုတ်ပေ။ ငရဲဝိညာဉ် ခေါင်းရှုပ်သွားသော အမူအရာကိုကြည့်ပြီး စိတ်ချမ်းသာသွားသည်။ သူ အင်မော်တယ် အဆင့် (၃) တွင် ရှိစဉ်အခါက သူတို့နှစ်ယောက်သည် လက်ရည်ညီနေကြသည်။

အဆင့် (၃) ဆင့် ဆက်တိုက် မြင့်တင်ပြီးနောက် သူ၏ခွန်အား၊ အစွမ်း၊ အရှိန်နှင့် ခန္ဓာကိုယ်ထဲရှိ

ကံကြမ္မာစွမ်းအားများ အပါအဝင် ရှုထောင့်တိုင်းက လုံးဝ ကွာခြားသွားခဲ့ပြီ။

အကြိမ်ကြိမ် သတ်ပြီးနောက် မသေနိုင်သော ငရဲဝိညာဉ်ပင် ကြောက်လန့်လာသည်။ လင်းဟွမ်သည် ခံစားချက် ကင်းမဲ့စွာ ငရဲဝိညာဉ်ကို လှမ်းကြည့် လိုက်သည်။ သူ့ကျောပေါ်ရှိ သွေးရောင် တောက်ပနေသော အတောင်ပံများက ဖြတ်ဖြတ်ချင်း ခတ်နေပြီး အသက်ရှုနေပုံရသည်။ သူ့လက်ထဲမှ ဓါးကို ဖြည်းဖြည်းချင်း ဆန့်တန်းပြီး ငရဲဝိညာဉ်ကို ချိန်ရွယ်ကာ.....

"မင်း ဘယ်ကလာလဲ ငါ.. ဂရုမစိုက်ဘူး။ မင်း ဘယ်နှစ်ကြိမ် ပြန်ရှင်လဲ ငါဂရုမစိုက်ဘူး။ ဒီနေ့ မင်းရဲ့ကံကြမ္မာ မီးစာကို ကြိမ်းသေပေါက် ယူမယ်"

လင်းဟွမ်၏ ကျယ်လောင်သော ကြွေးကျော်သံသည် လေထဲတွင် ပဲ့တင်သံ ထပ်သွားပြီးသည်နှင့် တပြိုင်နက် လင်းဟွမ်နောက်ကျောမှ သွေးရောင် တောက်ပနေသော အတောင်ပံများက တဖျတ်ဖျတ်ခတ်ကာ မှုလနေရာမှ ပျောက်ကွယ်သွားသည်။

လင်းဟွမ်၏ အရှိန်မှာ မြင်နိုင်သော အတိုင်းအတာထက် ကျော်လွန် သွားခဲ့ပြီ ဖြစ်သောကြောင့် ငရဲဝိညာဉ်၏ မျက်လုံး

သူငယ်အိမ်သည် ပြူးကျယ်လာသည်။ အတတ်နိုင်ဆုံး ပြူးပြဲ၍ ကြည့်သော်လည်း ကြောက်စရာကောင်းလောက်အောင် လျှင်မြန် လွန်းသောကြောင့် သွေးရောင် တောက်ပနေသော အလင်းရောင်ကိုသာ မြင်နေရသည်။ လုံနှစ်ဖက်ကို လက်နှစ်ဖက်နှင့် ကိုင်ပြီး အလိုလို ဖော့ယမ်းလိုက်သည်။

နောက်ထပ် အခိုက်အတန့်၌ ငရဲဝိညာဉ်ရှေ့တွင် အနီရောင်အလင်းတန်း ရုတ်တရက် တောက်ပလာသည်။ ဒါသည် ငရဲဝိညာဉ်၏လုံကို မိုးကြိုးပစ်လိုက်သည်နှင့် တူသည်။

ဗုန်း......

ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။ တစ်ချိန်တည်းမှာပင် အနက်ရောင် အလင်းတန်းတစ်ခုက နောက်ဘက် လွင့်ထွက်သွားပြီး တောင်ပေါင်းများစွာကို ဖြတ်တိုက် သွားသည်။ ထိုအနက်ရောင် အလင်းတန်း ဖြတ်တိုက်သွားမှုကြောင့် တောင် (၇) လုံး ဆက်တိုက် ပြိုကျသွားသည်။

ကျယ်လောင်သော ပေါက်ကွဲသံများ နေရာအနှံ့ ထွက်ပေါ်နေသည်။

လင်းဟွမ်သည် သူ၏တိုက်ခိုက်မှုကို ငရဲဝိညာဉ်က နောက်ဆုံးစက္ကန့်မှ ကပ်၍ ရှောင်နိုင်ခဲ့သောကြောင့် ငရဲဝိညာဉ် မသေသေးကြောင်း သိနေသည်။ အကယ်၍

အထွတ်အထိပ် ဓါတ်ကြွင်းကိုသာ ကိုင်ထားမည်ဆိုပါက လင်းဟွမ်သည် ငရဲဝိညာဉ်၏လုံ့ကို တစ်ဝက်မှ ပြတ်ထွက်သွားအောင် လှီးဖြတ် နိုင်လိမ့်မည်။ သို့သော်လည်း ရှေးဟောင်း ဓါတ်ကြွင်းကို အသုံးပြုထားသောကြောင့် အင်ပါယာအဆင့်များပင် အခြစ်ရာ၊ အဆင်းရာများ ဖြစ်အောင် မလုပ်နိုင်ချေ။

ငရဲဝိညာဉ်က အသက် ရှင်နေသေးသောကြောင့် လင်းဟွမ်က နောက်ထပ် အခွင့်အရေး မပေးချင်တော့ပေ။

ငရဲဝိညာဉ် လဲကျနေသောနေရာတွင် ဖျတ်ခနဲ ပေါ်လာသည်။

ငရဲဝိညာဉ်သည် ဤတိုက်ခိုက်မှု တစ်ခုတည်းနှင့် လင်းဟွမ်ကို အနိုင်မယူနိုင်တော့ကြောင်း သိလိုက်သည်။ အသတ်ခံရမည့် ကိစ္စအတွက် ကြိုတင်ကောက်ချက် ချထားပုံ ရသည်။

မည်သို့ပင် ဆိုစေကာမူ၊ မည်မျှပင် ရုန်းကန်စေကာမူ ကြိုးပမ်းမှု အားလုံးက အချည်းအနှီးပင်…။

“လောက အပြင်ဘက်မှာဆိုရင် ငါ့အရေပြားကို ဖြတ်ပြီး ထွက်ပြေးဖို့ အခွင့်အရေး ရှိသေးတယ်။ ဒါပေမယ့် ဒီလောကက အလုံပိတ်ထားတဲ့ ဟင်းလင်းပြင် တစ်ခုပဲ။ သူက သူ့လောကကို အပြည့်အဝ မထိန်းချုပ်နိုင်ဘူး ဆိုပေမယ့် ငါ့ရဲ့အော်ရာကို

လောကထဲမှာ အလွယ်တကူ ရှာတွေ့နိုင်မှာပဲ။ ဒီလောကထဲမှာ ငါ့အတွက် ပြေးစရာ မြေမရှိဘူး”

တောင်တန်းထဲတွင် ငရဲဝိညာဉ် မျက်မှောင်ကြုတ်နေသည်။ ပြီးခဲ့သည့် တစ်ခေါက် တိုက်ခိုက်မှုက ဒဏ်ရာ ပြင်းပြင်းထန်ထန် ရစေခဲ့သည်။ တုန်လှုပ်ခြောက်ချား စိတ်ကြောင့် အသက်ရှူလိုက်တိုင်း ရင်ဘတ်ထဲတွင် နာကျင်နေသည်။ ပြင်းထန်သော ထိခိုက်မှုကြောင့် ခေါင်းပင် နာနေသည်။ ကြိုးပွဲ့သွားသော အရိုးများကို ချက်ချင်း ကုသခဲ့သော်လည်း ခန္ဓာကိုယ်က တောင့်တင်းနေဆဲပင်။

ယခုတစ်ကြိမ်တွင် လင်းဟွမ်နှင့် တိုက်ခိုက်ရခြင်းသည် သေမင်းနှင့် ကစ်စင်ဆွဲမိလိုက် သလိုပင်....။

အတွေးများစွာက ငရဲဝိညာဉ်၏ စိတ်ထဲတွင် လျှင်မြန်စွာ ပေါ်လာသည်။

လင်းဟွမ်က မစောင့်နိုင်တော့ချေ။ ထို့ကြောင့် နောက်မှ လိုက်လာပြီး

“ကဲ မင်း မထွက်လာဘူး ဆိုမှတော့ ငါ ဝင်လာမယ်”

အသံ ပေါ်လာသည်နှင့် တပြိုင်နက် ငရဲဝိညာဉ် ရှေ့တွင် ပေါ်လာသည်။ ထိုကဲ့သို့ ပြောပြီးနောက်

ငရဲဝိညာဉ် မတုံ့ပြန်နိုင်ခင် သွေးရောင်ဓါးရှည်က ငရဲဝိညာဉ်ထံ ပြေးဝင်သွားပြန်သည်။

ကျယ်လောင်သော ပေါက်ကွဲသံကြီး နောက်တစ်ကြိမ် ထွက်ပေါ်လာပြီး တောင်တန်း တစ်လျှောက် ပျံ့နှံ့သွားသည်။

အနက်ရောင် အရိပ်တစ်ခုသည် တောင်တန်းထဲမှ လွင့်ထွက်လာသည်။

တောင်တန်းများ မပြိုကျခင် သွေးရောင် အရိပ်တစ်ခုက ကောင်းကင်ယံကို ဖြတ်ကျော်ပြီး ကြောက်စရာကောင်းသော အရှိန်အဟုန်နှင့် ပျံသန်း လာသည်။

လေထဲ၌ ငရဲဝိညာဉ်သည် သွေးတစ်လုပ် အန်ထွက်သွားသည်။ ခန္ဓာကိုယ် အခြေအနေ ပိုမို ဆိုးဝါးလာကြောင်း သိလိုက်သည်။ လင်းဟွမ်၏ တိုက်ခိုက်မှုကို ရှောင်တိမ်း နိုင်ခဲ့သော်လည်း နောက်ဆက်တွဲ သက်ရောက်မှုကြောင့် ယခင်ကထက် ဒဏ်ရာ ပိုပြင်းထန်လာသည်။ ရင်ဘတ်က ကျိုးအက်ပြီး အတွင်းအင်္ဂါများပင် အက်ကွဲကုန်၏။

လင်းဟွမ်၏ တိုက်ခိုက်မှုကြောင့် လက်နှစ်ဖက်လုံး ကြေမွသွားကာ လုံ့ကိုပင် တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားနိုင်စွမ်း မရှိတော့ချေ။

လင်းဟွမ်သည် ဒုတိယအကြိမ် တိုက်ခိုက်မှု၌ ပြိုင်ဘက်က ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားကြောင်း သိလိုက်သည်။ ၎င်းတွင် အဆင့်မြင့် ပြန်လည်ကုသခြင်း စွမ်းရည် ပိုင်ဆိုင်ထားကြောင်းလည်း သိနေသည်။ ထို့ကြောင့် ငရဲဝိညာဉ်အား ပြန်လည် နလံထူမည့် အခွင့်အရေး မပေးတော့ချေ။

"မင်းက ငါ့တိုက်ခိုက်မှုကို ဘယ်လောက်ကြာကြာ ရှောင်နိုင်မလဲဆိုတာ ကြည့်ရသေးတာပေါ့..."

လင်းဟွမ်က အော်ဟာစ်သံနှင့်အတူ ပြေးဝင် သွားသည်။

ငရဲဝိညာဉ်သည် သူ့နောက်မှ လင်းဟွမ် လိုက်လာသည်ကို မြင်လျှင် ကုန်းရုန်းပြီး ထလိုက်သည်။ ဒါကို ကျော်လွှားနိုင်မည့် နည်းလမ်းတစ်ခုခု ရှိသည်ဟု ထင်သော်လည်း မည်သည့် စွမ်းရည်လဲဆိုသည်က မသေချာ မရေရာပေ။ သူ တွေဝေနေစဉ် လင်းဟွမ် အနားရောက်လာသည်။

ဤတစ်ကြိမ်တွင် လင်းဟွမ်က ဓါးကို လက်နှစ်ဖက်နှင့် ကိုင်လိုက်ပြီး လေထဲမှ ဒေါင်လိုက် ခုတ်ချလိုက်သည်။ ဓါးက ကောင်းကင်ကြီးအား ခွဲထွက်သွားသလိုပင်....။

ကောင်းကင် အလယ်၌ မိုးကြိုးနှင့်တူသော သွေးရောင်အလင်း ပေါ်လာပြီး ငရဲဝိညာဉ်၏ နဖူးထံ တိုးဝင်သွားသည်။

ငရဲဝိညာဉ် မျက်နှာပျက်သွားသည်။

အကယ်၍ ဤတိုက်ခိုက်မှုက ထိမှန်သွားပါက နဖူးမှပေါင်အထိ တစ်ဝက် ပြတ်သွားလိမ့်မည်။

လှံကို ပြန်သိမ်းပြီးနောက် ကောင်းကောင်း ပြန်မကောင်းသေးသော လက်နှစ်ဖက်ကို တွန်းထုတ်လိုက်သည်။ တိုက်ခိုက်မှုကို ဟန့်တားရန် ကြိုးပမ်းသည့် နေရာတွင် ကြီးမားသော အနက်ရောင် ဒိုင်းတစ်ခုကိုလည်း ဖန်တီးလိုက်သည်။ ဤတိုက်ခိုက်မှုကို

မကာကွယ်နိုင်ပါက ဤခန္ဓာကိုယ်ကို စွန့်လွှတ်ရမည်ဖြစ်ကြောင်း ကောင်းကောင်း သိနေသည်။

သွေးရောင် လျှပ်စီးကြောင်းနှင့် ကြီးမားသော အနက်ရောင်ဒိုင်းကြီးတို့ တိုက်မိသွားသည်။

ရာနှင့်ချီသော မိုးကြိုးများ တပြိုက်နက်တည်း ပစ်လိုက်သကဲ့သို့ ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

သွေးရောင် အလင်းတန်းများက ရေတံခွန်မှ ရေများ စီးကျလာသလို သည်းသည်းမဲမဲ ပြိုဆင်းလာသည်။ မြူခိုးဒိုင်းသည် ဆန်းကြယ်သလို ရှိသော်လည်း သွေးရောင်အလင်းတန်း၏ တိုက်ခိုက်မှုကို

တောင့်ခံနိုင်ခြင်း မရှိခဲ့ပေ။ ဒိုင်းပေါ်တွင် ပင့်ကူအိမ်နှင့် တူသော အက်ကွဲကြောင်းများ ပေါ်လာပြီး နေရာအနှံ့ ပျံ့နှံ့လာသည်။ သွေးရောင် လျှပ်စီးကြောင်းများက အက်ကွဲကြောင်းများမှ တဆင့် ထိုးဖောက် ဝင်ရောက်လာသည်။

ဒိုင်းသည် သုံးချက်မျှသာ တောင့်ခံနိုင်ခဲ့ပြီး နောက်ဆုံး၌ ပြိုကျ ပျက်ဆီးသွားသည်။ ထို့နောက် ပြိုကျပျက်ဆီးသွားသော အပိုင်းအစများသည် အနက်ရောင် မြူခိုးများအဖြစ် ပြန်လည် ပြောင်းလဲ သွားပြန်သည်။

သွေးရောင် အလင်းများက မြူခိုးများကို ဖြတ်သန်းပြီး ငရဲဝိညာဉ်အား ထိမှန်တော့မည့်အချိန်၌ ငရဲဝိညာဉ်၏ မျက်လုံးသည် လကွယ်ည သန်းခေါင်ယံ အချိန်ကဲ့သို့ မည်းမှောင်သွားပြီး ဒေါသ အရိပ်အယောင်များ တဖြတ်ဖြတ် တောက်ပလာသည်။

နောက်ထပ် တစ်စက္ကန့်၌ လင်းလက်တောက်ပနေသော သွေးရောင် အလင်းများသည် အနက်ရောင် ဖြူခိုးများကို ထိုးဖောက်သွားသော်လည်း ငရဲဝိညာဉ်၏ မျက်လုံးထဲမှ အနက်ရောင်အလင်းများ ရုတ်တရက် ပေါက်ကွဲထွက်လာသည်။

လင်းဟွမ်သည် တစ်စုံခုခု မှားနေပြီဖြစ်ကြောင်း သိလိုက်သည်။ သူ့ မျက်လုံးထဲမှ ဒေါသ အရိပ်အယောင်များ အရှိန်အဟုန်ဖြင့် ထွက်ပေါ်လာသည်။

အနားတွင်ရှိနေသော ကိုင်လီကို ဆွဲခေါ်ပြီး မီတာထောင်ပေါင်းများစွာ ဝေးသည့်နေရာသို့ ချက်ချင်း ဆုတ်ခွာသွားသည်။ တစ်ချိန်တည်းမှာပင် အမှောင်ထု ကြေးမုံကို အသက်သွင်းပြီး သူနှင့်ကိုင်လီကို ဖုံးအုပ်လိုက်သည်။

ထို့နောက် အနက်ရောင် အလင်းများက ရုတ်တရက် ပေါက်ကွဲ ထွက်သွားသည်။ ကြောက်စရာကောင်းသော အဖြူရောင် အလင်းတန်းကြီးသည် နေရာအနှံ့

ပျံ့နှံ့လာသည်။ အဖြူရောင် အလင်းတန်းများသည် မယုံနိုင်လောက်အောင် ပြင်းထန်လွန်းပြီး နေရောင်ကိုပင် ဖုံးလွှမ်းသွား၏။ အဖြူရောင် အလင်းတန်းကြီးသည် အဆက်မပျက် ပြန့်ကားလာသော မီးပုံးကြီး တစ်ခုနှင့်ပင် တူနေသည်။ ကီလိုမီတာ (၁၀၀) ကျော်သည်အထိ ပျံ့နှံ့ပြီးမှ ရပ်တန့်သွားသည်။

အဖြူရောင်အလင်းများ ဖြတ်ကျော်သွားသည့် နေရာတိုင်းတွင် အရာအားလုံး ပျောက်ကွယ်သွားသည်။

အမှောင်ထု ကြေးမုံ တည်ဆောက်ထားသော ခံစစ်နယ်ပယ်မှာ ပြင်းထန်သော မုန်တိုင်းဒဏ်ကို

ခံနေရသည့် အိမ်ကြီးတစ်လုံးကဲ့သို့ တစ်ဝုန်းဝုန်း အသံများ ထွက်ပေါ်နေပြီး ယမ်းခါနေသည်။

လင်းဟွမ်သည် ခံစစ်နယ်ပယ်၏ အရွယ်အစားကို အဆက်မပြတ် ကျုံ့ရုံမှလွဲ၍ အခြား ရွေးချယ်စရာ မရှိခဲ့ပေ။ မီတာ (၁၀၀) ရှိသောစက်လုံးကို အချင်းဝက် (၅)မီတာအထိ လျှော့ချပြီးမှ တည်ငြိမ်သွားခဲ့သည်။

ကံကောင်းသည်မှာ အဖြူရောင် အလင်းများ ဖြာထွက်လာမှုက တစ်မိနစ်ပင် မကြာခဲ့ချေ။ ထိုကဲ့သို့ မဟုတ်ပါက လင်းဟွမ်က အမှောင်ထုကြေးမုံ၏ အရွယ်အစားကို ဆက်လက် လျှော့ချရန် လိုအပ်ပေလိမ့်မည်။

“ငါ့ကို မတိုက်ခိုက်နိုင်တာနဲ့ ဒီကောင့်က ကိုယ့်ကိုယ်ကို ဖောက်ခွဲသွားမယ်လို့ မထင်မိဘူး”

အဖြူရောင်အလင်းများ မှိန်ဖျော့သွားသော်လည်း လင်းဟွမ်က အမှောင်ထုကြေးမုံကို ချက်ချင်း မသိမ်းခဲ့ပေ။ ထိုအစား မျက်လုံးစွမ်းရည်ကို မြှင့်တင်ပြီး ငရဲဝိညာဉ် ပေါက်ကွဲသွားသည့်နေရာသို့ အဝေးမှ လှမ်းကြည့် လိုက်သည်။

ထိုနေရာတွင် ငရဲဝိညာဉ် မရှိတော့သော်လည်း စိတ်အေးနိုင်ခြင်း မရှိသေးပေ။

“ဘာမှ မကျန်တော့ဘူး သေသွားပြီ ထင်တာပဲ။ ကတ်တွေ အများကြီး ဖြုန်းတီးခဲ့သေးတယ်။ ငါက မီးစာတောင် မထုတ်လိုက်ရဘူး”

လင်းဟွမ်သည် တိုးတိုးလေး ပြောနေစဉ် ပေါက်ကွဲသွားသည့် နေရာ၌ အနက်ရောင်မြူခိုးများ လျင်မြန်စွာ ဖွဲ့စည်းလာသည်ကို တွေ့လိုက်ရသည်။

## အခန်း(၇၆၁) - ခန္ဓာကိုယ် အစစ်အမှန် ဖော်ပြခြင်း။

”ဘာဖြစ်လို့ အသက် ရှင်နေသေးတာလဲ”

လင်းဟွမ် အံ့သြသင့်နေသည်။ လင်းဟွမ်သည် မြင့်မြတ် ပြန်လည်ကုသရေး စွမ်းရည်ကို ပိုင်ဆိုင်ထားသော်လည်း သူ့ခန္ဓာကိုယ် တစ်ခုလုံးသာ အမှုန်အမွှားဖြစ်သွားပါက သေချာပေါက် သေလိမ့်မည်။

“သူ့ရဲ့ စွမ်းရည်က ပြန်လည်ရှင်သန်ခြင်း စွမ်းရည် မဟုတ်ဘူးလို့ တစ်နည်းနည်းတော့ ခံစားရတယ်”

လင်းဟွမ်၏ အင်္ကျီလက်စအောက်တွင် ပုန်းနေသော သွေးရဲရဲလေးက ရုတ်တရက် ပြောလိုက်သည်။

"သတ်ပြီးတိုင်း နောက်ထပ် ခန္ဓာကိုယ်တစ်ခု ရဖို့ လုပ်ရမှာပဲ။ သူ့အဝတ်အစားနဲ့ အရာအားလုံး မီးလောင် ပြာကျသွားပေမယ့် ကျန်တဲ့ အဝတ်အစားတွေပေါ်မှာ သက်ရောက်မှု မရှိဘူး။ အဝတ်အစား တစ်ခုကနေနောက်တစ်ခု ပြောင်းဝတ်သလိုပဲ။ ခန္ဓာကိုယ်တစ်ခုလုံး ရစရာ မရှိအောင် ပျက်ဆီး သွားပေမယ့် တစ်ခြား ခန္ဓာကိုယ်တစ်ခုကို ပြောင်းလဲ နိုင်တယ်"

သွေးရဲရဲလေး၏ စကားက လင်းဟွမ်အတွက် လမ်းစဖြစ်သွားသည်။ ငရဲဝိညာဉ်က ပြန်လည်ရှင်သန်နိုင်သော စွမ်းရည်ကို ပိုင်ဆိုင်ထားသည်ဟု ထင်ခဲ့ဖူးသည်။ ထို့ကြောင့် ခေါင်းခြောက်ခံ စဉ်းစား၍ ခန္ဓာကိုယ် အစိတ်အပိုင်း အားလုံး ပြိုကွဲအောင် လုပ်နိုင်မည့် နည်းလမ်းများကို အသုံးပြုခဲ့သည်။

သွေးရဲရဲလေး၏ ရှင်းပြမှုကို နားထောင်ပြီးနောက် သူ၏အင်အားကို ဖြုန်းတီးစရာ မလိုကြောင်း သိလိုက်သည်။ ခန္ဓာကိုယ် ပျက်ဆီးသွားလည်း အခြား ခန္ဓာကိုယ်တစ်ခုထဲ ပြောင်းပြီး ပြန်လည်ရှင်သန်နေအုံးမည်သာ.....

"ဒါဆိုရင် အပိုင်းပိုင်း ဖြတ်သတ်ဖို့အတွက် ငါ့ရဲ့ ကံကြမ္မာစွမ်းအားကို အလကား ဖြုန်းတီးနေစရာ မလိုဘူးပေါ့"

လင်းဟွမ်သည် ကမ္ဘာသန့်စင်ခြင်း ဓါးကွက်က ကံကြမ္မာစွမ်းအားများကို အင်မတန် စားသုံးသောကြောင့် စိတ်သက်သာရာ ရသွားသည်။

အနက်ရောင် မြူခိုးများ နောက်တစ်ကြိမ် ဖွဲ့စည်းလာပြီးနောက် ပေါက်ကွဲမှု ဖြစ်ခဲ့သည့်နေရာတွင် အန္တရာယ် မရှိတော့ကြောင်း အတည်ပြုလိုက်သည်။

ထို့နောက် လင်းဟွမ်သည် အမှောင်ထုကြေးမုံကို ပြန်သိမ်းပြီး အနက်ရောင် မြူခိုးဘေးတွင် ဖြတ်ခနဲ ပေါ်လာသည်။

လင်းဟွမ်က အနက်ရောင် မြူခိုးများ ပြန်လည် ဖွဲ့စည်းနေခြင်းကို အနှောက်အယှက် ပေးရန် အကြိမ်ပေါင်းများစွာ ကြိုးစားခဲ့သည်။ သို့သော်လည်း သူ၏ ကြိုးစားအားထုတ်မှု အားလုံးက အချည်းအနှီးပင်။ ထို့ကြောင့် လင်းဟွမ်သည် သူ့အင်အားကို မဖြုန်းတီးတော့ချေ။

ခန္ဓာကိုယ်အသစ် ဖွဲ့စည်းနေသည့် ငရဲဝိညာဉ်ကို ဘေးမှာပင် စိတ်ရှည်ရှည် စောင့်ဆိုင်းနေလိုက်သည်။

အနက်ရောင် မြူခိုးများသည် လျင်မြန်စွာ ဖွဲ့စည်းလာပြီး စက္ကန့်ဝက် မပြည့်ခင်မှာပင် ခန္ဓာကိုယ် အသစ်က တည်ငြိမ်လာသည်။

ဤတစ်ကြိမ် အသွင်ပြောင်းလဲမှုကြောင့် ပိန်ပါးသော လူတစ်ယောက် ဖြစ်လာသည်။ ခန္ဓာကိုယ် ဖွဲ့စည်းပြီးနောက် ငရဲဝိညာဉ်၏မျက်လုံး ပွင့်လာသည်။

ထို့နောက် သူနှင့် (၁၀) မီတာအကွာတွင် မတ်တပ်ရပ်နေသော လင်းဟွမ်က နွေးထွေးစွာ ပြုံးပြ လိုက်သည်။

နောက်ထပ် တစ်စက္ကန့်တွင် သွေးရောင် အလင်းတန်းက ကောင်းကင်ယံကို ဖြတ်သန်းလာသည်။

ငရဲဝိညာဉ်သည် တုံ့ပြန်ရန် အချိန်မရလိုက်ပေ။ ၎င်း၏ဦးခေါင်းမှာ (၂) မီတာအထိ လွင့်ထွက်သွားပြီး လည်ပင်းမှ သွေးများ ပန်းထွက်လာသည်။ အချိန်အတော်ကြာ မြေပေါ်ပြုတ်ကျပြီး အနက်ရောင်မြူခိုးများအဖြစ် ပြောင်းလဲသွားသည်။

"အားစိုက်ထုတ်မှု အများကြီး သက်သာတာပဲ"

ဒါသည် စတင်တိုက်ခိုက်သည့် အချိန်ကတည်းက စ၍ လင်းဟွမ် အမြန်ဆုံး အနိုင်ရခဲ့သည့်အခေါက် ဖြစ်သည်။

လင်းဟွမ်သည် သတ်ပြီးသည်နှင့် နောက်ပြန်မဆုတ်ပေ။ ထိုအစား မှုလနေရာတွင် မတ်တပ်ရပ်နေပြီး

ခန္ဓာကိုယ် ပြန်လည်ဖွဲ့စည်းနေသည်ကို စိတ်ရှည်စွာ စောင့်ဆိုင်းနေခဲ့သည်။

ငရဲဝိညာဉ်ကိုင်တိုင်က သူ့လျှို့ဝှက်ချက် ဖြစ်သော ပြန်လည်မွေးဖွားခြင်း စွမ်းရည်တွင် ဤကဲ့သို့ အားနည်းချက် ရှိသည်ကို မသိခဲ့ပေ။

၎င်း၏ ခန္ဓာကိုယ်ကို ပြန်လည်ဖွဲ့စည်းသည့် အခါတိုင်းတွင် အနက်ရောင်မြူခိုးများကို မြင်ရနေပြီး လျင်မြန်ခြင်း မရှိသောကြောင့် အလွယ်တကူ ခြေရာ ခံနိုင်သည်။ ပြန်လည် အစားထိုးသော ခန္ဓာကိုယ် ဖွဲ့စည်းခြင်းမှာ သူ့ဘာသာသူ ဖြစ်ပျက်နေခြင်းဖြစ်ပြီး ထိန်းချုပ်နိုင်စွမ်း မရှိပေ။ ခန္ဓာကိုယ် သေဆုံးသွားပြီး

တစ်မိနစ်အတွင်း၌ အစားထိုးမှု ဖြစ်ပေါ်လာမည်။ ငရဲဝိညာဉ်က အနက်ရောင် မြူခိုးများကို ဖွဲ့စည်းရန်သာ လိုအပ်ပြီး ကြာရှည်စွာ ထိန်းထားနိုင်မည့်နည်းလမ်း မရှိချေ။

ထိုကဲ့သို့ မဟုတ်ပါက လင်းဟွမ် တိုက်ခိုက်ရေးအဆင့် မြှင့်တင်ထားသည့် အချိန်မှစ၍ အခြားခန္ဓာကိုယ် တစ်ခုနှင့် အစားမထိုးခင် နာရီအနည်းငယ် သို့မဟုတ် ရက်အနည်းငယ် ဆွဲဆန့်ထားပေလိမ့်မည်။

သို့သော်လည်း လင်းဟွမ်သည် အားနည်းချက်ကို သတိထားမိပြီးနောက် စောင့်ဆိုင်းရန် အဆင်

ပြေလာသည်။ အနက်ရောင် အခိုးအငွေ့များ ဖွဲ့စည်းလာသည်နှင့် ဘေးနားတွင် ရပ်စောင့်နေခဲ့သည်။

ယာယီ အသွင်ပြောင်းကတ်နှင့် တိုက်ခိုက်အဆင့် မြှင့်တင်ခြင်းကတ်ကို အသုံးမပြုခင်က တိုက်ခိုက်မှုကို အချိန်မီ မလုပ်ဆောင်နိုင်သောကြောင့် အနီးအနားတွင် ရပ်စောင့်ခြင်းက ခက်ခဲပေလိမ့်မည်။

သို့သော် ယခုအခါ နောက်ထပ် အဆင့် (၃) ဆင့် မြှင့်တင်ပြီးနောက် လင်းဟွမ်၏အရှိန်သည် အလွန် အင်မတန် လျင်မြန်လာသောကြောင့် ငရဲဝိညာဉ်က သူ့ကို လိုက်မမီတော့ချေ။ ထို့ကြောင့် ဤနေရာတွင် စောင့်၍ သတ်ရခြင်းက ပို၍ လွယ်ကူလှပေသည်။

ငရဲဝိညာဉ်သည် ပြန်လည် ရှင်သန်လာပြီးနောက် တုံ့ပြန်ရန် အချိန် မလုံလောက်ပေ။ အနက်ရောင် အခိုးအငွေ့များ ရွေ့လျားသွားသည်ကို သတိထားမိလျှင် လင်းပျှမ်က နောက်မှ အေးအေးဆေးဆေး လိုက်ပါသွားသည်။ အနက်ရောင် မြူခိုးများသည် ကောင်းကင်ယံကို ဖြတ်သန်း သွားသော်လည်း နှောင့်နှေးခြင်း မရှိပေ။ ရွေ့လျားနေစဉ် အတွင်းမှာပင် ခန္ဓာကိုယ်အသစ်ကို ဖွဲ့စည်းနေခဲ့သည်။

"ကြည့်ရတာ ငါ့ရဲ့ ခန့်မှန်းချက်က မှန်တဲ့ပုံပဲ။ ခန္ဓာကိုယ်တစ်ခု သေသွားတာနဲ့ ခန္ဓာကိုယ်အသစ်က

အလိုလို အစားထိုးလာတာပဲ။ လုပ်ငန်းစဉ် တစ်ခုလုံးက ထိန်းချုပ်မှု ကင်းမဲ့တယ်”

သွေးရဲရဲလေးကလည်း ထိုအချက်ကို သတိထား မိခဲ့သည်။ ထို့နောက် လင်းဟွမ်ကို တိုးတိုးလေး ပြောလိုက်သည်။

“ဒီလိုမှမဟုတ်ဘဲ ပြင်ပ အနှောက်အယှက်ကြောင့် အနှောက်အယှက် မဖြစ်ဘူးဆိုရင် တိုက်ခိုက်ရေး အဆင့်တင်ထားတဲ့ အကျိုးသက်ရောက် ကုန်သွားတဲ့အထိ ခန္ဓာကိုယ် ဖွဲ့စည်းတဲ့အချိန်ကို ဆွဲ့ဆန့်ထားမှာပဲ”

“ဒါပေါ့.... ဒါလဲ ကောင်းပါတယ်။ မထိန်းချုပ်နိုင်တော့ ကိုင်တွယ်ရတာ ပိုလွယ်တာပေါ့”

လင်းဟွမ်က အကြံများစွာဖြင့် ပြုံးလိုက်သည်။

ခဏအကြာ ငရဲဝိညာဉ်၏ ခန္ဓာကိုယ်က နောက်တစ်ကြိမ် ဖွဲ့စည်းသွားပြန်သည်။ အံ့သြစရာကောင်းသည်မှာ လူသတ်သမား တရားခံမှာ အထင်ကြီးစရာကောင်းသော လီကျန်းပင် ဖြစ်နေသည်။ သန်မာထွားကြိုင်းသော မျက်နှာကြီးနှင့် မျက်လုံးများက ဖြည်းဖြည်းချင်း ဖွင့်လာပြီး လင်းဟွမ်ကို အသေစိုက်ကြည့်နေသည်။

လင်းဟွမ်က ဓါးကို ခုတ်ချလိုက်သည့် အချိန်မှာပင် ၎င်း၏မျက်လုံးထဲမှ အနက်ရောင်အလင်းများ ကြီးထွားလာသည်။ ဒါသည် ရက်စက်ကြမ်းကြုတ်သော

ကိုယ့်ကိုကိုယ် ဖောက်ခွဲသည့် နည်းစနစ်ဖြစ်ပြီး ခန္ဓာကိုယ်က မီးပုံးပျံကဲ့သို့ ပြန့်ကားလာသည်။

လင်းဟွမ်သည် မီတာ အနည်းငယ်ဝေးသော နေရာတွင် ရှိနေသည့် ကိုင်လီရှိရာသို့ ချက်ချင်း ဆုတ်သွားပြီး အချင်း (၅) မီတာရှိသော ခံစစ်ဒိုင်း တစ်ခုကို ဖွဲ့စည်းလိုက်သည်။ ကိုင်လီနှင့်သူ့ကို ဒိုင်းနှင့် ဖုံးအုပ်လိုက်သည်။

ငရဲဝိညာဉ်၏ သန်မာထွားကြိုင်းသော ခန္ဓာကိုယ်သည် နောက်ဆုံး၌ ခန္ဓာကိုယ်အတွင်းမှ တွန်းကန်အားကို မထိန်းနိုင်တော့ဘဲ ပေါက်ကွဲ သွားသည်။ အနက်ရောင်စွမ်းအားများ ဖြာထွက်လာပြီး နေနှင့်တူသော

အဖြူရောင်အလင်းများကို ထုတ်လွှင့်ကာ နေရာအနှံ့ ပျံ့ကျဲသွားသည်။

တစ်မိနစ် မပြည့်ခင် အဖြူရောင်အလင်းများသည် ဆူနာမီလှိုင်းကြီး တစ်ခုအလား ကီလိုမီတာ (၁၀၀) ကျော်ကို လွှမ်းခြုံသွားကာ ထိုနေရာအတွင်းရှိ အရာအားလုံးကို ဝါးမျိုသွားသည်။ အလားတူ ဖြစ်ရပ်တစ်ခု ထပ်မံဖြစ်ပေါ်ခဲ့ပြီး မြေပြင်တစ်ခုလုံး ခြောက်သွေ့၍ သေဆုံးသွားသည်။ အမှောင်ထုကြေးမုံ ခံစစ်ဒိုင်းမှလွဲ၍ မြေပြင်ရှိ အရာအားလုံး ထိခိုက်ပျက်စီး၍ ကျန်ရစ်ခဲ့သည်။

အဖြူရောင်အလင်း မှိန်ဖျော့ သွားသည်နှင့် လင်းဟွမ်က အမှောင်ထုကြေးမုံကို ဖယ်ရှားပြီး ငရဲဝိညာဉ် ကိုယ်တိုင် ဖောက်ခွဲသွားသောနေရာသို့ လှမ်းကြည့် လိုက်သည်။ ထို့နောက် ခေါင်းရမ်းပြီး ရယ်မောလိုက်သည်။

"တော်တော်လေး ပြတ်သားတဲ့ ကောင်ပဲ.... ကိုယ့်ဘက်က တိုက်ခိုက်ဖို့ အခွင့်အရေး မရှိတာနဲ့ ကိုယ့်ကိုကိုယ် ပြန်ပြီး ဖောက်ခွဲဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါက တကယ် ဉာဏ်ကောင်းတဲ့ ဆုံးဖြတ်ချက်ပဲ။ ကံဆိုးတာ ဒီကောင်က မင်းနဲ့ ကြုံနေရတာပဲ။ သတ်မှတ်ထားတဲ့ အကွာအဝေး အတွင်းမှာဆိုရင်

သူ့ဆီကပေါက်ကွဲထွက်လာတဲ့ စွမ်းအားက အင်ပါယာရွှေနက်အဆင့်က လူတွေကိုတောင် သတ်ပစ်နိုင်တယ်။ ဒါပေမယ့် မင်းရဲ့အမှောင်ထုကြေးမုံက သူပေါက်ကွဲတဲ့ စွမ်းရည်ကို ခံနိုင်ရည်စွမ်း ရှိနေတယ်။ တကယ်လို့ အင်ပါယာအဆင့် မရောက်သေးတဲ့ လူအများစုသာဆိုရင် ကျိန်းသေပေါက် အသတ်ခံရမှာ”

သွေးရဲရဲလေး၏အသံက နောက်တစ်ကြိမ် ထွက်ပေါ်လာသည်။

“ငါနဲ့တွေ့တာ ကံဆိုးတာပေါ့”

လင်းဟွမ်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။

အဖြူရောင်အလင်းများ မှိန်ဖျော့သွားသောအခါ အနက်ရောင် မြူခိုးများက လျင်မြန်စွာ နောက်တစ်ကြိမ် ဖွဲ့စည်းလာပြီး ငရဲဝိညာဉ်က အခြား ခန္ဓာကိုယ်တစ်ခု ပြောင်းလဲသွားပြန်သည်။

မျက်လုံး ဖွင့်လိုက်သည်နှင့် လင်းဟွမ်ကို မြင်လိုက်ရသည်။ သို့သော်လည်း ဤတစ်ကြိမ်တွင် ကိုယ့်ကိုကိုယ် ဖောက်ခွဲရန် မရွေးချယ်ခဲ့ပေ။

လင်းဟွမ်က တစ်ချက်ခုတ်ရုံနှင့် ခန္ဓာကိုယ်ကို ခါးတစ်ဝက်မှ အလွယ်တကူ ဖြတ်နိုင်ခဲ့ပြီး အလွယ်တကူ သတ်ပစ်လိုက်သည်။

"ငါ သတ်လိုက်တာလား။ မတုံ့ပြန်တော့ဘူးလား..."

လင်းဟွမ် စိတ်ထဲ၌ အတွေးတစ်ခု ပေါ်လာစဉ် သွေးရဲရဲလေး၏ အသံက ရုတ်တရုတ် ထွက်ပေါ်လာသည်။

"ပြေး...."

လင်းဟွမ်က မေးခြင်း၊ မြန်းခြင်း မရှိဘဲ ချက်ချင်း ထွက်ပြေးသည်။

ငရဲဝိညာဉ်၏ ခန္ဓာကိုယ်က တစ်ဝက်တစ်ပြက် လှိုးခံရသည့်အချိန်တွင် ၎င်း၏ ဘယ်ဘက်မျက်လုံးထဲမှ အနက်ရောင်အလင်း ရုတ်တရက် တောက်ပနေသည်။ နောက်ထပ် အခိုက်အတန့်၌ အဖြူရောင်အလင်း တစ်ခု ရုတ်တရက် ထွက်ပေါ်လာပြီး တစ်ဝက်တစ်ပြက်

အလိုးခံရသော အလောင်းကို လွှမ်းခြုံသွားသည်။ မျက်စိတစ်မှိတ် အချိန်မှာပင် အဖြူရောင်အလင်းများက လင်းဟွမ်ရှိရာသို့ ပျံ့နှံ့သွားသည်။

လင်းဟွမ်က ကိုင်လီထံ အရင်ဆုံး သွားချင်ခဲ့သည်။ သို့သော်လည်း အမှောင်ထုကြေးမုံကို အသက်သွင်းပြီး သူ့ကိုယ်သူ ကာကွယ်ရန်မှတစ်ပါး အခြားရွေးချယ်စရာ မရှိခဲ့ပေ။ အမှောင်ထုကြေးမုံထဲမှ ကြည့်လိုက်ရာ အဖြူရောင် အလင်းတန်းများက ကိုင်လီရှိရာသို့ အရှိန်အဟုန်နှင့် ပျံ့နှံ့သွားသည်ကို မြင်လိုက်လျှင် ကိုင်လီကို ကတ်ပုံစံ ချက်ချင်း ပြန်သိမ်းလိုက်သည်။

ဖြူဖွေး တောက်ပနေသော အလင်းရောင်များသည် ပတ်ဝန်းကျင်ရှိ အရာအားလုံးအား ဝါးမျိုသွားသည်ကို မြင်လိုက်လျှင် လင်းဟွမ်မျက်နှာ ဖြူဖျော့သွားသည်။

"ဒါတကယ် ဆိုးတယ်.....။ သေပြီးတာတောင် ကိုယ့်ကိုကိုယ် ပေါက်ကွဲအောင် အသက်သွင်းနိုင်သေးတာပဲ"

လင်းဟွမ်၏ နောက်ကျောတွင် ချွေးစေးများ စို့ရွှဲနေသည်။ တီရှပ် အင်္ကျီတစ်ခုလုံးပင် စိုနေသည်။ သူသာ စက္ကန့်ပိုင်းမျှ နှေးကွေးခဲ့လျှင် ငရဲဝိညာဉ်၏ အဖြူရောင် အလင်းများကြောင့် သတ်ဖြတ်ခြင်း ခံရနိုင်သလို ကိုင်လီကိုပင် ဆုံးရှုံးသွားနိုင်သည်။

“ဒီလို ပြိုင်ဘက်မျိုးနဲ့ကြုံရင် ပို သတိထားရမယ်”

သွေးရဲရဲလေး၏အသံက လေးနက်နေသည်။

“သတ်ကို သတ်ရမယ်”

လင်းဟွမ်သည် သေလုနီးပါး ဖြစ်ခဲ့သဖြင့် ဒေါသ ပေါက်ကွဲနေသည်။

ခန္ဓာကိုယ် နောက်တစ်ကြိမ် ဖွဲ့စည်းလာသည်ကို မြင်လျှင် ကြောက်ရွံ့ခြင်းမရှိဘဲ ဘေးနားတွင် မတ်တပ်ရပ်နေသည်။

၎င်းက ခန္ဓာကိုယ် ဖွံ့စည်းပြီးသည်နှင့် တပြိုင်နက် လင်းဟွမ်အား ရန်စသောအပြုံးကို ပြုံးပြနေသေးသည်။ သို့သော်လည်း ချက်ချင်း ဖောက်ခွဲရန် မဖြစ်နိုင်ပေ။

လင်းဟွမ်က အချိန်မဆိုင်းဘဲ သတ်ပစ်လိုက်သည်။

ယခုတစ်ကြိမ်၌ ငရဲဝိညာဉ်၏ ကိုယ့်ကိုကိုယ် ဖောက်ခွဲခြင်းက ပို၍ ကြောက်စရာ ကောင်းလာသည်။ အသတ်ခံရသည်နှင့် ချက်ချင်း အသက်သွင်းလိုက်သည်။ သို့သော်လည်း လင်းဟွမ်က ထိုအရာအတွက် ပြင်ဆင်ထားခဲ့သည်။ ထွက်ပြေးဖို့ပင် စိတ်မကူးဘဲ မူလနေရာမှာပင် အမှောင်ထုကြေးမုံကို ချက်ချင်း

အသက်သွင်းလိုက်ပြီး ခံစစ်စက်လုံးကို အချင်းဝက် (၁) မီတာအထိ ကျုံ့ထားသည်။

ပေါက်ကွဲမှု အလယ်ဗဟို၏ အနီးအနားတွင် ရှိသော်လည်း ငရဲဝိညာဉ်၏ ကိုယ့်ကိုကိုယ် ဖောက်ခွဲမှုကို ကြံ့ကြံ့ခံနိုင်ခဲ့သည်။

ငရဲဝိညာဉ်က မည်ကဲ့သို့ ပြုမူပါစေ လင်းဟွမ်သည် အထိုင်ချထားခြင်းကို လက်မလျော့ခဲ့ချေ။ ပေါက်ကွဲမှု အားလုံးကို ဖြတ်ကျော်နိုင်ခဲ့သည်။

ပေါက်ကွဲမှုအချို့ ပြီးဆုံးပြီးနောက် အမှောင်ထု ကြေးမုံ၏ ခံစစ်နယ်ပယ်က ကွဲအက်လာကာ သွေးရောင်တောက်ပနေသော အတောင်ပံ

အကာအကွယ်များကိုပင် ထိုးဖောက် ဝင်ရောက်လာခဲ့ပြီး လင်းဟွမ်၏ ခန္ဓာကိုယ်လည်း ဒဏ်ရာရသွားခဲ့သည်။ သို့သော်လည်း လင်းဟွမ်က မြင့်မြတ်သော ပြန်လည်ကုသခြင်း စွမ်းရည်နှင့် လျင်မြန်စွာ ကုသနိုင်ခဲ့သည်။

ဤကဲ့သို့ ပြုလုပ်ခြင်းဖြင့် ပြိုင်ဘက်ကို (၁၇) ကြိမ်မြောက် သတ်ဖြတ်နိုင်ခဲ့သည်။

(၁၇) ကြိမ်မြောက် အလောင်းကို ကိုယ့်ကိုကိုယ် ဖောက်ခွဲပြီးနောက် အပျက်အဆီးများ နေရာထဲတွင် အနက်ရောင် မြူခိုးများက နောက်တစ်ကြိမ် ပြန်လည် ဖွဲ့စည်းလာသည်ကို တွေ့လိုက်ရသည်။

လင်းဟွမ် မျက်မှောင်ကြုတ်နေသည်။ ခဏမျှပင် အကြည့် မလွဲခဲ့ချေ....။

အနက်ရောင် မြူခိုးများက လုံးဝ မဖွဲ့စည်းခဲ့ပေ။

လုံးဝ မဖွဲ့စည်းခဲ့သော်လည်း လင်းဟွမ်သည် ချမ်ရှင်း အဆောက်အဦးထဲတွင် အင်မော်တယ် အဆင့် (၉) နှစ်ယောက်ကို သတ်ပစ်ခဲ့သော ထွင်းဖောက်မြင်ရသည့် မွန်းစတား ဖြစ်ကြောင်း မှတ်မိလိုက်သည်။

၎င်း၏ခန္ဓာကိုယ် အစစ်အမှန်ကို ဖော်ထုတ်လိုက်ပြီ။

လင်းဟွမ်သည် အကြံများစွာဖြင့် ပြုံးလိုက်ပြီး အပြည့်အဝ ဖွဲ့စည်းလာသော မွန်းစတားကို မျက်လုံး ဒေါက်ထောက်ပြီး စိုက်ကြည့်လိုက်သည်။

# အခန်း(၇၆၂) - လက်တံများ၏ ကစားနည်း။

နောက်ဆုံး၌ ခန္ဓာကိုယ် ပျောက်ကွယ်သွားသည့်နေရာ၌ ထွင်းဖောက်မြင်နေရသော မွန်းစတားတစ်ကောင် ပျံ့ဝဲနေသည်။ မသိပါက လေထဲတွင် ကူးခတ်နေသော ရေကဲ့သို့ ဖြစ်နေပြီး သက်ရှိသတ္တဝါနှင့် လုံးဝ မတူပေ။ အရည်သက်ရှိသည် လက်တံများကို မဖွဲ့စည်းခင်အထိ ၎င်းက ကမ္ဘာမြေပေါ်မှ ရေခူများနှင့် (၅၀) ရာခိုင်နှုန်းခန့် ဆင်တူသည်။

နောက်ကြောင်းပြန် ကြေးမုံမှတစ်ဆင့် မွန်းစတား၏ ပုံပန်းသဏ္ဍာန်ကို မြင်တွေ့ခဲ့ရသော်လည်း ၎င်း၏

ခန္ဓာကိုယ် အစစ်အမှန်ကို မြင်လိုက်ရသည့် အခိုက်အတန့်၌ တစ်နည်းတစ်ဖုံ စိတ်သက်သာရာ ရသွားသည်။ နောက်ဆုံးတော့ သူ၏ တကယ့်ပုံစံကို ဖော်ထုတ်လိုက်ပြီ။

ငရဲဝိညာဉ်သည် အနံ နှစ်မီတာပင် မရှိသော ရေခူပုံစံမျိုး ဖြစ်သည်။ သို့သော်လည်း ၎င်း၏လက်တံ တစ်ခုချင်းစီက အနည်းဆုံး (၇) မီတာရှည်ပြီး လက်တံပေါင်း ရာကျော်ပါရှိသည်။

လင်းဟွမ်သည် ငရဲဝိညာဉ်က ထိုလက်တံနှင့် လူသတ်သည်ကို မြင်ခဲ့ဖူးသည်။ ထိုလက်တံကို ကြည့်ပါက ပျော့ပျောင်းသော ပုံသဏ္ဍာန် ရှိသော်လည်း အထွတ်အထိပ်

အဆင့် ခေတ်ကြွင်းနှင့်ပင် ယှဉ်နိုင်သည်။ အလွန်ထက်ရှသည့် သတ်ဖြတ်ခြင်း လက်နက်တစ်ခုပင်...။

သို့သော်လည်း လင်းဟွမ် ထူးဆန်းနေသည့် အချက်မှာ ငရဲဝိညာဉ်၏ တိုက်ခိုက်ရေးအဆင့်က အင်မော်တယ်အဆင့် (၂) သာ ရှိသေးသောကြောင့်ပင် ။

ယခင်က ပြောင်းလဲခဲ့သော ခန္ဓာကိုယ် အများစုထက်ပင် အားနည်းနေသေးသည်။

'ဒါဆိုရင် အင်မော်တယ် အဆင့် (၂) က မင်းရဲ့ တိုက်ခိုက်ရေး အဆင့်ပေါ့...'

လင်းဟွမ်က စိတ်ထဲမှ တွေးလိုက်သည်။

သို့သော်လည်း ထိုကဲ့သို့ တွေးနေစဉ် ငရဲဝိညာဉ်၏ တိုက်ခိုက်ရေးအဆင့်က စက္ကန့်ပိုင်းလေး အတွင်းမှာပင် အင်မော်တယ် အဆင့် (၆)သို့ မြင့်တက်လာခဲ့သည်။ သူနှင့် တိုက်ခိုက်ရေးအဆင့် တူသွားခဲ့ပြီ။

"ကြည့်ရတာ အရမ်း အစွမ်းထက်မယ့်ပုံပဲ..."

သူ အဆင့်မြှင့်တင်ပြီးနောက် ငရဲဝိညာဉ် တိုက်ခိုက်ရေး အဆင့် မြှင့်တင်ထားသော အလောင်းများက သူနှင့် မယှဉ်နိုင်ချေ။ သို့သော်လည်း ငရဲဝိညာဉ် အဆင့် မြှင့်တင်ပြီးနောက် ခြိမ်းခြောက်နိုင်စွမ်း ရှိလာကြောင်း ရိပ်မိလိုက်သည်။

ဤကဲ့သို့ ခံစားချက်မျိုး ပေးစွမ်းသည့် အဆင့်တူ ပြိုင်ဘက်မျိုးနှင့် တွေ့ကြုံရန် ခဲယဉ်းလှပေသည်။

ငရဲဝိညာဉ်က တိုက်ခိုက်ရေး အဆင့် မြှင့်တင်ပြီးသည်နှင့် လင်းဟွမ်ကို သေသေချာချာ စိုက်ကြည့်နေသည်။ ၎င်းသည် ရေခူပုံစံရှိ၍ မျက်လုံး မရှိသော်လည်း လင်းဟွမ်က အစာကွင်းဆက်၏ ထိပ်ဆုံးတွင် ရပ်တည်နေသော သားရဲတစ်ကောင်၏ စိုက်ကြည့်ခြင်းကို ခံနေရသလိုမျိုး ခံစားနေရသည်။ သေချာသည်မှာ ထင်ယောင်ထင်မှား ဖြစ်ခြင်း မဟုတ်ပေ။

ငရဲဝိညာဉ်က လေထဲတွင် လွင့်မျောနေပြီး လင်းဟွမ်ကို စိုက်ကြည့်နေသည်။ ခန္ဓာကိုယ် အနည်းငယ် လှုပ်ရှားသည်နှင့် ရေကဲ့သို့ ကြည်လင်နေသောအရာက ပို၍ပင် ကြည်လင်လာပြီး ထွင်းဖောက်မြင်ရကာ ပတ်ဝန်းကျင်နှင့် ပေါင်းစပ်သွားကာ လင်းဟွမ် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။

လင်းဟွမ်သည် သူ မြင်လိုက်ရသည့် ထူးဆန်းသော ဖြစ်စဉ်ကြောင့် မျက်မှောင် ကြုတ်သွားသည်။ မမြင်နိုင်သော်လည်း သူ၏ နယ်မြေပိုင်နက် အသိထဲတွင် ရှိနေသောကြောင့် အာရုံခံနိုင်သေးသည်။ အနည်းငယ် လှုပ်ရှားနေပုံပင်,,,

အမှန်မှာ ၎င်းလှုပ်ရှားရာ အရိပ်သာ ကျန်ရစ်ခဲ့သည်။ လင်းဟွမ်သည် ငရဲဝိညာဉ် လှုပ်ရှားပြီး သူ့ထံ ချဉ်းကပ်လာနေသည်ကို တစ်ချိန်လုံး စောင့်ကြည့် နေခဲ့သည်။ လေထုလှုပ်ရှား၍ ရှာတွေ့သွားမည်ကိုပင် ကြောက်ရွံ့နေပုံ ရသည်။ ထို့ကြောင့် ငရဲဝိညာဉ်၏ လှုပ်ရှားမှုက မမြန်ဆန်ပေ။ ၎င်း၏ လက်တံများက ပင့်ကူအိမ်ကဲ့သို့ လည်ပတ်နေကာ အသံဗလံ ထွက်ပေါ်ခြင်း လုံးဝ မရှိချေ။

လက်တံများက တိတ်တဆိတ် ရွေ့လျား၍ ရှေ့တိုးလာသည်။ ခဏအကြာ လင်းဟွမ်၏ အနောက်ဘက်သို့ ရောက်လာသည်။ ၎င်းက လက်တံကို

အနည်းငယ် ပိုမြင့်ပြီး လင်းဟွမ်၏ ဦးခေါင်း၊ ကျောရိုးနှင့် နှလုံးရှိရာကို တစ်ပြိုင်နက်တည်း တိတ်တဆိတ် ချိန်ရွယ်ထားသည်။

လင်းဟွမ် ခန္ဓာကိုယ်၏ အရေးကြီးဆုံး အစိတ်အပိုင်းများကို ထိုးဖောက် ဝင်ရောက်တော့မည့်ပုံပင်။

လင်းဟွမ်က ဘာမှမသိသလို ဟန်ဆောင်ကာ ဓါးကို ဆုပ်ကိုင်ထားပြီး မူလရှိနေသည့် လမ်းကြောင်းကိုသာ မျက်နှာမူထားပြီး ငရဲဝိညာဉ်ကို ခုခံရန် အသင့် ပြင်ထားသည်။ တစ်ချိန်တည်းမှာပင် လင်းဟွမ်က ဘယ်

၊ညာ လျှောက်ကြည့်ပြီး ငရဲဝိညာဉ် ဘယ်ရောက်နေကြောင်း မသိသလို ဟန်ဆောင်ထားသည်။

ငရဲဝိညာဉ် တိုက်ခိုက်ခါနီး၌ လင်းဟွမ်က ခန္ဓာကိုယ်ကို ရုတ်တရက်လှည့်၍ ကိုးရို့ကားရား အမူအရာနှင့် ရှောင်တိမ်း လိုက်သည်။ ထိုကဲ့သို့ မဟုတ်ပါက ထက်ရှသော လက်တံများက ခန္ဓာကိုယ်ထဲ ထိုးဖောက်ဝင်ရောက်လာတော့မည်။

ငရဲဝိညာဉ်သည် ၎င်း၏ ပြင်းထန်သော တိုက်ခိုက်မှုက ပစ်မှတ်နှင့် လွဲချော်သွားသဖြင့် ကြောင်သွားသည်။ တိုက်ခိုက်မှု စတင်သည့်အချိန်၌ ၎င်း၏အော်ရာကို အမြင့်ဆုံး အခြေအနေအထိ ဖုံးကွယ်ထားခဲ့သည်။

ထို့ကြောင့် မည်သည့်အချိန်ကမှ မလွဲချော်ခဲ့ဖူးချေ။ ထို့ကြောင့် လင်းဟွမ်က သူ၏တည်နေရာ အတိအကျကို သိနေသလားဟု သံသယ ဝင်လာသည်။

သို့သော်လည်း လင်းဟွမ်က ခုခံသော အနေအထားတွင် ရှိနေပြီး ထိတ်လန့်ကြောက်ရွံ့နေပုံရသည်။ သူသည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်နေပြီး ဘာမှမမြင်သလို ကျီးကြည့်၊ ကြောင်ကြည့် လိုက်ကြည့်နေသည်။

"ငါ့ကို ရှာတွေ့တယ်လို့ မထင်ဘူး...။ အန္တရာယ်ကို အလိုလို ခံစားမိတဲ့ ဗီဇအသိရှိလို့ ငါ့ရဲ့တိုက်ခိုက်မှုကို ရှောင်သွားတာပဲ ဖြစ်လိမ့်မယ်....."

ငရဲဝိညာဉ်သည် ပထမအကြိမ် တိုက်ခိုက်မှုက ပစ်မှတ်နှင့် လွဲချော်သွားပြီးနောက် နောက်တစ်ကြိမ် တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။ အရှေ့တိုးပြီး လင်းဟွမ် ခန္ဓာကိုယ်၏ ညာဘက်ခြမ်းကို ရွှေ့သွားသည်။ လက်တံပေါင်းများစွာက လင်းဟွမ် ခန္ဓာကိုယ်၏ အရေးကြီးသော အစိတ်အပိုင်းများကို နောက်တစ်ကြိမ် ချိန်ရွယ်လိုက်သည်။

တိုက်ခိုက်မှု မထိမှန်ခင် လင်းဟွမ်က ဘေးဘက်ကို နောက်တစ်ကြိမ် ခုန်ရှောင်ပြီး ငရဲဝိညာဉ်၏ ဒုတိယမြောက် တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်သည်။

ငရဲဝိညာဉ်သည် ဒုတိယ အကြိမ်မြောက် ပစ်မှတ်ကို လွဲချော်သွားသောအခါ သံသယ ဝင်လာသည်။

“တိုက်ခိုက်မှုကို ဘယ်လိုများ အောင်အောင်မြင်မြင် ရှောင်နိုင်တာလဲ…”

“ဟေ့ရောင်… မင်း သန်မာတယ်ဆို ထွက်လာစမ်း…။ သတ္တိရှိရင် မျက်နှာချင်းဆိုင် တိုက်ခိုက်စမ်း…. ဟွန့်… ဒီလိုမျိုး တိတ်တဆိတ် အလစ်ချောင်းတိုက်ခိုက်ပြီး မင်းကိုယ်မင်း သန်မာတယ်လို့ ထင်နေတာလား…”

လင်းဟွမ်က ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြီး ရန်စသောအသံနှင့် အော်ဟစ်လိုက်သည်။

သူ့ အမူအရာကြောင့် ငရဲဝိညာဉ်သည် သံသယ မဝင်တော့ဘဲ ခေါင်းရှုပ်သွားသည်။

ငရဲဝိညာဉ်သည် ပစ်မှတ်ကို နှစ်ကြိမ်တိုင်တိုင် လွဲချော်ပြီးနောက် ချက်ချင်း မတိုက်ခိုက်တော့ပေ။ ထိုအစား မူလနေရာမှာပင် ရပ်နေပြီး လင်းဟွမ်ကို ခေတ္တမျှ စိုက်ကြည့်နေသည်။ မကြာခင် အစီအစဉ်အသစ် ချမှတ်လိုက်ပုံ ရသည်။

ဤတစ်ကြိမ်တွင် လင်းဟွမ်နှင့် (၁၀) မီတာအကွာကို ဆုတ်ခွာသွားပြီး မတိုက်ခိုက်သေးချေ။ ထိုအစား လက်တံများသည် နွယ်ပင်ကဲ့သို့ ဖြည်းဖြည်းချင်း

ဆန့်ထွက်လာသည်။ သတိမထားမိပါက မြေပေါ်တွင် ပျံ့ဝဲနေသော မြွေကလေးများနှင့်ပင် ဆင်တူနေသည်။

လင်းဟွမ်သည် ငရဲဝိညာဉ်က ဘာလုပ်ရန် ကြံနေကြောင်း ချက်ချင်း သိလိုက်သည်။ ၎င်းက လက်တံများကို ဖြန့်ထုတ်ပြီး လင်းဟွမ်၏ ရှောင်ရှားမှုကို ကန့်သတ်ချင်နေသည်။ ထို့နောက် လက်တံများနှင့် တိတ်တဆိတ် ချုပ်နှောင်မည်။ ထိုကဲ့သို့ဆိုလျှင် သေချာပေါက် အသတ် ခံရမည်။

လင်းဟွမ်၏ မျက်နှာပေါ်တွင် အမူအရာ ကင်းမဲ့နေသော်လည်း စိတ်ထဲတွင် အစီအစဉ်တစ်ခု ရှိနေသည်။ သူ့ဘယ်ဘက် လက်ချောင်းကြားတွင်

ကတ်တစ်ခု တိတ်တဆိတ် ပေါ်လာပြီး အနည်းငယ်ဖိလိုက်လျှင် ကတ်က ကြေမွသွားသည်။

နောက်ထပ် အခိုက်အတန့်၌ ငရဲဝိညာဉ်၏ လက်တံများသည် ဆန့်ထွက်လာပြီး လင်းဟွမ် ခြေထောက်အောက်ထဲ ဖြည်းဖြည်းချင်း တိုးဝင်လာသည်။ လင်းဟွမ်နှင့် (၁၀) စင်တီမီတာပင် မဝေးသော နေရာအထိ ရောက်လာသည်။ လင်းဟွမ်သည် တုံ့ပြန်ခြင်း လုံးဝ မရှိပေ။ လက်တံများသည် သူ့ခြေချင်းဝတ် တစ်ဝိုက်တွင် ရစ်ခွေလာသည်။

သူတို့ကို ဖယ်ရှားပစ်ချင်သည့်အခါ အလွန် နောက်ကျသွားခဲ့ပြီ။ ခြေထောက်ကို ရစ်ပတ်သော

လက်တံနှစ်ခုက ပိုမို တင်းကျပ်လာပြီး အပေါ်ဘက်သို့ အဆက်မပြတ် ရွေ့လျားလာသည်။ အခြားသော လက်တံများကလည်း လက်နှင့် လည်ပင်းကို ချုပ်နှောင်လာပြီး ထွက်ပြေး လွတ်မြောက်ရန် သို့မဟုတ် တန်ပြန် တိုက်ခိုက်ရန် မဖြစ်နိုင်ချေ။

လင်းဟွမ်ကို အောင်မြင်စွာ ချုပ်နှောင်ပြီးနောက် ငရဲဝိညာဉ်၏ ခန္ဓာကိုယ်သည် ဖုံးကွယ်နေသော အနေအထားမှ ဖြည်းဖြည်းချင်း ပြန်ပေါ်လာပြီး တစ်စိတ်တစ်ပိုင်း ထွင်းဖောက်မြင်ရသော ပုံစံကို ပြန်ရောက်သွားသည်။

"နောက်ဆုံးတော့ မင်းကို ဖမ်းမိပြီ..."

ငရဲဝိညာဉ်၏ ရေခူကဲ့သို့ ဖြစ်နေသော ခန္ဓာကိုယ်ပေါ်တွင် မျက်နှာတစ်ခု ဖြည်းဖြည်းချင်း ပေါ်လာသည်။

ဒါသည် ထွင်းဖောက်မြင်ရသော နံရံပေါ်တွင် လူသားတစ်ယောက်ပုံစံ ထွင်းထုထားသည်နှင့် တူနေသည်။ ထွင်းထုထားသော မျက်နှာကြီးမှ နှုတ်ခမ်း ပွင့်ဟလာပြီး ရာနှင့်ချီသော အမျိုးသား အမျိုးသမီး များစွာ၏အသံကို ကြားလိုက်ရသည်။

"ငါက မတူညီတဲ့ ကျောက်စရစ်ခဲ ကမ္ဘာပေါင်း များစွာမှာ နတ်ဘုရားမျိုးစေ့ (၃,၀၀၀) ထက်ပိုပြီး ထုတ်လွှတ်ထားပြီးပြီ။ ဒီမျိုးစေ့တွေက ကြီးထွားလာတဲ့

အဆင့်မှာ မရေမတွက်နိုင်တဲ့ ပြိုင်ဘက်တွေနဲ့ ရင်ဆိုင်ရလိမ့်မယ်။ ပြိုင်ဘက်တွေ ကြားထဲမှာတော့ မင်းက တိုက်ခိုက်ရေးအဆင့် အနိမ့်ဆုံးတစ်ကောင်ပဲ။ ဒါပေမယ့် အကိုင်တွယ်ရ အခက်ဆုံးကလည်း မင်းပဲ။ "

"နတ်ဘုရား သွေးမျိုးစေ့တွေရဲ့ အလောင်းကို မင်းကိုယ်တိုင် ဖျက်ဆီးခဲ့တယ်။ ဒါပေမယ့် မင်းရဲ့ ခန္ဓာကိုယ်က မင်းဖျက်ဆီးတဲ့ ခန္ဓာကိုယ်တွေထက် ပိုသာနေလို့ အဆင်ပြေပါတယ်။ အခုတော့ မင်း ခန္ဓာကိုယ်ကို အပိုင်သိမ်းတော့မယ်။ ငါ ခံစားခဲ့ရတဲ့ ဒုက္ခတွေက ဒါနဲ့ဆိုရင် ဘာမှ မဟုတ်တော့ဘူး..."

စကားပြောပြီးသည်နှင့် ငရဲဝိညာဉ်၏ လက်တံနှစ်ခုက ဆူးချွန်ကဲ့သို့ ပြောင်းလဲသွားပြီး လင်းဟွမ်၏ ဘယ်ဘက်မျက်လုံးထဲ ထိုးဖောက် ဝင်ရောက်သွားကာ ဦးနှောက်ထဲ ရောက်သွားသည်။